# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၅ ရက်　၂၀၁၅ ခုနှစ်၊ ဇွန် ၂၁ ရက်၊ တနင်္ဂနွေနေ့၊　အတွဲ [၅၄]၊ အမှတ် [၂၅၉]


စည်းလုံးညီညွတ်ပါက ဘေးရန်အန္တရာယ်ကို ကြံကြံခံပြီး ကျော်လွှားနိုင်။
စည်းလုံးညီညွတ်မှုပြိုကွဲပါက အသက်အန္တရာယ်အထိ ကျရောက်နိုင်။

(မြတ်ဗုဒ္ဓ၏ ဝဇ္ဇကဇာတ်တော်)

# မြန်မာ့အားကစားကို နိုင်ငံတကာအလယ်တွင် နေရာရရှိစေရန် ဆက်လက်ကြိုးပမ်း




နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဧည့်သည်တော်များ (၂၈)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်များ ဆွတ်ခူးရရှိခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

**နေပြည်တော် ဇွန် ၂၀**

နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများအား ဂုဏ်ထူးဆောင်လက်မှတ် ချီးမြှင့်ခြင်းနှင့် ဂုဏ်ပြုညစာ စားပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂၅ ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်၍ ဂုဏ်ပြု အမှာစကားပြောကြားသည်။

အဆိုပါ ဂုဏ်ပြုပွဲအခမ်းအနားသို့ နိုင်ငံတော်သမ္မတနှင့်အတူ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမြသိန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေး၊ စာမျက်နှာ ၈ ကော်လံ ၁ ❋

**အားကစားနှင့် ပညာရေးပေါင်းစပ်မှုအစီအစဉ်များအဖြစ် အခြေခံမှ တက္ကသိုလ်အဆင့်ထိ ပူးပေါင်းလေ့ကျင့် ပြုစုပျိုးထောင်မှုများ ပြုလုပ်လျက်ရှိ၊ မကြာမီတွင် အားကစားတက္ကသိုလ်ကြီးတစ်ခု ထူထောင်ဖွင့်လှစ်နိုင်ရန် စီစဉ်လျက်ရှိ။**

## ■ နိုင်ငံတကာ

**တောင်ကိုရီးယားတွင် မားစ်ရောဂါကြောင့် သေဆုံးသူ ၂၄ ဦးအထိရှိလာ**

စာမျက်နှာ ❖ ၄

## ■ နိုင်ငံတကာရေးရာသုံးသပ်ချက်

**လက်တင်အမေရိကတစ်လွှား အရှိန်အဟုန်ဖြင့် ကြီးထွားလာသည့် တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများ**

စာမျက်နှာ ❖ ၅

## ■ ပြည်တွင်း

**ဆိပ်ကမ်းရောက်ပျမ်းမျှအရင်းဈေး တက်သော်လည်း အောက်တိုန်း ၉၂ ဈေးကွက်တွင် ယခင်ဈေးနှုန်းအတိုင်းရောင်းချ**

စာမျက်နှာ ❖ ၁၂




# သဘာဝဘေးကြိုတင်ပြင်ဆင်

ယခုနှစ်မြန်မာနိုင်ငံ၏ ရာသီဥတုအခြေအနေသည် အနည်းငယ် ထူးခြားမှုများရှိနေပါသည်။ မုတ်သုံအဝင်နောက်ကျခြင်း၊ မိုးဦးကာလတွင် လေပြင်းများတိုက်ခတ်ခြင်း၊ မိုးသီးများကြွေကျခြင်း၊ မကြာခဏ မိုးကြိုးပစ်မှုများဖြစ်ပေါ်ခြင်းစသော ရာသီဥတုဖောက်ပြန်မှုများကို တွေ့ရပါသည်။ ဤသည်ကား ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု၏ အကျိုးဆက်ဟု ပညာရှင်များကဆိုကြပါသည်။

ကမ္ဘာ့ရာသီဥတုပြောင်းလဲဖောက်ပြန်မှုများ၏အကျိုးဆက်အဖြစ် မိုးခေါင်ခြင်း၊ ရေကြီးခြင်း၊ မုန်တိုင်းများဖြစ်ပေါ်ခြင်းများ ဖြစ်ပေါ်တတ်ပါသည်။ ဤသို့ သဘာဝဘေးအန္တရာယ်များကျရောက်မှုအန္တရာယ်မှ ကင်းဝေးအောင် လူသားတို့အနေဖြင့် ကြိုတင်ကာကွယ်ခြင်းဖြင့်သာ အနိုင်ယူနိုင်မည်ဖြစ်ပါသည်။ သဘာဝဘေးအန္တရာယ်ကို ကြိုတင်ခန့်မှန်းတွက်ဆနိုင်သော်လည်း ကြိုတင်ပြင်ဆင်ထားခြင်းမရှိလျှင် ထိခိုက်ပျက်စီးမှုများ ပိုမိုဖြစ်ပွားနိုင်ပါသည်။ ကြိုတင်ပြင်ဆင်မှုများကသာ သဘာဝဘေးအန္တရာယ်ကျရောက်မှုကို အနိုင်ယူနိုင်မည်ဖြစ်ပါသည်။

မိုးအဆက်မပြတ်ရွာသွန်းမှုများကြောင့် ဖြစ်ပေါ်တတ်သော ရုတ်တရက်ရေကြီးခြင်း၊ မြေပြိုခြင်း၊ မုန်တိုင်းများ ကျရောက်ခြင်းတို့အတွက် ကြိုတင်ပြင်ဆင်ထားခြင်း၊ သရုပ်ပြ လေ့ကျင့်ခြင်း၊ ပညာပေးဟောပြောခြင်းတို့ကို ဒေသအလိုက် အစီအမံများချမှတ်ကာ ဆောင်ရွက်ထားသင့်ပါသည်။ မတော်တဆ သဘာဝဘေးအန္တရာယ်တစ်ခုခု ကျရောက်ပါက ရှောင်ရန်၊ ဆောင်ရန်များ သိရှိထားသင့်ပါသည်။ သို့မှသာ သဘာဝဘေးအန္တရာယ်ကို ကြံ့ကြံ့ခံကာကွယ်နိုင်မည်ဖြစ်ပါသည်။

မုန်တိုင်းများကျရောက်မှု သဘာဝဘေးအန္တရာယ်ကို ဧရာဝတီတိုင်းဒေသကြီးသည် အများဆုံးရင်ဆိုင်ရသော ဒေသတစ်ခုဖြစ်ပါသည်။ ထို့ကြောင့်လည်း ၂၀၀၈ ခုနှစ်တွင် တိုက်ခတ်ခဲ့သော နာဂစ်မုန်တိုင်းအပြီး နိုင်ငံတော်က မုန်တိုင်းဒဏ်ခံအဆောက်အအုံ (Cyclone Shelter) များ တည်ဆောက်ပေးခဲ့ရာ ဧရာဝတီတိုင်းဒေသကြီးအတွင်း ၅၄ လုံး တည်ဆောက်ပေးနိုင်ခဲ့ပြီဖြစ်ပါသည်။ ထပ်မံ၍လည်း ဒေသခံပြည်သူများ၏တောင်းဆိုမှုအရ မုန်တိုင်းဒဏ်ခံအဆောက်အအုံ ၄၅ လုံး ထပ်မံတည်ဆောက်ပေးရန် စီစဉ်နေကြောင်း သိရသည်။

၂၀၀၈ခုနှစ် နာဂစ်မုန်တိုင်းသည် လူပေါင်းသိန်းကျော် သေပျောက်ခဲ့ရသည့် အဖျက်စွမ်းအားကြီးမားသော မုန်တိုင်းတစ်ခုဖြစ်ပါသည်။ ထိုမုန်တိုင်းသည် မြန်မာနိုင်ငံအတွက် သင်ခန်းစာကောင်းစွာရရှိခဲ့ပြီး နောက်ပိုင်းဝင်ရောက်လာသော မုန်တိုင်းများအတွက် အကောင်းဆုံး ပြင်ဆင်နိုင်ခဲ့ပါသည်။ ရခိုင်ပြည်နယ်အတွင်း ဝင်ရောက်ခဲ့သော ဂီရိမုန်တိုင်းဝင်ရောက်မှုကို အကောင်းဆုံးသောပြင်ဆင်မှုများဖြင့် ထိခိုက်ပျက်စီးမှုအနည်းဆုံးဖြစ်အောင် ကာကွယ်နိုင်ခဲ့ပါသည်။ လွန်ခဲ့သည့် ဆယ်စုနှစ်အတွင်း မြန်မာနိုင်ငံသို့ မုန်တိုင်းများ ဖြတ်ကျော်ဝင်ရောက်မှု သိသိသာသာတိုးလာသည်ဟု ပညာရှင်များက သုံးသပ်ထားပါသည်။ ထို့ကြောင့်လည်း မြန်မာနိုင်ငံသည် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကြောင့် ကြုံတွေ့ရသော သဘာဝဘေးအန္တရာယ်အခံရဆုံး ထိပ်ဆုံးနိုင်ငံများတွင် ပါဝင်လာကြောင်းဖြင့်လည်း ပညာရှင်များက သုံးသပ်ထားပါသည်။ သို့ဖြစ်၍ သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်မှုများလျော့ပါးသက်သာစေရေးအတွက် ပြည်သူတစ်ရပ်လုံးက နိုးကြားသော အသိ၊ တက်ကြွသော ပူးပေါင်းဆောင်ရွက်မှုများဖြင့် ကြိုတင်ပြင်ဆင်ကာကွယ်ရေးကို အရှိန်မြှင့်တင်လုပ်ဆောင်ထားသင့်ပါကြောင်း။ ။



# အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် အောက်တိုဘာလကုန်/နိုဝင်ဘာလဆန်းတွင် ကျင်းပမည်

**မဲဆန္ဒရှင်များ မဲပေးသင့်သည်၊ မဲပေးမည်ဆိုပါက သင့်အမည် မဲစာရင်းတွင် ပါရန်လိုသည်။**

## တရားလွှတ်တော်တရားသူကြီးချုပ် သာယာဝတီအကျဉ်းထောင်ကို ကြည့်ရှုစစ်ဆေး

**ပဲခူး ဇွန် ၂၀**

ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးမောင်မောင်ရွှေသည် ဇွန် ၁၈ ရက်က သာယာဝတီမြို့ အကျဉ်းထောင်ကို သွားရောက်စစ်ဆေးခဲ့သည်။ သာယာဝတီအကျဉ်းထောင် အစာရှိရုံးခန်း၌ သာယာဝတီ အကျဉ်းထောင် တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်စစ်အောင်က အကျဉ်းသားများ၊ အချုပ်တရားခံများ၏ အခြေအနေ၊ နေထိုင်စားသောက်မှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ သောက်သုံးရေရရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။



ထို့နောက် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်သည် အကျဉ်းထောင်အတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးပြီး အကျဉ်းသားများနှင့် အချုပ်တရားခံများ၏ နေရာထိုင်ခင်း သက်သာချောင်ချိမှု၊ သန့်ရှင်းမှုနှင့် အာဟာရ သင့်တင့်မျှတမှု ရှိ မရှိ၊ ကျန်းမာရေး ပြည့်စုံမှုနှင့် ဆေးကုသရန် အခွင့်အရေး ရှိ မရှိ၊ အမျိုးသမီးအကျဉ်းသားများကို လုံခြုံစွာထားရှိမှုနှင့် အမျိုးသမီးအဖော် အစောင့်အရှောက်ဖြင့် ထားရှိမှု ရှိ မရှိ၊ အကျဉ်းသားများနှင့် အချုပ်တရားခံများအပေါ် နှိပ်စက်ညှဉ်းပန်းမှု၊ မတရားပြုမှု ရှိ မရှိတို့ကို စစ်ဆေးကြည့်ရှု၍ တင်ပြချက်များအပေါ် ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သန့်စင်(ပဲခူး)**



နမ်းမီးချောင်းတံတားကို တွေ့ရစဉ်။

ထင်သာမြင်သာပြုပြင်စရာ

## နမ်းမီးချောင်းတံတားကြီး ပြန်လည်ပြုပြင်ပေးရန်လိုအပ်

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် နမ်းမီးချောင်း ပေါင်းကူးတံတားကြီးသည် ကုန်းခါးရွာနှင့် မော်လူးသို့ ဆက်သွယ်သွားလာရာတွင် အဓိက တံတားကြီးဖြစ်သကဲ့သို့ ကျေးရွာဒေသခံများ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးလုပ်ငန်းများအတွက် အလွယ်တကူ ဆက်သွယ်သွားလာနိုင်ရန် ပေါင်းကူးဆောက်လုပ်ထားသည့် တံတားကြီးတစ်စင်း ဖြစ်သည်။

ယခင်ကာလများက ယင်းတံတားကြီးကြောင့် ဒေသခံများ အဆင်ပြေချောမွေ့မှုများရှိခဲ့သော်လည်း ယခုအခါ ကာလရှည်ကြာလာသည်နှင့်အမျှ တံတားကြမ်းခင်းများသည် ချွတ်ယွင်းပျက်စီးလာပြီဖြစ်သဖြင့် ပြန်လည်ပြုပြင်ပေးရန်လိုအပ်နေကြောင်း သိရသည်။

(၀၀၂)

## ရပ်ကွက်နှင့် ကျေးရွာအုပ်စုများ၏ မဲစာရင်းပုံစံ(၁)ပေးအပ်

**မိုးမောက် ဇွန် ၂၀**

ကချင်ပြည်နယ် မိုးမောက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇွန် ၁၉ ရက်က ရပ်ကွက်နှင့် ကျေးရွာအုပ်စုများ၏ မဲစာရင်း ပုံစံ(၁) ပေးအပ်ပွဲ အခမ်းအနားကျင်းပရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသောင်းရွှေက အမှာစကား ပြောကြားသည်။

ထို့နောက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူး ဦးရွှေထွန်းက မိုးမောက်မြို့နယ် ဒေါ့ဖုန်းယန်မြို့၊ လွယ်ဂျယ်မြို့များမှ ရပ်ကွက်၊ ကျေးရွာကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများကို အခြေခံမဲစာရင်း ကြေညာခြင်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး မိုးမောက်မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများ၌ ဇွန် ၂၂ ရက်မှ ဇူလိုင် ၅ ရက်အထိ ၁၄ ရက်ကြာ အခြေခံမဲစာရင်းများ ကြေညာမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၀-၆-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၂၉၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၈၆၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၃၄၂၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၇၁၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၇၅၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၈၂၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၇၅၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၀၀၀-၄၅၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၆၀၀၀-၈၀၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၇၀၀၀-၁၂၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၈၀၀၀-၂၅၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၇၀၀၀-၁၈၀၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၆၀၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၀၀၅ |
| ဥရောပ | တစ်ယူရို | ၁၁၄၈.၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၂၁.၅၃ |
| ထိုင်း | တစ်ဘတ် | ၃၂.၈၄၈ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၃၁၈ |
| တရုတ် | တစ်ယွမ် | ၁၇၈.၀၆ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၆.၂၁ |

# ပညာခေတ်တွင် နည်းပညာစိန်ခေါ်မှုများ ကျော်လွှားနိုင်ရန် တပ်မတော်က တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်



**နေပြည်တော် ဇွန် ၂၀**

ရှမ်းပြည်နယ် (အရှေ့ပိုင်း)ရှိ တက္ကသိုလ်ကျောင်းများနှင့် အခြေခံပညာကျောင်းများအတွက် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် အလှူရှင်များက ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၁၉ ရက် ညနေ ၃ နာရီ ၁၀ မိနစ်က ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌ကျင်းပရာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက် အမှာစကားပြောကြား၍ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

အဆိုပါ အခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်သန်းထွန်း နှင့် တပ်မတော်အရာရှိကြီးများ၊ တြိဂံဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် သန်းထွန်းဦး၊ ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံ တိုင်းရင်းသားများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြောင်းလဲလျက်ရှိသည့် နည်းပညာခေတ်နှင့်အတူ အမီလိုက်ပါနိုင်ရေးအတွက် နိုင်ငံတော်သမ္မတ ဦးဆောင်သော အစိုးရနှင့် ပညာရေးဝန်ကြီးဌာနတို့က မြန်မာ့ပညာရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် မျက်မှောက်ကာလဖြစ်သော ပညာခေတ်၏စိန်ခေါ်မှုကို ရင်ဆိုင်နိုင်မည့် အစဉ်လေ့လာ သင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းကို ဖန်တီးပေးနိုင်သည့် ပညာရေးစနစ်တစ်ခုဖြစ်ထွန်းလာစေရန် ဆောင်ရွက်နေမှုများတွင် ဆရာ ဆရာမများအနေဖြင့် တပည့်သား၊ သမီးများအပေါ် နည်းစနစ်မှန်ကန်စွာ နာသုံးနာထားရှိ၍ အတန်းပညာအလိုက် တတ်မြောက်အောင် သင်ကြားပို့ချရေးနှင့် ဆရာ ဆရာမများအနေဖြင့်လည်း ပညာရပ်များအား အစဉ်လေ့လာဆည်းပူးရေး၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)အနေဖြင့် အခြေခံပညာအထက်တန်းအောင်ချက် ရာခိုင်နှုန်းအပေါ် အားသာချက်၊ အားနည်းချက်များအား ပြန်လည်သုံးသပ်လျက် ကျောင်းသား၊ ဆရာ၊ မိဘများနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ ပံ့ပိုးကူညီနိုင်မည့် အလှူရှင်များပူးပေါင်း၍ အောင်ချက်မြင့်မားရေးအတွက် ကြိုးစားဆောင်ရွက်သွားရေး၊ ပညာခေတ်တွင် နည်းပညာစိန်ခေါ်မှုများ ကျော်လွှားနိုင်ရန် ပညာရည်မြင့်မားစေရေးအတွက် တပ်မတော်က တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်နေမှုအခြေအနေများ၊ တပ်မတော်သားများနှင့် မိသားစုဝင်သား၊ သမီးများ ပညာရည်မြင့်မားစေရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက တက္ကသိုလ်များနှင့် အခြေခံပညာကျောင်းများအတွက် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ ထောက်ပံ့ပေးအပ်ရာ ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူးက လက်ခံရယူသည်။

ဆက်လက်၍ အဖွဲ့ဝင်များအဖြစ် လိုက်ပါလာသော တပ်မတော်အရာရှိကြီးများက ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ ထောက်ပံ့ပေးအပ်ကြရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယင်းနောက် မြို့မိမြို့ဖတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ထို့နောက် အခမ်းအနားအပြီးတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များက တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး သူနာပြုသင်တန်းကျောင်းမှ နည်းပြများနှင့် သင်တန်းသားများအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့်အတူ ကုမ္ပဏီများက ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်း အလုံး ၆၀ ကာလတန်ဖိုးကျပ်သိန်းပေါင်း ၃၅၀ လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

# ဒုတိယအကြိမ် မဲခေါင်ဒေသတွင်း လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာလုပ်ငန်းအဖွဲ့ (COMMIT Task Force) အစည်းအဝေးကျင်းပ

**နေပြည်တော် ဇွန် ၂၀**

မြန်မာနိုင်ငံ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ မဲခေါင်ဒေသတွင်း လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ (Coordinated Mekong ministerial Initiative Against Trafficking Task Force) အစည်းအဝေးကို ဇွန် ၁၉ ရက် နံနက် ၉ နာရီခွဲက မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ ဒုတိယရဲချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ပထမအကြိမ်ပြုလုပ်သည့် COMMIT Task Force အစည်းအဝေးမှ ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများဖော်ထုတ်ကာ ၂၀၁၅ ခုနှစ် Annual Work Plan ကို ထုတ်ဝေနိုင်ခဲ့ပါကြောင်း၊ တက်ရောက်လာကြသည့် ဌာနဆိုင်ရာအသီးသီးနှင့် မိတ်ဖက်အဖွဲ့အစည်းများအနေဖြင့်လည်း မိမိကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်ရမည့်လုပ်ငန်းများကို သတ်မှတ်ကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်ရန်ဖြစ်ပါကြောင်း၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေ ပြန်လည်ပြင်ဆင်နိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းနေသည့်နှစ်ဖြစ်သဖြင့် COMMIT Task Force အဖွဲ့ဝင်များနှင့် HTWG အဖွဲ့ဝင်များမှ စဉ်ဆက်မပြတ်အကြံပြုပေးရမည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် လူကုန်ကူးခံရသူများအတွက် ကြိုတင်ကာကွယ်ရေး၊ ပြန်လည်လက်ခံရေးနှင့် ပြန်လည်ထူထောင်ရေး စသည့်လုပ်ငန်းစဉ်များအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ၂၀၁၅-၂၀၁၆ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုရန်ပုံငွေမှ အင်ဒိုနီးရှားနိုင်ငံက ပြန်လည်ရောက်ရှိလာသည့် လူကုန်ကူးခံရသူ ၅၁၄ ဦးကို တစ်ဦးလျှင် ငွေကျပ်တစ်သိန်းစီ ထောက်ပံ့ပေးနိုင်ခဲ့ပါကြောင်း၊ COMMIT Task Force အဖွဲ့ဝင်များနှင့် HTWG အဖွဲ့ဝင်များအနေဖြင့် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရေး ဆွေးနွေးတိုင်ပင်ညှိနှိုင်းကြပါရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး COMMIT Task Force ဥက္ကဋ္ဌ ရဲမှူးချုပ် ဝင်းနိုင်ထွန်းက COMMIT ဒေသတွင်းလုပ်ငန်းစီမံချက်၊ ၂၀၁၅ ခုနှစ် လုပ်ငန်းစီမံချက်အပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို တင်ပြဆွေးနွေးသည်။ ထို့နောက် တက်ရောက်လာသူများက သက်ဆိုင်ရာကဏ္ဍအလိုက် အသီးသီးဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အငြိမ့်အစီအစဉ်များ ထုတ်လွှင့်ပြသမည်

**နေပြည်တော် ဇွန် ၂၀**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် Home (House of Media & Entertainment) တို့ ပူးပေါင်းထုတ်လုပ်သည့် **မြန်မာ့အငြိမ့်သဘင်ရေစီးကြောင်းအစီအစဉ်တွင်** အငြိမ့်ခေတ်ဦး ထိုင်ဆိုအငြိမ့်၊ မော်လမြိုင်မစိန်ငုံအငြိမ့်၊ ဦးချစ်ဖွယ်၊ ဒေါ်စိန်သုံးအငြိမ့်၊ မြခြေကျင်း မငွေမြိုင်အငြိမ့်၊




လေဘာတီမမြရင်အငြိမ့်၊ သြဘာသောင်းအငြိမ့်၊ ဥက္ကလာ မအေးကြည်အငြိမ့်၊ ဂီတမယ် လှကလေးစိန်အငြိမ့်၊ ဒဂုံခင်လှကြည်အငြိမ့်တို့ကို အပိုင်း(၇)ပိုင်းခွဲ၍ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ယင်းအငြိမ့် အစီအစဉ်များကို မြန်မာ့ရုပ်မြင်သံကြား သတင်းအစီအစဉ်တွင် အပတ်စဉ်သောကြာနေ့တိုင်း ည ၉ နာရီခွဲတွင် ပထမအကြိမ်နှင့် တနင်္လာနေ့ မွန်းလွဲ ၁ နာရီ မိနစ် ၅၀ တွင် ပြန်လည်ထုတ်လွှင့်ပြသခြင်းနှင့် ဖျော်ဖြေရေးအစီအစဉ်တွင် အပတ်စဉ် စနေနေ့ နံနက် ၈ နာရီခွဲတွင်လည်းကောင်း၊ မွန်းလွဲ ၂ နာရီခွဲတွင်လည်းကောင်း၊ ည ၈ နာရီခွဲနှင့် နံနက် ၂ နာရီခွဲတို့တွင် လေးကြိမ်ထုတ်လွှင့်ခြင်းတို့ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# နွေရာသီ အဆို၊ အကသင်တန်းဖွင့်

**မန္တလေး ဇွန် ၂၀**

မန္တလေးတိုင်းဒေသကြီး သဘင်အစည်းအရုံး အမေရိကန်အခြေစိုက် အနုပညာမြင့်မားရေးအတွက် ဖွဲ့စည်းထားသည့် Arts Mandalay Foundation ၏ကူညီပံ့ပိုးမှုဖြင့် နွေရာသီ အဆို၊ အကသင်တန်းဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၉ ရက်က မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ၄၂ လမ်း၊ ၈၃×၈၄ လမ်းကြားရှိ လောကနတ်ခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး သဘင်အစည်းအရုံးဥက္ကဋ္ဌ ဦးစိန်မောင်းက အမှာစကားပြောကြားပြီး ဆရာကြီး ဦးသန်းအောင်က သင်တန်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းအား စမ်းသပ်ကာလအဖြစ် တစ်လကို မန္တလေးမြို့ ရတနာပုံ မြို့သစ်ရှိ မင်းသားကိုဝင်းနောင်၏ သဘင်ခြံ၌ ဖွင့်လှစ်သွားမည်ဖြစ်ပြီး ဇာတ်သဘင်ပညာတတ်မြောက်ပြီးသား ဇာတ်သဘင်များတွင် ကပြဖျော်ဖြေနေသည့် မင်းသား၊ မင်းသမီး ၁၅ ဦး တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

သစ်တောသစ်ပင် တို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

# တောင်ကိုရီးယားတွင် မားစ်ရောဂါကြောင့် သေဆုံးသူ ၂၄ ဦးအထိရှိလာ

**ဆိုးလ် ဇွန် ၂၀**

တောင်ကိုရီးယားနိုင်ငံတွင်အရှေ့အလယ်ပိုင်း အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ (မားစ်)ဖြစ်ပွားမှုသည် စနေနေ့က ရောဂါကူးစက်မှု ရပ်တန့်သွားခဲ့ပြီး စုစုပေါင်း ၁၆၆ ဦး ရောဂါကူးစက် ခံထားရကြောင်း ကျန်းမာရေး ဝန်ကြီးဌာနက ပြောသည်။

တောင်ကိုရီးယားနိုင်ငံ၌ ဇွန် ၃ ရက်ကစတင်ကာ ပထမဆုံး မားစ်ရောဂါဖြစ်ပွားခဲ့ကြောင်း အဆိုပါ ဝန်ကြီးဌာနက ပြောကြားခဲ့သည်။ အဆိုပါ ပထမဆုံး ရောဂါဖြစ်ပွားသူမှတစ်ဆင့် လူပေါင်း ၃၀ ကျော်ကို ကူးစက်ခဲ့သည်ဟု ဆိုသည်။

ဒုတိယမြောက်ရောဂါကူးစက်မှု အများဆုံး ပုဂ္ဂိုလ်မှာ ၁၄ ဦးမြောက်လူနာဖြစ်ပြီး ၄င်းမှတစ်ဆင့် ဆိုးလ်မြို့ ဆမ်ဆောင်းဆေးရုံ၌ လူပေါင်း ၈၀ ခန့်ကို ရောဂါကူးစက်ပျံ့နှံ့ခဲ့သည်။



လောလောဆယ်တွင် ဗုဒ္ဓဟူးနေ့က ရှစ်ဦး၊ ကြာသပတေးနေ့က သုံးဦးနှင့် သောကြာနေ့တွင် တစ်ဦး ဖြစ်ပွားခဲ့ပြီး စနေနေ့တွင် ရောဂါ ထပ်မံဖြစ်ပွားမှုမရှိဟု ဆိုသည်။ စနေနေ့တွင် မားစ်ရောဂါကြောင့် သေဆုံးသူမရှိသော်လည်း တောင်ကိုရီးယားနိုင်ငံ၌ ယင်းရောဂါကြောင့် သေဆုံးသူ ၂၄ ဦးအထိ ရှိသွားပြီဖြစ်ကြောင်း သိရသည်။

(ဆင်ဟွာ)

# နီပေါနိုင်ငံ၌ ပြည်သူတစ်သန်းမျှ အစာရေစာပြတ်လပ်နေကြောင်း ကုလပြောကြား

**နီပေါ ဇွန် ၂၀**

နီပေါနိုင်ငံတွင် ငလျင်ပြင်းထန်စွာ လှုပ်ခတ်ခဲ့ပြီးနောက် ယခုအခါတွင် တစ်သန်းမျှသော ပြည်သူများ အစာရေစာမလုံလောက်မှုနှင့် ကြုံတွေ့နေရကြောင်း ကုလမှ ပြောရေးဆိုခွင့်ရှိသူ စတက်ဖနီ ဒူဂျာရက်က ပြောကြားသည်။

ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့က ငလျင်ဒဏ်သင့် လယ်သမားများကို ထောက်ပံ့ပေးသွားရန် လုပ်ဆောင်လျက်ရှိပြီး နီပေါနိုင်ငံအနေဖြင့် လယ်ယာလုပ်ငန်းကို အားထားသည့် စိုက်ပျိုးရေးနိုင်ငံ ဖြစ်သည့်အလျောက် ငလျင်လှုပ်ခတ်ခဲ့ခြင်းကြောင့် အဓိက အားထားရသည့် ကျွဲနွား ၁၆ ရာခိုင်နှုန်းမျှနှင့် မွေးမြူရေးလုပ်ငန်း ၃၆ ရာခိုင်နှုန်းမျှ ပျက်စီးဆုံးရှုံးခဲ့ရကြောင်း သိရသည်။

နီပေါတွင် ထိခိုက်မှုအများဆုံးဖြစ်သည့် အဓိကနယ်မြေ ခြောက်ခုတွင် FAO က အမေရိကန် ဒေါ်လာ သန်း ၂၀ ကူညီထောက်ပံ့ ပေးထားပြီး ယင်းဒေသများတွင် အိုးအိမ်၊ လယ်ယာ၊ သိုလှောင်ထားသော အရာများ တစ်ဝက်ကျော်မျှ ဆုံးရှုံးခဲ့ရသည်။

သီးနှံ စိုက်ပျိုးသည့်ရာသီတွင် စိုက်ပျိုးရာ၌ လိုအပ်သော မျိုးစေ့များ၊ မြေဩဇာများ၊ ရေသွင်း စိုက်ပျိုးရန်နှင့် နည်းပညာပိုင်း ပံ့ပိုးပေးသွားရန် ပိုမိုလိုအပ်ကြောင်း တိုက်တွန်းထားသည်။

ယခုအချိန်ထိ FAO က အရေးပေါ် ပြန်လည်ထူထောင်ရေးအတွက် ဒေါ်လာ သုံးသန်း လက်ခံရရှိထားပြီး တောင်းခံထားသည့် ၂၃ သန်း၏ ၁၃ ရာခိုင်နှုန်းကို ရရှိပြီးဖြစ်ကာ လိုအပ်ချက်များကို ထောက်ပံ့ ပေးအပ်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

(ဆင်ဟွာ)

# နယူးယောက် အကျဉ်းသားနှစ်ဦး ထွက်ပြေးလွတ်မြောက်မှုကြောင့် အကျဉ်းထောင်အရာရှိအား ရာထူးခေတ္တချထား

**နယူးယောက် ဇွန် ၂၀**

ပြီးခဲ့သည့် နှစ်ပတ်နီးပါးအကြာက လူသတ်မှုဖြင့် ပြစ်ဒဏ်ကျနေသော အကျဉ်းသားနှစ်ဦး ထွက်ပြေးလွတ်မြောက်မှုအတွက် နယူးယောက် အကျဉ်းထောင် အရာရှိအား သောကြာနေ့က ရာထူးခေတ္တချထားလိုက်ကြောင်း အာဏာပိုင်များက ပြောခဲ့သည်။

တရားခံပြေး နှစ်ဦးဖြစ်သည့် ရစ်ချတ်မက်သ်နှင့် ဒေးဗစ်ဆွဲတို့အား အလိုရှိသူ ၁၅ ဦးစာရင်းတွင် ထည့်သွင်း၍ ဝရမ်းထုတ်ထားပြီး လွတ်မြောက်သွားသည့် တရားခံများအား ရှာဖွေသည့်အဖွဲ့က တစ်နိုင်ငံလုံး ဖြန့်ကြက်၍ ဝိုင်းဝန်းရှာဖွေလျက်ရှိရာ ၁၄ ရက် ကြာခဲ့ပြီဖြစ်သည်။ အများစုကမူ တရားခံပြေးများသည် သစ်တောထူထပ်သည့် နယူးယောက်ရှိ အာဒရီယွန်ဒက်တောင်တန်းများနှင့် ဗားမောင့်ဂရင်း တောင်တန်းများတွင် ခိုအောင်းနေသည်ဟု ယူဆကြသည်။

ကလင်တန် အကျဉ်းထောင်မှ အကျဉ်းသားများအတွက် ထွက်ပြေးလွတ်မြောက်မှုကို စုံစမ်းစစ်ဆေးသည့်အနေဖြင့် အကျဉ်းထောင် အုပ်ချုပ်ရေးအရာရှိအား ယမန်နေ့ညနေက ရာထူးမှရပ်စဲခဲ့ကြောင်း နယူးယောက်ရှိ ပြစ်ဒဏ်စီရင်ရေးနှင့် ကြီးကြပ်ကွပ်ကဲမှုဌာနက ပြောကြားခဲ့သည်။ အခြားသော အသေးစိတ် ဖော်ပြမှုမျိုး မရှိသေးပေ။

တရားခံနှစ်ဦးအနက် မက်သ် (၄၈ နှစ်)သည် ၁၉၈၆ ခုနှစ်က နယူးယောက်မြို့ Erie စီရင်စုရှိ အကျဉ်းထောင်မှ ထောင်ဖောက်၍ထွက်ပြေးခဲ့သည့်ရာဇဝင်ရှိပြီး ထိုစဉ်က ၄င်းအား ဘတ်ဖယ်လိုအနီးရှိ မိသားစုနေအိမ်၌ ငါးရက်အကြာတွင် ပြန်လည် ဖမ်းဆီးရမိခဲ့သည်။

(ရိုက်တာ)



အကျဉ်းသားနှစ်ဦး အယ်နီမိုရာအကျဉ်းထောင်မှ ထွက်ပြေးရန်ဖောက်ခဲ့သော ပိုက်လိုင်းအားတွေ့မြင်ရစဉ်။



# ကမ္ဘောဒီးယားဝန်ကြီးချုပ်ဟွန်ဆင်န်အား အာဏာရပါတီဥက္ကဋ္ဌအဖြစ်ရွေးချယ်တင်မြှောက်

**ဖနောင်ပင် ဇွန် ၂၀**

ကမ္ဘောဒီးယား အာဏာရပြည်သူ့ပါတီဒုတိယဥက္ကဋ္ဌ လက်ရှိဝန်ကြီးချုပ် ဟွန်ဆန်အား လက်ရှိပါတီအကြီးအကဲ ချီဆင်း ဇွန် ၈ ရက်က ကွယ်လွန်သွားခဲ့ပြီးနောက် ပါတီဥက္ကဋ္ဌအဖြစ် စနေနေ့တွင် ရွေးချယ်တင်မြှောက်လိုက်ကြောင်း ပါတီထိပ်တန်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ အာဏာရပါတီ ဗဟိုကော်မတီက ၅၀၇ မဲတွင် ၅၀၆ မဲဖြင့် ပါတီဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်လိုက်ခြင်းဖြစ်ကြောင်း ပါတီတာဝန်ရှိသူလည်းဖြစ်၊ ပြန်ကြားရေးဝန်ကြီးလည်းဖြစ်သည့် ခါဟာရစ်က ၄င်း၏ဖေ့စ်ဘွတ်ခ်၌ အတည်ပြုရေးသားဖော်ပြသည်။

ချီဆင်း၏ ယောက်ဖတော်သူ ဒုတိယဝန်ကြီးချုပ်လည်းဖြစ် ပြည်ထဲရေးဝန်ကြီးလည်းဖြစ်သည့် ဆာခမ်းနှင့်ပါတီအတွင်းရေးမှူးချုပ် ဆေချွန် တို့အား ဒုတိယဥက္ကဋ္ဌ ရာထူးများ ပေးအပ်လိုက်သည်။

စီပီပီပါတီဥက္ကဋ္ဌ ချီဆင်းသည် ဇွန် ၈ ရက်က နာမကျန်းဖြစ်ကာ ကွယ်လွန်သွားခဲ့သည်။

(ဆင်ဟွာ)

# ပါကစ္စတန် ဗုံးခွဲတိုက်ခိုက်မှုနှင့် ချိတ်ဆက်မှုရှိသူများကိုကူညီမှုဖြင့် မြို့တော်အလုပ်သမားတစ်ဦးကို ထောင်ဒဏ်ချမှတ်

**ပို့တ်လန်းဒ် ဇွန် ၂၀**

၂၀၀၉ ခုနှစ်က လူ ၃၀ သေဆုံးခဲ့သည့် ပါကစ္စတန် စုံစမ်းထောက်လှမ်းရေးဌာနချုပ်ကို အသေခံဗုံးခွဲတိုက်ခိုက်မှုနှင့် ဆက်နွယ်နေသူများအား ကူညီခဲ့သည့်အတွက် ယခင် ပို့တ်လန်းဒ်မြို့တော် အလုပ်သမားတစ်ဦးကို ဇွန် ၂၀ ရက်က ထောင် ၈၇ လချမှတ်ခဲ့သည်။

လာဟိုးတိုက်ခိုက်မှုအတွက် အသေခံဗုံးခွဲသမားတစ်ဦးလျှင် ဒေါ်လာ ၂၄၅၀ ပေးခဲ့ပြီး လူဦးရေ ၃၀၀ ဒဏ်ရာရရှိခဲ့သော ဗုံးခွဲတိုက်ခိုက်မှုပြီးနောက် သေဆုံးခဲ့သော အသေခံဗုံးခွဲ တိုက်ခိုက်သူများ၏ ဇနီးများကို ကူညီထောက်ပံ့သည့်အတွက် မိမိတွင်အပြစ်ရှိကြောင်း ရီအက်ကွာဒါက ဖေဖော်ဝါရီလက ထွက်ဆိုခဲ့သည်။

အစိုးရဌာနများက အသေခံဗုံးခွဲသမား၏ ဇနီးခန်ကို ကူညီခဲ့သည့်ကိစ္စနှင့်ပတ်သက်ပြီး တရားရုံးတွင် အငြင်း ပွားနေကြကာ ၄င်းတို့၏ စုံစမ်းမှုများကို ဖုံးကွယ်ထားခဲ့သည်။ တရားခံရှေ့နေများက မည်သည့် တုံ့ပြန်ပြောကြားမှုမှ မပြုလုပ်သေးပေ။

အကြမ်းဖက်သမားများကို ကူညီသူများအား မည်သည့် လူ့ဘောင်အဖွဲ့အစည်းကမှ လက်ခံမည်မဟုတ်ကြောင်း အမေရိကန်ရှေ့နေ ဘီရီဝီလီယံက ပြောခဲ့သည်။

ပါကစ္စတန်အစိုးရက ကားဗုံးပေါက်ကွဲချိန်သည် တာလီဘန် စစ်သွေးကြွများကို တပ်မတော်မှခုခံကာကွယ်နေသည့် အချိန်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

(ရိုက်တာ)



# လက်တင်အမေရိကတစ်လွှား အရှိန်အဟုန်မြင့်ကြီးထွားလာသည့် တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများ

ထွန်းတောက်




**အမေဇုန်သစ်တောရထားလမ်း**

ဘရာဇီးနိုင်ငံ အမေဇုန်သစ်တော၏ အလယ်ဗဟိုရှိ ပေါ်တိုတယ်ဟိုမြို့လေးမှ ဘိုလီးဗီးယားနယ်စပ်အထိ ၂၂၈ မိုင်ရှည်လျားသော ရထားလမ်းကို Mad Maria ဟု ချစ်စနိုးအမည်ပေးထားပြီး ၄င်းရထားလမ်းကို ၁၉၁၂ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့သည်။

အမေဇုန်သစ်တောအတွင်းရှိ ရော်ဘာစိုက်ခင်းများမှထွက်ရှိသော ရော်ဘာများကို ၄င်းရထားလမ်းမှတစ်ဆင့် ဘိုလီးဗီးယားနှင့် အခြားဒေသများသို့ တင်ပို့ရောင်းချခဲ့ခြင်းဖြစ်သည်။

ထိုစဉ်က ၄င်းရထားလမ်းဖောက်လုပ်ရာတွင် လမ်းခင်း ဇလီဖားတုံး တစ်တုံးချတိုင်း အသက်တစ်ချောင်း ပေးဆပ်ခဲ့ရသည်ဟု နာမည်ဆိုးနှင့် ကျော်ကြားခဲ့သည့် ရထားလမ်းဖြစ်ပြီး ယနေ့အချိန်၌ ၄င်းရထားလမ်းမှာ ဟောင်းနွမ်းယိုယွင်းနေပြီး အသုံးပြု၍ပင် မရတော့ပေ။

ရာစုနှစ် တစ်ခုကြာပြီးနောက် ယနေ့အချိန်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် လက်တင်အမေရိကဒေသ၌ အခြေခံအဆောက်အအုံဆောက်လုပ်ရေးစီမံကိန်းများစွာကို ကန်ထရိုက်ရရှိထားသည့်အတွက် ဘရာဇီးနိုင်ငံ အတ္တလန္တိတ်သမုဒ္ဒရာကမ်းခြေမှ ပီရူးနိုင်ငံအထိ ပိုမိုရှည်လျားသည့် အမေဇုန်သစ်တောကြီးကို ဖြတ်သန်းသွားသည့် ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းကို မကြာမီစတင်ရန် စီစဉ်လျက်ရှိသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ဝန်ကြီးချုပ်လီခကျင်းသည် လွန်ခဲ့သည့် မေလ ၁၈ ရက်နေ့မှစတင်ကာ ရှစ်ရက်ကြာခရီးစဉ်တွင် ဘရာဇီး၊ ကိုလံဘီယာ၊ ပီရူးနှင့် ချီလီနိုင်ငံများသို့ သွားရောက်လည်ပတ်ခဲ့ပြီး အမေဇုန်သစ်တောဖြတ်ရထားလမ်းဖောက်လုပ်ရေးဖြစ်နိုင်မှု ပဏာမလေ့လာရေးဆိုင်ရာ သဘောတူညီချက်စာချုပ်ကို အထက်ပါနိုင်ငံခေါင်းဆောင်များနှင့်အတူ လက်မှတ်ရေးထိုးခဲ့သည်။

မစ္စတာလီခကျင်းသည် အထက်ပါ လက်တင်အမေရိကနိုင်ငံများတွင် တရုတ်၏ရင်းနှီးမြှုပ်နှံမည့်ငွေကြေးပမာဏနှင့် ချေးငှားမည့်ငွေကြေးပမာဏများကို အဆိုပြုဆွေးနွေးခဲ့သည်။

ဘရာဇီးတစ်နိုင်ငံတည်းတွင်ပင် တရုတ်၏ရင်းနှီးမြှုပ်နှံမှုနှင့် ချေးငွေပမာဏမှာ ဒေါ်လာ ၁၀၃ ဘီလီယံအထိ ရှိမည်ဖြစ်သည်ဟု သိရှိရသည်။ အထက်ပါအခြေအနေများကို သုံးသပ်ကြည့်လျှင် တရုတ်နှင့်လက်တင်အမေရိကနိုင်ငံများကြားတွင် အလွန်ကြီးထွားနေသည့် ကုန်သွယ်မှုတန်ဖိုးပမာဏကို တွေ့ရှိနိုင်ပေသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် လက်တင်အမေရိကဒေသမှထွက်ရှိသည့် သတ္တုပစ္စည်းများ၊ ရေနံ၊ ပဲပုပ်စေ့များကို အကြီးအကျယ်အမြန်အဆန် မှာယူ တင်သွင်းဝါးမျိုလျက်ရှိပြီး တရုတ်နိုင်ငံက ထုတ်လုပ်သည့်လူသုံးကုန်ပစ္စည်းများကို လက်တင်အမေရိက နိုင်ငံများသို့ အများအပြားတင်ပို့ရောင်းချလျက်ရှိသည်။

ယနေ့အချိန်၌ တရုတ်နိုင်ငံနှင့် လက်တင်အမေရိကနိုင်ငံများတွင် စီးပွားရေးဖွံ့ဖြိုးမှုနှေးကွေးနေသည့်အတွက် တရုတ်၏လူသုံးကုန်ပစ္စည်းများ ဈေးနှုန်းများ သိသာစွာ ကျဆင်းနေသကဲ့သို့ လက်တင်အမေရိက၏ ပို့ကုန်တန်ဖိုးများလည်း ကျဆင်းနေသည်။

ယခုနှစ်ပထမသုံးလပတ်အတွင်း၌ပင် လွန်ခဲ့သည့်နှစ်နှင့်နှိုင်းယှဉ်ကြည့်လျှင် တရုတ်သို့ ဘရာဇီး၏ပို့ကုန်ပမာဏမှာ သုံးပုံတစ်ပုံလျော့ကျသွားသည်ကို တွေ့ရှိရသည်။

**ရင်းနှီးမြှုပ်နှံမှုဆက်လက်ကြီးထွား**

သို့သော် လက်တင်အမေရိကဒေသတွင် တရုတ်၏ ရင်းနှီးမြှုပ်နှံမှုနှင့် ချေးငွေမှာ ဆက်လက်ကြီးထွားရန်အတွက် တရုတ်အာဏာပိုင်များက အသင့်စီစဉ်ထားကြသည်။

လွန်ခဲ့သည့် ဇန်နဝါရီလတွင် တရုတ်သမ္မတကြီး ရှီကျင့်ဖျင်က လက်တင်အမေရိကဒေသတွင် လာမည့်ဆယ်စုနှစ်၌ တရုတ်လုပ်ငန်းရှင်များသည် ဒေါ်လာ ၂၅၀ ဘီလီယံအထိ တိုးမြှင့်မြှုပ်နှံရန် ရည်ရွယ်ထားသည်ဟု ပြောဆိုခဲ့သည်။ လွန်ခဲ့သည့်ဆယ်စုနှစ်တွင် တရုတ်တို့၏ ရင်းနှီးမြှုပ်နှံမှုမှာ ဒေါ်လာ ၉၉ ဘီလီယံမျှသာရှိခဲ့သည်ဟု ပညာရှင်များက နှိုင်းယှဉ်ဖော်ပြကြသည်။

လွန်ခဲ့သည့်ဆယ်စုနှစ်၌ လက်တင်အမေရိကတွင် တရုတ်တို့သည် ရေနံနှင့်သတ္တုတူးဖော်ရေးလုပ်ငန်းများ၌သာ အများအားဖြင့် မြှုပ်နှံခဲ့ခြင်းဖြစ်သည်။ ယနေ့အချိန်တွင် တရုတ်ကုမ္ပဏီများသည် အခြေခံအဆောက်အအုံတည်ဆောက်ရေးလုပ်ငန်း၊ အစားအသောက်နှင့် လယ်ယာစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအပြင် လူသုံးကုန်ပစ္စည်းထုတ်လုပ်သည့် လုပ်ငန်းများကိုပါ တိုးချဲ့လုပ်ကိုင်ရန် စီစဉ်လျက်ရှိသည်ဟု သိရှိရသည်။

**တရုတ်ချေးငွေများ**

လက်တင်အမေရိကနိုင်ငံများသို့ တရုတ်ချေးငွေများလည်း ဆက်လက်မြင့်တက်လျက်ရှိနေသည်။

၂၀၁၄ ခုနှစ်၌ လက်တင်အမေရိကနိုင်ငံများသို့ တရုတ်ချေးငွေစုစုပေါင်း ပမာဏမှာ ဒေါ်လာ ၂၂ ဘီလီယံဖြစ်သည့်အတွက် နိုင်ငံတကာဖွံ့ဖြိုးရေးဘဏ်များမှ ထုတ်ချေးသည့် ငွေပမာဏထက်ပင် ပိုမိုများပြားခဲ့သည်။

ဘော်စတွန်တက္ကသိုလ်မှ ထုတ်ဝေသည့် China-Latin America Economic Bulletin သတင်းစာ၌ ဒေါ်လာဘီလီယံချီရှိသည့် တရုတ်ချေးငွေများသည် အဓိကအားဖြင့် ဘရာဇီးနိုင်ငံအတွက်သာမက ဗင်နီဇွဲလား၊ အီကွေဒေါနှင့် အာဂျင်တီးနားနိုင်ငံများအတွက်ပါ လက်ဝဲယိမ်းအစိုးရများကို ကျားကန်ပေးနိုင်ရန်အတွက် အဓိကထားထုတ်ချေးပေးခြင်းဖြစ်သည်။

ဝန်ကြီးချုပ် လီခကျင်း၏ လက်တင်အမေရိကနိုင်ငံများခရီးစဉ်သည် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် စိတ်အားထက်သန်စွာ ဆောင်ရွက်လိုသည့် ပစိဖိတ်မဟာမိတ်နိုင်ငံများအပေါ် တရုတ်နိုင်ငံက စိတ်ဝင်စားမှုအသစ်ကို ဖော်ပြခြင်းဖြစ်ပါသည်ဟု နိုင်ငံရေးပညာရှင်တို့က ဝေဖန်သည်။

ထို့ပြင် လက်တင်အမေရိကအစိုးရများသည် ကမ္ဘာ့ဘဏ်နှင့် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့(IMF)တို့၏ ကန့်သတ်ချက်များပါရှိသည့် ချေးငွေများနှင့် အမေရိကန် ပြည်ထောင်စု၏နှောင်ကြိုးပါသည့် ထောက်ပံ့ကူညီမှုများထက် တရုတ်နဂါးကြီး၏ ချေးငွေများကို ပိုမိုပွေ့ဖက်နွေးထွေးလိုကြသည်ကို တွေ့ရှိနေရသည်။

အခြေခံအဆောက်အအုံများ မပြည့်စုံသည့် လက်တင်အမေရိကလိုဒေသမျိုးတွင် တရုတ်၏ရင်းနှီးမြှုပ်နှံမှုနှင့်ကုန်သွယ်မှုသည် ကံသေကံမ မပြောနိုင်သော်လည်း အကျိုးကျေးဇူး များဖွယ်ရှိနိုင်သည်ဟု ပညာရှင်များက ဝေဖန်သည်။

**ချစ်ချိုသဲသဘောတူညီချက်(Sweetheart Deal)**

လွန်ခဲ့သည့်နှစ်၌ အာဂျင်တီးနားသမ္မတ ခရစ္စတီးနားဖာနန်ဒက်ဒီကာချ်နာသည် နိုင်ငံခြားငွေကြေးစာချုပ်ဝယ်ယူပိုင်ဆိုင်ထားသူများနှင့် အငြင်းပွားပြဿနာကိုဖြေရှင်းပေးနိုင်ရန် နည်းလမ်းတစ်သွယ်အဖြစ် တရုတ်အာဏာပိုင်များနှင့် နှစ်နိုင်ငံငွေကြေးချင်းဖလှယ်ရန် အောင်မြင်စွာ ဆွေးနွေးညှိနှိုင်းဆောင်ရွက်နိုင်ခဲ့သည်။ ထိုတရုတ်-အာဂျင်တီးနားသဘောတူညီမှုကို ချစ်ချိုသဲသဘောတူညီချက်ဟု နိုင်ငံရေးလေ့လာသူတို့က မေးငေါ့၍အမည်ပေးခဲ့ကြသည်။

ထိုကဲ့သို့ တရုတ်အစိုးရက အာဂျင်တီးနားနိုင်ငံ၏ အခက်အခဲကို ငွေကြေးဖြင့်ကူညီခဲ့သည့်အတွက် တရုတ်ကုမ္ပဏီများသည် အာဂျင်တီးနားနိုင်ငံ၌ အခြေခံအဆောက်အအုံ (Infrastructure) ဆောက်လုပ်ရေးစီမံကိန်း ၁၅ ခုကို ပြိုင်ဘက်မရှိဘဲ ဆောက်လုပ်ခွင့် ကန်ထရိုက်ရရှိခဲ့သည်။

*စာမျက်နှာ ၁၁ ကော်လံ ၁ သို့*

**တရုတ်နိုင်ငံနှင့် လက်တင်အမေရိကနိုင်ငံများတွင် စီးပွားရေးဖွံ့ဖြိုးမှု နှေးကွေးနေသည့်အတွက် တရုတ်၏ လူသုံးကုန်ပစ္စည်းများ ဈေးနှုန်းများ သိသာစွာကျဆင်းနေသကဲ့သို့ လက်တင်အမေရိက၏ ပို့ကုန်တန်ဖိုးများလည်း ကျဆင်းနေ**




၁၉၁၂ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့သည့် ရထားလမ်း

# တရုတ်ကျေးလက်ဒေသ ဆင်းရဲမွဲတေမှုတိုက်ဖျက်ရန် တရုတ်သမ္မတကတိပေး

**ရှန်ဟိုင်း ဇွန် ၂၀**

ဆင်းရဲသော ကျေးလက်ဒေသမှ ကလေးလေးဦးသည် မိမိတို့ဘာသာ အဆုံးစီရင်သွားပြီးနောက် ရက်သတ္တပတ် အတော်အကြာတွင် တရုတ်သမ္မတရှီကျင့်ဖျင်သည် တရုတ်နိုင်ငံ၏ ရေရှည်ဆင်းရဲမွဲတေမှုပပျောက်ရေးကို အမြစ်ပြတ်ရှင်းလင်းရန် ထပ်မံကတိကဝတ်ပြုခဲ့သည်။ ၎င်းကိစ္စသည် အမျိုးသားရေးဆွေးနွေးပွဲအသွင်ဆောင်လာသည်။

မူဝါဒ၏အရေးကြီးသော ဆောင်ရွက်ချက်များကို ၂၀၁၆-၂၀၂၀ ထိ ရည်မှန်းချက်ထား အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ၁၃ ကြိမ်မြောက် ငါးနှစ်စီမံကိန်းနှင့်ပတ်သက်ပြီး ကွန်မြူနစ်ပါတီအစည်းအဝေးတွင် ဇွန် ၁၈ ရက်က ပြောခဲ့သော သမ္မတရှီ၏မိန့်ခွန်းကို နိုင်ငံပိုင်မီဒီယာများက ကိုးကားဖော်ပြခဲ့သည်။

နည်းလမ်းပေါင်းစုံဖြင့် ကောင်းမွန်သော လူမှုအသိုင်းအဝိုင်းကိုဖော်ဆောင်ရာတွင် ကျေးလက်ဒေသများအပေါ် အဓိကမူတည်နေကြောင်း တရုတ်သမ္မတရှီကျင့်ဖျင်က ပြောခဲ့သည်။ လွန်ခဲ့သောဆယ်စုနှစ်နှစ်ခုက စီးပွားရေးလျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်ခဲ့သော်လည်း ဆင်းရဲမွဲတေမှုသည် တရုတ်နိုင်ငံတွင်ဖြေရှင်းစရာကိစ္စရပ်တစ်ခုအဖြစ်ကျန်ရှိနေသေးပြီး အထူးသဖြင့် သက်ကြီးသူများနှင့် ကလေးငယ်များကိုအိမ်၌ထားခဲ့ကာ အလုပ်ထွက်ရှာလုပ်ရသော ကျေးလက်ဒေသများတွင် အဆိုပါဆင်းရဲမွဲတေမှုသည် အဓိကဖြေရှင်းရမည့်ကိစ္စရပ်ဖြစ်လာသည်။

ကလေးငယ်များကို အိမ်၌ထားပြီး အလုပ်လုပ်ရသည့် ဆင်းရဲမွဲတေမှုများထူထပ်သော ဂီဇူ အနောက်တောင်ဘက်ပြည်နယ်မြို့တစ်ခုဖြစ်သော ဘီဂျေတွင် ယခုလ၌ ကလေးလေးဦးသေဆုံးခဲ့သည်။

ယခုကိစ္စသည် အဆိုပါမြို့အတွက် ပထမဆုံးဝမ်းနည်းကြေကွဲစရာကိစ္စမဟုတ်ပေ။ လွန်ခဲ့သော ၂၀၁၂ ခုနှစ်ကလည်း အမှိုက်ပုံထဲတွင် အိပ်စရာနေရာရှာနေသော အိမ်ခြေမဲ့ကလေးငါးဦး ကာဗွန်မိုနောက်ဆိုက် အဆိပ်သင့်၍သေဆုံးခဲ့ရသေးသည်။

တရုတ်နိုင်ငံသည် ယခုနှစ်တွင် ၁၃ ကြိမ်မြောက် ဆင်းရဲမွဲတေမှုပပျောက်ရေး ငါးနှစ်စီမံကိန်းမူကြမ်းကို လုံးဝပြီးစီးရန် မျှော်လင့်ထားပြီး ၎င်းကို အမျိုးသား ပြည်သူ့လွှတ်တော်သို့ တင်သွင်းမည်ဖြစ်ကြောင်း သိရသည်။ (ရိုက်တာ)



# အောင်မြင်မှုခရီး

ချစ်နိုင်(စိတ်ပညာ)

မရမနေ၊ မဖြစ်မနေ ဆန္ဒထက်သန်အားကြီးသူအတွက် မအောင်မြင်မပြီးစီးသောအလုပ်ဟူ၍ အဘယ်မှာရှိပါအံ့နည်း။ အောင်မြင်ရမည်သာ။ ဒါကိုဆန္ဒာဓိပတိဟုခေါ်၏။

ဝီရိယကိုရှေ့ထား၊ မရမနေ၊ မဖြစ်မနေ၊ အားထုတ်ကြိုးစားအလုပ်လုပ်သူအတွက် မအောင်မြင်မပြီးစီးသောအလုပ်ဟူ၍ အဘယ်မှာလျှင်ရှိပါအံ့နည်း။ အောင်မြင်ပြီးစီးရစမြဲသာ။ ဒါကို ဝီရိယာဓိပတိဟုခေါ်၏။

စိတ်အားထက်သန်၊ ဇွဲအားမာန်ဖြင့်စိတ်ပါလက်ပါ စိတ်ဝင်စားစွာ ကြိုးစားသူအဖို့ကား မအောင်မြင်မပြီးစီးနိုင်သော အလုပ်ကိစ္စဟူ၍ အဘယ်မှာရှိပါအံ့နည်း။ အောင်မြင်ပြီးစီးရမည်မှာ သေချာပါသည်။ ဒါကို စိတ္တာဓိပတိဟုခေါ်၏။

ဘုမသိ ဘမသိလုပ်ကိုင်နေခြင်းမဟုတ်၊ အစကိုလည်း ကောင်းစွာသိ၏။ အဆုံးကိုလည်း ကောင်းစွာမြင်၏။ အမှန်အမှား၊ အကောင်းအဆိုး၊ အကျိုးအပြစ်တို့ကိုလည်း ဝေဖန်ခွဲခြားတတ်၏။ အတတ်ပညာ၊ နည်းပညာနှင့် သိစရာ တတ်စရာတို့ကို ကောင်းစွာလေ့လာဖြည့်ဆည်းလေ့ကျက်ထားသူအတွက် အဘယ်အရာသည် မပြီးစီးမအောင်မြင်ဘဲရှိပါအံ့နည်း။ မုချမလွဲအောင်ပွဲဆင်ရမည်သာပင်။ ဒါကို ဝီမံသာဓိပတိဟုခေါ်ပါ၏။

စာဖတ်သူများသိပြီးသားပင်ဖြစ်ပါလိမ့်မည်။ ဆန္ဒ၊ ဝီရိယ၊ ဝီမံသ(ပညာ)ဟူသော စေတသိက်သုံးပါးနှင့် စိတ္တာ(စိတ်)ဟူသောတရား စုစုပေါင်း အဓိပတိတရားလေးပါးဖြင့် ပြည့်စုံစွာ အားထုတ်သောသူသည် လောကီအောင်မြင်မှုဖြစ်စေ၊ လောကုတ္တရာအောင်မြင်မှုဖြစ်စေ ရနိုင်ပါပေသည်။ ရစမြဲဖြစ်လေသည်။ အနားလေးနား သို့မဟုတ် ထောင့်လေးထောင့် ပြည့်စုံရမည်။

အဓိပတိတရားလေးပါးကို သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ထူးချွန်စွာ အောင်မြင်ကြသော ကျောင်းသား ကျောင်းသူဟူသမျှသည်ကား သူတို့ဘဝမှာ လက်တွေ့အသုံးချခဲ့ကြပြီးပါပြီ။ နောင်လာမည့်အနာဂတ်ခရီးမှာလည်း ဤအဓိပတိတရား လေးပါးစုံညီအောင် ကျင့်သုံးလုပ်ဆောင်ပါက ဆက်ကာဆက်ကာ အောင်ပွဲများဆင်နွှဲနိုင်မည်ဖြစ်ပါသည်။ စိတ်မှာ ဤအဓိပတိပစ္စည်းက စွမ်းဆောင်သမျှကို အကြီးအမှူးဖြစ်စေပါသည်။ ဤဆန္ဒ၊ ဝီရိယ၊ စိတ်၊ ပညာ (ဝီမံသာဟု အဓိပတိပစ္စည်းမှာ ခေါ်ဆိုပါသည်) ဟူသော အဓိပတိပစ္စယောသည်ကား ဆင်းရဲချမ်းသာမခွဲ၊ ကျား‌မ မရွေး၊ လူမျိုး၊ ဘာသာ၊ အသက်အရွယ်၊ အရပ်ဒေသမရွေး၊ မည်သူ့ကိုမဆို အောင်မြင်စေမှုကောင်းကျိုးပြုမြဲနိယာမ။

မိမိကိုယ်မှာဖြည့်ဆည်းဖို့သာ အဓိက။ (ဝင်ပြီးသာပြိုင်ချင်သည်။ အချို့နိုင်ငံရေးသမားတို့မှာ ဘာအဓိပတိမှမရှိ။ မဆီမဆိုင် လာပြောတာလားဟု အထင်မမှားစေလိုပါ။ သိမှုပြင်မှု မိမိတို့နိုင်ငံနှင့် လူမျိုးကောင်းကျိုးရနိုင်မည်မို့ တင်ပြခြင်းပါ)

ဤနေရာတွင် ကြုံကြိုက်သဖြင့် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် အခြေခံပညာအထက်တန်း၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ တစ်နိုင်ငံလုံး ပထမ၊ ဒုတိယ၊ တတိယရအောင်ထူးချွန်ခဲ့ကြသော ကျောင်းသား ကျောင်းသူ အမှတ်အများဆုံးပုဂ္ဂိုလ်အချို့ကို ကောက်နုတ်ဖော်ပြလိုပါသည်။

**၂၀၁၅ သိပ္ပံဘာသာတွဲ အမှတ်အများဆုံး**

(၁) မအိရတနာနိုင် အထကလေ့ကျင့်ရေး ကမာရွတ် ၅၆၀ မှတ်။ (၂) မဆုမွန်၊ အထက(၁)ဒဂုံ ၅၅၇ မှတ်။ (၃) မောင်အောင်သန့်ကျော် အထက(၃) မြစ်ကြီးနား ၅၅၅ မှတ်။ (၃) မောင်အောင်မြင့်ထွန်း အထက(၂) လမ်းမတော် ၅၅၅မှတ်။ (၃) မောင်ရှင်းသန့်ကျော်လင်း အထက (၁)ဒဂုံ ၅၅၅မှတ်။ (၃) မမေနိုးနိုးဆွေ အထက(၁)ဒဂုံ ၅၅၅မှတ်။

**၂၀၁၅ ဝိဇ္ဇာသိပ္ပံဘာသာတွဲအမှတ်အများဆုံး**

(၁)မောင်ဟိန်းထက်အောင် အထက(၅) ကမာရွတ် ၅၂၀ မှတ်။ (၂) မောင်မင်းဗလ မိသားစုအထက (ကိုယ်ပိုင်ကျောင်း) ၅၁၉မှတ်။ (၃) မယွန်းမီမီထက်၊ အထကကြံခင်း ၅၁၇ မှတ်။ (၄) မောင်ကောင်းထက်ဝင်း အထက(ခွဲ) နန်းခန်းသာသာကုန်း ၅၁၄ မှတ်။ (၄) မချိုသဲပိုက်ပိုက် အထက (၅)ကမာရွတ် ၅၁၄မှတ်။

**၂၀၁၅ ဝိဇ္ဇာဘာသာတွဲ အမှတ်အများဆုံး**

(၁) မသင်းသင်းဖြိုး အထက(၅) အိမ်မဲကြီး ၅၁၀ မှတ်။ (၂) မအိအိပွင့် အထကဇလွန် ၄၉၅မှတ်။ (၃) မမွန်မွန်ချို အထက(၁) အိုင်သပြု ၄၉၄မှတ်။ (၃)မအေးဆုမွန် အထက (၁) မအူပင် ၄၉၄မှတ်။ (၄) မမေမီကျော် အထကမြသီတာ (ဟိုပင်)မိုးညှင်း ၄၉၃မှတ်။ (၅)မောင်မြင့်ထွန်း အထကမြို့လှ ရွှေကူ ၄၉၀မှတ်။

ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံစာစစ်ဦးစီးဌာနက ဘာသာတွဲအလိုက် အမှတ်အများဆုံး (ထိပ်ဆုံးတစ်ဆယ်) ကျောင်းသား ကျောင်းသူအမည်များကို ဇွန် ၆ ရက်တွင် ထွက်သောအောင်စာရင်းနှင့်အတူ ထုတ်ပြန်ကြေညာပေးခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးမှ ကျောင်းသားများ ပါဝင်ကြသကဲ့သို့ ကချင်ပြည်နယ်၊ မကွေး၊ မန္တလေး၊ ပဲခူး၊ ဧရာဝတီတိုင်းဒေသကြီးများမှ ကျောင်းသားများလည်း ပါဝင်ခဲ့ကြကြောင်း တွေ့ရှိရ၏။ ချီးကျူးဂုဏ်ပြုပါ၏။

တက္ကသိုလ်ဝင်တန်း စာမေးပွဲကို တစ်နိုင်ငံလုံး ဝင်ရောက်ဖြေဆိုသူ ၅၉၇၉၄၆ ဦးရှိခဲ့သည်။ ၂၂၄၈၃၇ဦး အောင်မြင်ခဲ့ကြပေသည်။ အောင်ချက် ၃၇ ဒသမ ၆ ရာခိုင်နှုန်းရှိလေသည်။ ဖြေဆိုသူ ၆၂ ဒသမ ၄ ရာခိုင်နှုန်းက ကျခဲ့ကြ၏။

တစ်ဦးစီ၏ အအောင်အရှုံးကို ဆုံးဖြတ်သည်ကား အမှတ် ၁၀၀ ဖိုး ဖြေဆိုရသော ဘာသာရပ်တစ်ခုမှာ အနည်းဆုံးရမှတ် ၄၀ ရအောင် ဖြေဆိုနိုင်ရပေမည်။ ဘာသာရပ်ခြောက်ခုအတွက် ဘာသာတိုင်းကအနည်းဆုံး ၄၀ မှတ်ရရမည်။ စာမေးပွဲအောင်မြင်သွားခဲ့ကြသော ၂၂၄၈၃၇ ဦးတို့သည် ဤသတ်မှတ်ချက်ကို ကျော်လွှားနိုင်ခဲ့ကြသူများပင်ဖြစ်၏။ ဘာသာစုံအောင်မှ စာမေးပွဲအောင်နိုင်၏။

ကျရှုံးသူများသည် အောင်ချင်သည့် ဆန္ဒမပြင်းပြခဲ့ကြသေး၍သော်လည်းကောင်း၊ မရမနေအားထုတ်သော လုံ့လဝီရိယအားနည်းသေး၍သော်လည်းကောင်း၊ မိမိ ဒီနှစ် အောင်ကိုအောင်ရမည်ဟု စိတ်ထက်သန်မှုလိုနေသေးသောကြောင့် သော်လည်းကောင်း၊ စာမေးပွဲမေးခွန်းများကို ကြိုတင်လေ့လာပြီး အဘက်ဘက်က ဟာကွက်မရှိအောင် အထပ်ထပ်အဖန်ဖန် ကျက်မှတ်ကျေညက်ပိုင်နိုင်ခြင်းမရှိခဲ့၍ သော်လည်းကောင်းဖြစ်၏။ ခြုံငုံသုံးသပ်ပြီး တိတိကျကျပြတ်ပြတ်သားသားဆိုရလျှင် အဓိပတိတရားလေးပါးတို့ ပြည့်စုံခဲ့ခြင်းမရှိ။ တစ်ခုနှစ်ခု လိုနေသေး၏။

ထို့ကြောင့် သူများအောင်သောစာမေးပွဲကို မိမိက မအောင်ဘဲ ကျရှုံးခဲ့ခြင်းပဲဖြစ်၏။

သို့ဆိုလျှင် ၂၀၁၅-၂၀၁၆ စာသင်နှစ်မှာ စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် အဓိကဘာလိုအပ်ပါသလဲ။

အဓိပတိတရားလေးပါး ပြည့်စုံအောင်ဖြည့်တင်းကြပါ။ တပည့်တစ်ဦးချင်းစီ၏ လိုအပ်ချက်ကို ဆရာ ဆရာမများက ကြည့်ရှုပြီးဖြည့်တင်းပေးကြပါကုန်။ သားသမီးတစ်ဦးချင်းစီ၏လိုအပ်ချက်ကို အမိအဖတို့က အမြဲမပြတ်သုံးသပ်ပြီး ဖြည့်တင်းပေးကြပါကုန်။

ထိုထက်ပို၍ အဓိကအကျဆုံးမှာ ကာယကံရှင် ကျောင်းသား ကျောင်းသူကိုယ်တိုင်က ငါသည်အဓိပတိတရားလေးပါးနှင့်ယှဉ်တွဲပေါင်းဖော်ပါမှ ယခုနှစ်စာမေးပွဲကို မလွဲမသွေအောင်မှာပါတကား။ ထူးထူးခြားခြား ဆန္ဒာ၊ ဝီရိယာ၊ စိတ္တာ၊ ဝီမံသာ အဓိပတိတရားလေးပါး လက်စွဲကိုင်စွဲထားလျှင် ထူးထူးချွန်ချွန်ပင် အောင်မြင်မှာ မလွဲပါတကားဟု အသည်းထဲမှာ သံမှိုနှက်သကဲ့သို့ စွဲမြဲစွာခံယူရပါမည်။ ဤခံယူချက် ရှိဖို့အရေးကြီး၏။

မည်သည့်ဘာသာရပ်မဆို ပေးမှတ်များက အမျိုးအစား သုံးမျိုးရှိတတ်၏။

(၁) လွယ်လွယ်နှင့်ဖြေနိုင်မည့်အမှတ်မျိုး ၃၀ မှတ်ဖိုး၊ (၂)အတော်အတန်ကြိုးစားမှုရနိုင်သည့် အလယ်အလတ်အမှတ်မျိုး ၄၀ မှတ်ဖိုး၊ (၃) ထူးထူးချွန်ချွန်စေ့စေ့စပ်စပ် ချီးကျူးထိုက်အောင်ဖြေဆိုနိုင်သူတို့ ဂုဏ်ထူးအတွက် ခဲရာခဲဆစ် အမှတ်မျိုး ၃၀ မှတ်ဖိုးတို့ကြောင့် စုစုပေါင်းပေးမှတ် ၁၀၀။

စာမေးပွဲ ကျခြင်းဆိုသည်မှာ ဘာသာရပ် ငါးခုမှာ အမှတ်များများရပြီး တစ်ဘာသာ အမှတ် ၄၀ အောက်ကျနေလျှင်လည်း ကျတတ်သည်ပင်။ မိမိစိတ်မပါသော ဘာသာရပ်မျိုးက ကျတတ်သည်။ ထို့ကြောင့် ဘာသာစုံခြောက်ဘာသာစလုံးကို ရင်းနှီးကျွမ်းဝင်အောင် ရင်းနှီးချစ်ခင်အောင် ကြိုးစားအားထုတ်ရပါသည်။

စာမေးပွဲဖြေဆိုရာတွင် ခုံအမှတ်ကိုသာ ရေးရ၏။ အမည်၊ မိဘအမည်၊ နေရပ်လိပ်စာ၊ ဘာမျှမဖော်ပြရပါ။ အသံကိုလည်း မကြားရပါ။ ရုပ်ကိုလည်းပြ၍မရနိုင်ပါ။ အသံ ဘယ်လောက်ကောင်းကောင်း အမှတ်များများ မရပါ။ ရုပ်ဘယ်လောက်ချောချော အမှတ်ကောင်းကောင်း မရနိုင်ပေ။ Identity of Personality ဘာနှင့်ပြမလဲ။

ပြောနေစရာ မလိုပါ။ အားလုံးသိပြီးသား ဥစ္စာ။ ဖြေဆိုသူ၏ ဉပမိရုပ်က အဖြေလွှာပေါ်မှာ မြင်တွေ့နေရပါသည်။ စာစစ်သူများက ကြည့်ရပြီ။ မြင်ရပြီ။

(၁) လက်ရေး

(၂) ဝါကျတည်ဆောက်ပုံနှင့် ရေးဟန်

(၃) သတ်ပုံ

အချို့သော ဖြေဆိုသူများ၏ လက်ရေးလေးများသည် ကွန်ပျူတာစာလုံးလား၊ လက်နှိပ်စက်စာလုံးများလားဟု ထင်မှားရလောက်အောင် ဝိုင်းစက်ညီညာလှပကြပါပေ၏။ အံ့သြစရာ၊ ချီးကျူးစရာလက်ရေးကောင်း၏။ အမှတ်ပေးချင်စရာကောင်း၏။ မြင်တာနှင့်ပင် မေတ္တာသက်ဝင်။

အချို့သောစာဖြေသူတို့မှာ လက်ရေးကည့ံဖျင်းလှ၏။ ပဲတီပင်ပေါက် ၊ တွန့်ကောက်လိမ်ကွေး၊ ရှုပ်ထွေးဖတ်ရခက်လှ၏။ စာကြောင်းပင် ဖြောင့်အောင်မရေးတတ်။ အပေါ်တက်သည့်စာကြောင်းကတက်၊ အောက်ဆင်းသည့်အကြောင်းကဆင်း။ မရှင်းမရှင်းစကားလုံးများ ဘာမှနားမလည်။ အချို့က မျက်စိမှုန်နေသည်လားမသိ။ စာလုံးတွေကလင်းကွင်းလောက်ကြီး၏။ ပြူးတူးပြဲတဲ။ စာကြောင်းတွေက လှမ်းခေါ်၍ မကြားရနိုင်အောင်ကွာလှမ်းနေ၏။ ဖျက်ရာခြစ်ရာတွေကရှုပ်ပွ။

အချို့ကစာလုံးသေးလွန်းစွ၊ ပုရွက်ဆိတ်ခေါင်းလောက်ပဲရှိ၏။ မှန်ဘီလူးနှင့် ကြည့်မှသဲသဲကွဲကွဲ မြင်ရလောက်၏။ စာစစ်သူကို မျက်စိမှုန်သထက်မှုန်အောင် ပါဝါ တက်သထက်တက်အောင် ဒုက္ခပေးတတ်ကြ၏။

ခေါင်းစဉ်ကိုမျဉ်းသားရမှန်းပင်မသိ။

**ဘုမသိ ဘမသိ လုပ်ကိုင်နေခြင်းမဟုတ်၊ အစကိုလည်း ကောင်းစွာသိ၏။ အဆုံးကိုလည်း ကောင်းစွာမြင်၏။ အမှန်အမှား၊ အကောင်းအဆိုး၊ အကျိုးအပြစ်တို့ကိုလည်း ဝေဖန်ခွဲခြားတတ်၏။ အတတ်ပညာ၊ နည်းပညာနှင့်သိစရာတတ်စရာတို့ကို ကောင်းစွာလေ့လာ ဖြည့်ဆည်းလေ့ကျက်ထားသူအတွက် အဘယ်အရာသည် မပြီးစီးမအောင်မြင်ဘဲရှိပါအံ့နည်း။ မုချမလွဲအောင်ပွဲဆင်ရမည်သာပင်**

ခေါင်းစဉ်ကြီး၊ ခေါင်းစဉ်၊ အစုခေါင်းစဉ်၊ စာပိုဒ်ခေါင်းစဉ်၊ စာပိုဒ်ခွဲခေါင်းစဉ်၊ စာပိုဒ်ခွဲငယ်ခေါင်းစဉ်နှင့် စာပိုဒ်ခွဲငယ်စိတ်ခေါင်းစဉ်ဟူ၍ ခေါင်းစဉ် ခုနစ်ဆင့်ရှိ၏။ ထိုခေါင်းစဉ်ခုနစ်မျိုးစလုံးကို မျဉ်းသား (Underline) ဆွဲရမည်။ အဖြေလွှာကိုပြန်စစ်ရပါမည်။

လက်ရေးမကောင်းချင်နေ၊ ဖတ်ရတာ ရှင်းလင်းစေရမည်။ ကျောင်းစာကို ကျက်ရုံနှင့်မကျေနပ်လေနှင့်။ အလွတ်ရနေသဖြင့်ဖြေနိုင်မည်ဟု ဘဝင်မကိုင်မိစေနှင့်။ ရေးဖြေလေ့ကျင့်ပြီး ဘာသာရပ်ဆရာထံပြသပါ။ ဆရာကို စစ်ပေးပါဟု တောင်းပန်တိုးလျှိုး၍ မေတ္တာရပ်ခံပါ။ အမှားသိမြင် အမှန်ပြင်နိုင်မည်။

“မင်းလက်ရေးကဖတ်လို့မရအောင် ရှုပ်ထွေးနေတာပဲ”ဟု အပြောခံရလျှင် သင်သေချာပါပြီ။ ဒီနှစ်စာမေးပွဲကျတော့မည်။ စာစစ်သူကိုအမှတ်ပေးချင်အောင် ဆွဲဆောင်ရမည့်သင်၏ (အသံ၊ အရုပ်အစား) လက်ရေးဟူသော အဓိကဉပမိရုပ်က နုံချာလွန်းနေလျှင် ဟန်မည်မထင်။ ပြင်ဆင်ပါ။

ဝလုံးများဝိုင်းအောင်ရေးပြီး စာမျက်နှာ ၄၀၊ ၅၀ လောက်လေ့ကျင့်ပါ။ ကကြီး၊ ခကွေး၊ အသတ်၊ အပင့်၊ အရစ် မှန်ကန်အောင် သင်ပုန်းကြီးဖတ်စာဝယ်ပြီး လက်ရေးလှအောင်ကြိုးစားပါ။ ဆန္ဒဝတော ကိံနာမ ကမ္မံ န သိဇ္ဇတိ၊ ဝီရိယဝတော ကိံနာမ ကမ္မံ န သိဇ္ဇတိ။ အောင်မြင်ပေလိမ့်မည်။

လက်ရေးလှပြီ။

ဝါကျများချောပြီ။ ရေးဟန်ကောင်းပြီ။

သတ်ပုံမမှားအောင် ပြင်ဆင်ရမည်။

သတ်ပုံစာအုပ်ကို စိတ်ဝင်စားအောင်အာရုံစိုက်ပါ။ သတင်းစာနေ့စဉ်ဖတ်ပါ။ မှားတတ်သော စာလုံးပေါင်းများကို သတိထားပြီးရေးမှတ်ပါ။ ကျက်ပါ။ မြန်မာစာ၊ အင်္ဂလိပ်စာများများရေးဖြေပါ။

အလေ့အကျင့်ရအောင် အမေးအဖြေလေ့ကျင့်ခန်းစာအုပ်များဝယ်ပြီး ဖြေဆိုချက်တွေကို ကူးရေးပါ။ ထပ်ခါထပ်ခါ ကူးရေးပါ။ ဆယ်ခါ ကူးရေးပြီးသော် အလွတ်ရသွားပေလိမ့်မည်။ ဆယ့်ငါးခေါက်ပြည့်အောင် နောက်ထပ်ငါးခေါက် ထပ်လေ့ကျင့်လိုက်ပါဦး။ ဒါမှစာမေးပွဲခန်းထဲမှာ လက်ကချောချော မောမော အလိုလိုဖြေပေးသွားသည်။ စိတ်ကဘာမှ ထွေထွေထူးထူး ရပ်တန့် စဉ်းစားနေစရာမလိုတော့ပေ။ (Overlearning)

ဘာကြောင့်လဲ။

အာသေဝနပစ္စယသတ္တိသဘော။

အာသေဝနပစ္စယောဟူသည်ကား ကြိမ်ဖန်များစွာများစွာထပ်ကြိမ် (Frequency) များ လေ့ကျင့်ထားခြင်းအဟုန်သည် စာမေးပွဲမှာ စွမ်းအားထုတ်ပြလေတော့သည်။ ရေးကျက်ခြင်းက တန်ခိုးထက်လှသည်။

အချို့က အာဂုံရအောင် စာကျက်ထား၏။ ချပြီးရေးလေ့မရှိ။ လွဲချော်နေပြီနော်။ ရေးကျင့်မရှိခဲ့ဘဲရေး၍ဖြေဆိုရသည့်စာမေးပွဲမှာ ပက်လက်လန်တော့သည်သာ။

စာမေးပွဲသည် တစ်နှစ်လုံး သင်ထားခဲ့ပြီးသော သင်ခန်းစာတွေပဲမေးခြင်းပါ။ သင်သမျှကို ခြုံငုံပြီး သိမြင်နားလည်အောင် ပြင်ပဗဟုသုတစာအုပ်များကိုလည်း ကျယ်ပြန့်စွာဖတ်ရှုရပါမည်။ ကောင်းနိုးရာရာ မှတ်သားတတ်ရမည်။

ကျောင်းစာမှလွဲ၍ ပြင်ပဗဟုသုတစာပေကို လုံးဝမဖတ်သော ကျောင်းသား ကျောင်းသူများသည် ပေးမှတ် ၇၅ မှတ်အထိတော့ ဖြေနိုင်သေး၏။ ထဲထဲဝင်ဝင် ကျယ်ကျယ်ပြန့်ပြန့် ဗဟုသုတရှိမှ ကောင်းစွာဖြေတတ်မည့်(အခက်ဆုံးအဆင့်) ၂၅ မှတ်ဖိုးကိုကား နားတောင်လည်မှာ မဟုတ်တော့ပေ။

ဂုဏ်ထူးရလိုလျှင် ရမှတ်ကောင်းချင်လျှင် ပြင်ပဗဟုသုတစာအုပ်တွေပါ အချိန်ရသမျှဖတ်ရမည်။

လူတစ်ယောက်၏ဘဝမှာ ပညာရေးသည် အခြေခံကျ၍အရေးကြီးလှပါသည်။ သို့ရာတွင် ဘွဲ့မရဘဲနှင့်လည်း ဝန်ကြီးဖြစ်နိုင်သည်။ ဘယ်တက္ကသိုလ်မှမတက်ဖူးဘဲနှင့်လည်း သူဌေးသူကြွယ်ကြီး ဖြစ်နိုင်သည်။

ပညာဆိုသည်ကား စာသင်ခန်းထဲမှာသာ ရှိသည်မဟုတ်။ စာသင်ခန်း ပြင်ပမှာလည်း ရှိပေသည်။ ကျောင်းစာ တစ်ခုတည်းဖြင့် လူတစ်ယောက်၏ဘဝအောင်မြင်မှုကို တိုင်းတာ၍မပြီးချေ။ အခြားအခြေအနေတွေရှိသေးသည်။

စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး အစရှိသော နယ်ပယ်တွေလည်း ရှိပေသေးသည်။ ပညာရေး၏ ဦးတည်ချက်မှာ ငါကောင်းစားရေးအတွက် အဓိကမဟုတ်ချေ။ တိုင်းပြည်အကျိုး၊ လူမျိုး၏ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကမ္ဘာသူကမ္ဘာသားအားလုံး၏ ငြိမ်းချမ်းသာယာရေးကို ပါဝင်စွမ်းဆောင်နိုင်သူ နိုင်ငံသားကောင်းများ မွေးထုတ်ပေးရန်ဖြစ်၏။

လောကတ္ထစရိယ၊ လောကကောင်းကျိုးဟူသော ပရဟိတ၊ လူအများ အကျိုးအတွက် ဦးစားပေး ထမ်းဆောင်သူဖြစ်အောင် မိမိကိုယ်ကိုလည်း ကိုယ်တိုင်ပျိုးထောင်နိုင်မှ အစစ်အမှန်အောင်မြင်သော သူဖြစ်ပါပေသည်။ ချစ်လို့ပြောတာမှတ်ပါ။

# မဟာသကျရံသီရုပ်ရှင်တော်မြတ်ကြီး အောင်မောင်ဦတောင်ညွန့်သို့ အောင်မြင်စွာပင့်ဆောင်ပြီးစီး



**နေပြည်တော် ဇွန် ၂၀**

အောင်မောဦတောင်ခြေ၌ ယာယီသီတင်းသုံးတော်မူနေသည့် မဟာသကျရံသီရုပ်ရှင်တော်မြတ်ကြီးအား ယနေ့တွင် ကိန်းဝပ်စံပယ်တော်မူမည့် အောင်မောဦတောင်ညွန့်ရှိ သတ်မှတ်နေရာသို့ မင်္ဂလာကရိန်းယာဉ်များဖြင့် ပင့်ဆောင်နိုင်ခဲ့ပြီဖြစ်သည်။

ယခုအခါ မဟာသကျရံသီရုပ်ရှင်တော်မြတ်ကြီးကို သတ်မှတ်နေရာသို့ အောင်မြင်စွာ ပင့်ဆောင်ပူဇော်နိုင်ခဲ့ပြီဖြစ်၍ သီတင်းသုံးစံမြန်းမည့် ဂန္ဓကုဋိကျောင်းဆောင်နှင့် လိုအပ်သည့် သာသနိကအဆောက်အအုံများကို ဆက်လက်တည်ဆောက်လျက်ရှိသည်။

ယခုရုပ်ရှင်တော်မြတ်ကြီးသည် ဉာဏ်တော်အမြင့် ၃၂ ပေရှိ ရုပ်တော်မူကိုယ်တော်ကြီးဖြစ်ကာ တန်ချိန်ပေါင်း ၁၀၉ တန်ရှိပြီး စကျင်ကျောက်ရုပ်တော်မူ ဆင်းတုများထဲတွင် ဉာဏ်တော်အမြင့်ဆုံးဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# အနည်းဆုံးအခကြေးငွေသတ်မှတ်နိုင်ရေးဆွေးနွေးချက်နှင့် သုတေသနလုပ်ငန်းများမှ ရလဒ်များအခြေခံ၍ အာဆီယံနိုင်ငံများတွင် ကျင့်သုံးနေသည့် သတ်မှတ်ချက်များနှင့်နှိုင်းယှဉ်ပြီး အဖြေရှာရမည်

**နေပြည်တော် ဇွန် ၂၀**

အနည်းဆုံးအခကြေးငွေ သတ်မှတ်ခြင်းဆိုင်ရာ အမျိုးသားကော်မတီ၏ (၆) ကြိမ်မြောက် အစည်းအဝေးကို ဇွန် ၁၇ ရက်က နေပြည်တော်ရှိ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်က အနည်းဆုံးအခကြေးငွေ သတ်မှတ်နိုင်ရေးကို လုပ်ငန်းစဉ်(၅)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိရာ အလုပ်ရှင်နှင့် အလုပ်သမား ဆွေးနွေးချက်ရလဒ်များ၊ သုတေသနလုပ်ငန်းများမှ ရလဒ်များကိုအခြေခံ၍ အာဆီယံနိုင်ငံများတွင် ကျင့်သုံးနေသည့် သတ်မှတ်ချက်များနှင့်အညီ ချိန်ထိုးနှိုင်းယှဉ်ပြီး အဖြေရှာသွားရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အလုပ်သမားများနှင့် ၎င်းတို့၏မိသားစုလိုအပ်ချက်များ၊ လက်ရှိလုပ်ခများ၊ စားဝတ်နေရေး ကုန်ကျစရိတ်များနှင့် အဆိုပါစရိတ်များ၏ ပြောင်းလဲချက်များ၊ လိုက်လျောညီထွေရှိမည့် လူနေမှုအဆင့်အတန်းနှင့် တစ်ဦးချင်းဝင်ငွေစသည်တို့ကို အဓိကထားပြီး ထည့်သွင်းတွက်ချက်ရမည် ဖြစ်ကြောင်း။

လက်ရှိအနေအထားအရ ထည့်သွင်းစဉ်းစားရမည့် အခြေခံအချက်များအားလုံးကို စိစစ်ပြီး မြန်မာအလုပ်သမားများနှင့် အလုပ်ရှင်များအတွက် အဖြစ်နိုင်ဆုံး နည်းလမ်းများကို အကြံပြုဆွေးနွေးကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါ်ဝင်းမော်ထွန်းနှင့် အတွင်းရေးမှူး ဦးမျိုးအောင်တို့က အနည်းဆုံးအခကြေးငွေသတ်မှတ်နိုင်ရေးအတွက် ဆောင်ရွက်ချက်များကို ရှင်းလင်းဆွေးနွေးပြီး အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO)မှ အနည်းဆုံး အခကြေးငွေဆိုင်ရာ ကျွမ်းကျင်သူ Mr.Malte Luebker နှင့် Myanmar Development Research Institute(MDRI) မှ ပညာရှင်များက နိုင်ငံတကာအတွေ့အကြုံများကို ရှင်းလင်းတင်ပြဆွေးနွေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အလုပ်သမားရေးရာဆိုင်ရာဝန်ကြီးများ၊ အလုပ်ရှင်နှင့် အလုပ်သမားကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသူများမှ အနည်းဆုံးအခကြေးငွေ အဆိုပြုနှုန်းထားတစ်ရပ် ထုတ်ပြန်နိုင်ရေးအတွက် သတ်မှတ်သင့်သည့်ပုံစံနှင့် အဆိုပြုနှုန်းထားများကို အဓိကထားဆွေးနွေးခဲ့ပြီး ဇွန် ၂၂ ရက်မှ ၂၄ ရက်အထိ ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၌ အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲနှင့် အမျိုးသားကော်မတီ၏ (၇)ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးများကို ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

■ ***ကျောက်ဖြူမှ***

ဩရိသကမ်းခြေတောင်ပိုင်းကို ဖြတ်ကျော်ဝင်ရောက်နိုင်သည်ဟု ခန့်မှန်းရသည်။ မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ အဝါရောင်အဆင့်ရှိပြီး မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိဟုသတ်မှတ်သည်။

အဆိုပါ မုန်တိုင်းငယ်၏အရှိန်ကြောင့်မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် ကြိုတင်သတိပြုရန် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။

**(မြန်မာ့အလင်း)**

● ***ကျောက်ဖြူမှ***

အခြားရွာများသာမက အင်းတော်မြို့နယ်နှင့် ထီးချိုင့်မြို့နယ်များရှိ ကျေးရွာအများအပြားမှ ပြည်သူများအနေဖြင့်လည်း မြစ်ရေကို အသုံးပြု၍မရသည့်အပြင် အခက်အခဲများစွာ ကြုံတွေ့နေရကြောင်း သိရသည်။

ဗန်းမောက်မြို့နယ်အတွင်း၌ ခေါင်တုံ့ရွာနှင့် အင်းပေါက်၊ ကလပ်၊ နောင်မို၊ မံထုံ၊ တာမကျိုင်း၊ မဲတော၊ ပန်းတော၊ ခရမ်းဆိပ်၊ ဥမှင်၊ ပင်လုံ၊ တုံးလှော်၊ ကိုင်းကြီး၊ ခေါင်းကိုက်၊ ကွဲကောကြီး၊ တောင်ချောင်းပေါက် ရွာများ၊ အင်းတော်မြို့နယ်အတွင်း၌ မြသီတာ၊ သီလ၊ တုံးပု၊ တာပေါ၊ ကွဲကောလေး၊ ဆိပ်သာ၊ ကွဲကူး ရွှေငှက်၊ ဝါးဖြူတောင်၊ လောင်းစု၊ သစ်လှတော၊ ညောင်ပင်သာ၊ တံခွန်တိုင်၊ တုံးစီ၊ အလယ်ဆိပ်၊ ပင်သချော၊ ကျောက်အိုး၊ လက်ပံတန်း၊ သက္ကယ်ကျင်း၊ ဂျုံးဂျုံးဂျ၊ ထန်းတော၊ ကျောက်ဆင်၊ ကျောင်းကုန်း၊ စကားပင်နှင့် ပိန္နဲကုန်းကျေးရွာများ၊ ထီးချိုင့်မြို့နယ်ရှိ အချို့ရွာများမှာလည်း မဲဇာမြစ်ရေကို အဓိကအားထားနေရသော ကျေးရွာများဖြစ်ရာ မဲဇာမြစ်ရေပျက်စီးလာမှုများကြောင့် မြစ်ရေများကို ချိုးရေအဖြစ် အသုံးပြု၍ မရတော့ဘဲ အခက်အခဲများ ကြုံတွေ့နေရကြောင်း ဒေသခံပြည်သူအချို့၏ ပြောကြားချက်များအရ သိရသည်။

**သန်းမောင်လေး(ကချင်မြေ)**



မဲဇာမြစ်အတွင်း စက်ယန္တရားများအသုံးပြု၍ ရွှေတူးဖော်နေမှုကို တွေ့ရစဉ်။



# ဇမ္ဗူသီရိမြို့နယ် စာသင်ကျောင်းများတွင် သွေးလွန်တုပ်ကွေးကာကွယ်ရေးဆောင်ရွက်

**နေပြည်တော် ဇွန် ၂၀**

နေပြည်တော်ကောင်စီဝင် ဦးမျိုးညွန့်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် အောင်ဇမ္ဗူရပ်ကွက်၌ နေပြည်တော်စည်ပင်သာယာရေးကော်မတီ(လမ်း/တံတား)မှ ရပ်ကွက်ပတ်လမ်း ကတ္တရာလမ်းခင်းနေမှုကိုစစ်ဆေးပြီး ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လက်ပံခါးလှကျေးရွာတွင် သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် ပေ ၄၂၀ အနက်ရှိ အဝီစိတွင်းမှ ရေထွက်မှုကိုကြည့်ရှုပြီး ကျေးရွာစာကြည့်တိုက်၌ ရပ်မိရပ်ဖများနှင့်တွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့သည်။

ယင်းနောက် ဂုံမင်းအင်းကျေးရွာသို့သွားရောက်၍ ကျေးရွာပတ်လမ်း ကတ္တရာခင်းနေမှုနှင့် ရေတွင်းနှင့် ရေကန်များကိုကြည့်ရှုပြီး လိုအပ်သည်များကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်ခဲ့သည်။

ထို့နောက် အမှတ်(၅)နှင့် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းများတွင် သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအတွက် စာသင်ခန်းများအတွင်း ခြင်ဆေးဖျန်းခြင်း၊ ရေအိုး၊ ရေကန်များနှင့် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ ဆောင်ရွက်မှုကို ကြည့်ရှုအားပေးသည်။

ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း ၂၂ ကျောင်းတွင် သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးလုပ်ငန်းများကို ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့နှင့်ပူးပေါင်း၍ စီမံချက်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

❋ ***ရွှေဖုံးမှ***

ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများ၊ နည်းပြများ၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ တက်ရောက်ကြသည်။

အခမ်းအနား၌ နိုင်ငံတော်သမ္မတက ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ယနေ့အခမ်းအနားတွင် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများဖြစ်ကြသည့် မြန်မာယူ ၂၀ ဘောလုံးအသင်း၊ မြန်မာယူ ၂၃ ဘောလုံးအသင်း၊ မြန်မာ့လက်ရွေးစင် အမျိုးသားဘောလုံးအသင်း၊ မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းအပါအဝင် (၂၈) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် နိုင်ငံ့ဂုဏ်ဆောင်ခဲ့ကြသည့် အားကစားအဖွဲ့ချုပ် တာဝန်ခံများ၊ အုပ်ချုပ်သူများ၊ နည်းပြများနှင့် အားကစားသမားများကို အထူးစီစဉ်ဂုဏ်ပြုခွင့်ရသည့်အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်မိပါကြောင်း။

မိမိအနေဖြင့် ဝမ်းသာပီတိဖြစ်ရသကဲ့သို့ မြန်မာနိုင်ငံသားအားလုံးသည် မြန်မာ့အားကစားလောက ပြန်လည်နိုးထ အောင်မြင်မှုအခွင့်အလမ်းများ ပေါ်ထွန်းလာသည့်အတွက်ကြောင့် ဝမ်းမြောက်ဝမ်းသာကြိုဆိုအားပေးနေကြသည်ကို အထင်အရှားတွေ့ရှိရမည် ဖြစ်ပါကြောင်း။

စင်ကာပူနိုင်ငံတွင် ကျင်းပခဲ့သည့် (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံက အားကစားနည်း(၃၁) နည်းပါဝင်ယှဉ်ပြိုင်ခဲ့ရာတွင် အားကစားနည်း (၁၅) နည်းက ရွှေ၊ ငွေ၊ ကြေးဆုတံဆိပ် ၆၉ ခု ဆွတ်ခူးခဲ့သည့်အနက် ဂျူဒို၊ ပိုက်ကျော်ခြင်း၊ ခြင်းလုံး၊ ရိုးရာလေ့၊ ဝူရှူး၊ ဘိလိယက်နှင့် စနူကာ၊ ကနူးကယက်များတွင် ရွှေတံဆိပ်ရယူနိုင်ခဲ့သည်ကို တွေ့ရပါကြောင်း။

အခြားအားကစားနည်းများတွင် ဆုတံဆိပ်မရခဲ့ကြသော်လည်း နိုင်ငံ့အတွက် အကောင်းဆုံးကြိုးစားယှဉ်ပြိုင်ခဲ့ကြသည်ကို တွေ့ရှိရပြီး နိုင်ငံတကာအတွေ့အကြုံများ ရရှိခဲ့ကြပါကြောင်း၊ ပြိုင်ပွဲအသီးသီးအနက် မြန်မာ့လက်ရွေးစင် ယူ-၂၃ ဘောလုံးအသင်းသည် အားကစားစိတ်ဓာတ်၊ ဖွဲ့ လုံ့လနှင့် **"မြန်မာ"** ဆိုသည့် အမျိုးသားရေးစိတ်ဓာတ်အားမာန်ကိုမြန်မာတစ်မျိုးသားလုံး၏ ရင်ထဲတွင် ထင်ဟပ်အောင် ကြိုးပမ်းပြသနိုင်ခဲ့ပါကြောင်း။

မိမိအပါအဝင် နိုင်ငံသားအားလုံးက ယခုကဲ့သို့ နိုင်ငံနှင့်လူမျိုးဂုဏ်ဆောင်နိုင်စေရန် ရေကုန်ရေခန်းကြိုးစားယှဉ်ပြိုင်ခဲ့ကြသည့် ဘောလုံးသမားများအပါအဝင် အားကစားကဏ္ဍအသီးသီးက အားကစားသမားအားလုံးကို ချီးကျူးဂုဏ်ပြုပါကြောင်း၊ မိမိတို့အစိုးရ စတင်တာဝန်ယူချိန်ကတည်းက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ခဲ့သည့်နေရာတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးမှာ အဓိကကျသည့်အတွက် တစ်မျိုးသားလုံး ပညာရည်မြင့်မားရေးနှင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး မျှော်မှန်းချက် (Vision) ချမှတ်ပြီး အကောင်အထည်ဖော်လျက် ရှိပါကြောင်း။

ယခုဆိုလျှင် မြို့နယ်များတွင် အားကစားကလပ်အသင်း စုစုပေါင်း ၁၀၄၇ ခု ဖွဲ့စည်းလှုပ်ရှားနေပြီဖြစ်ပြီး အားကစားနှင့် ကာယသိပ္ပံလေးခု အပြင် အားကစားနှင့် ပညာရေးပေါင်းစပ်မှု အစီအစဉ်များအဖြစ် အခြေခံမှ တက္ကသိုလ်အဆင့်ထိ ပူးပေါင်းလေ့ကျင့်ပြုစုပျိုးထောင်မှုများ ပြုလုပ်လျက်ရှိပါကြောင်း၊ မကြာမီတွင် အားကစားတက္ကသိုလ်ကြီးတစ်ခု ထူထောင်ဖွင့်လှစ်နိုင်ရန် စီစဉ်လျက်ရှိနေပြီဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံအတွက် ၂၀၁၃ ခုနှစ်တွင် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအား ပြန်လည်လက်ခံကျင်းပခွင့်ရခဲ့ခြင်းသည်မြန်မာ့အားကစား တစ်ခေတ်ဆန်းသစ်ရန် အစပျိုးခဲ့ခြင်းဖြစ်သည့်အတွက် ၂၀၁၃ ခုနှစ်သည် မြန်မာ့အားကစားအဆင့်အတန်းကို နိုင်ငံတကာအဆင့် တက်လှမ်းနိုင်ရန်အရှိန်အဟုန်ရရှိစေခဲ့သည့် ထူးခြားသည့် နှစ်တစ်နှစ်ဖြစ်ပါကြောင်း။

၂၀၁၃ ခုနှစ်နောက်ပိုင်း FIFA U-20 World Cup ပြိုင်ပွဲတွင်မြန်မာ့လက်ရွေးစင် ယူ-၂၀ ဘောလုံးအသင်းသည် ကမ္ဘာ့အဆင့်ပြိုင်ပွဲသို့ တက်လှမ်းနိုင်ခဲ့မှုနှင့် ယခုအရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်ယူ-၂၃ ဘောလုံးအသင်းတစ်သင်းလုံးနှင့် အုပ်ချုပ်သူ၊ အသင်းနည်းပြအားလုံးတို့၏ အနိုင်မခံအရှုံးမပေးသော ဇွဲ စိတ်ဓာတ်ဖြင့် ကြိုးပမ်းအားထုတ်ခဲ့မှုတို့သည် မြန်မာ့အားကစားအဆင့်အတန်းကို ဒေသတွင်းနှင့် နိုင်ငံတကာအဆင့်ထိ တက်လှမ်းလာနိုင်သည့် အရှိန်အဟုန်များ၊ အားမာန်များ ရရှိစေခဲ့သည်ဟု ယုံကြည်ပါကြောင်း။

မြန်မာလက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းနှင့် ကျန်အားကစားအဖွဲ့များသည်လည်း သူ့နေရာနှင့်သူ နိုင်ငံအတွက် အစွမ်းကုန် ကြိုးစားခဲ့မှုအတွက် အသိအမှတ်ပြု ဂုဏ်ယူပါကြောင်း၊ **"နိုင်ငံကြီးသားပီသတဲ့စိတ်ဓာတ်"** ကို ဘောလုံးပွဲများတွင် ပါဝင်ယှဉ်ပြိုင်သည့် အားကစားသမားများ၏ သန့်သန့်ရှင်းရှင်းနှင့် ယှဉ်ပြိုင်မှုတွင် မြင်တွေ့ရသကဲ့သို့ အားပေးကြသည့်ပြည်သူတစ်ရပ်လုံး၏ စည်းကမ်းတကျနှင့် အားပေးမှုများသည် မြန်မာနိုင်ငံသားများ၏ နိုင်ငံကြီးသားပီသသည့် စိတ်ဓာတ်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ် အလေးထားချစ်မြတ်နိုးသည့် စိတ်ဓာတ်များရှိနေသည်ကို နိုင်ငံတကာက သိမြင်စေခဲ့သည့်အတွက်ကြောင့် နိုင်ငံတော်အတွက် ဂုဏ်ယူစရာတစ်ခုပင် ဖြစ်ပါကြောင်း။

မြန်မာဘောလုံးအသင်းများ၏ ခြေစွမ်းပြကစားပုံနှင့် စိတ်ဓာတ်ပြင်းပြစွာ ကြိုးစားအားထုတ် ယှဉ်ပြိုင်မှုကြောင့် အသင်းသားအားလုံးသည် ရွှေတံဆိပ်မရရှိခဲ့သော်လည်း နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့မှုအပေါ် "ပြည်သူသန်း(၅၀)ကျော်၏ ရင်ထဲက ချစ်ခြင်းမေတ္တာ"ကို ရရှိခဲ့သည့်အပြင် အားကစားသမားများနှင့် တာဝန်ရှိသူများအားလုံးသည်လည်း ပြည်သူများ၏ ချန်ပီယံများ ဖြစ်ပါကြောင်း။

အားကစားမောင်မယ်များ၏ နိုင်ငံတော်အတွက် ကိုယ်ပင်ပန်း စိတ်ပင်ပန်း အနစ်နာခံကြိုးပမ်းမှု၊ အားကစားစိတ်ဓာတ်အပြည့်အဝရှိမှု၊ မြန်မာဆိုသည့် အနိုင်မခံ အရှုံးမပေးဘဲ ယှဉ်ပြိုင်မှု စိတ်ဓာတ်များသည် မြန်မာနိုင်ငံတစ်ဝန်းက ပြည်သူများ၏ စိတ်ဓာတ်ခွန်အားများကိုပါ မြင့်မားစေခဲ့သည့်အတွက်ကြောင့် ယင်းစိတ်ဓာတ်နှင့် အရှိန်အဟုန်ကို ထိန်းသိမ်းပြီး မြန်မာ့အားကစားကို ဒေသတွင်းသာမက နိုင်ငံတကာ အလယ်တွင် နေရာရရှိစေရန် ဆက်လက်ကြိုးပမ်းသွားနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက မြန်မာယူ-၂၀ ဘောလုံးအသင်း၊ မြန်မာယူ-၂၃ ဘောလုံးအသင်း၊ မြန်မာ့လက်ရွေးစင် အမျိုးသမီး ဘောလုံးအသင်း၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်၊ မြန်မာနိုင်ငံပီတန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ သေနတ်ပစ်အဖွဲ့ချုပ်၊ မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်၊ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်၊ မြန်မာနိုင်ငံဝူရှူး အဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်တို့အား ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အောင်ပွဲရအားကစားသမားများကိုယ်စား မြန်မာယူ-၂၃ ဘောလုံး အသင်းခေါင်းဆောင် နေလင်းထွန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ညပိုင်းတွင် နိုင်ငံတော်သမ္မတက မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများ၊ နည်းပြများ၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများအား ဂုဏ်ပြုညစာ စားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ညစာစားပွဲအခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတနှင့် ဧည့်သည်တော်များသည် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများနှင့် အတူစုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယနေ့ဂုဏ်ပြုပွဲအခမ်းအနားတွင် ရွှေတံဆိပ်ဆုရရှိသော အားကစားသမားများအား ဆုချီးမြှင့်ငွေကျပ်သိန်းပေါင်း ၁၆၅၀ ကိုလည်းကောင်း၊ ငွေတံဆိပ်ဆုရရှိသော အားကစားသမားများအား ဆုချီးမြှင့်ငွေကျပ်သိန်းပေါင်း ၁၃၀၅ သိန်းကိုလည်းကောင်း၊ ကြေးတံဆိပ်ဆုရရှိသော အားကစားသမားများအား ဆုချီးမြှင့်ငွေကျပ်သိန်းပေါင်း ၈၃၉ သိန်းကိုလည်းကောင်း ချီးမြှင့်ခဲ့ပြီး စုစုပေါင်းချီးမြှင့်ငွေကျပ်သိန်းပေါင်း ၃၇၉၄ သိန်းရှိကြောင်း သိရသည်။

ထို့ပြင် အလှူရှင် ၂၆ ဦးက ငွေကျပ်သိန်းပေါင်း ၃၁၄၀ ကို မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သို့လည်းကောင်း၊ အလှူရှင် ၁၃ ဦးက ငွေကျပ်သိန်းပေါင်း ၁၂၆၀ ကို (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဝင် မြန်မာအားကစားသမားများအတွက်လည်းကောင်း စုစုပေါင်းကျပ်သိန်း ၄၄၀၀ ကို လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများအား ဂုဏ်ထူးဆောင်လက်မှတ်ချီးမြှင့်ခြင်းနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။** (သတင်းစဉ်)




**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြန်မာယူ-၂၃ ဘောလုံးအသင်း ဂိုးသမား ကျော်ဇင်ဖြိုးအား ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။** (သတင်းစဉ်)

# ထောက်ကြန့်မြို့နယ်၌ စကိတ်စီးအားကစားကွင်းသစ်ဖွင့်

**ရန်ကုန် ဇွန် ၂၀**

မြန်မာနိုင်ငံတွင် စကိတ်စီးအားကစားကို နေရာဒေသမရွေး ကစားနေခြင်းကြောင့် စကိတ်စီးအားကစားသမားလူငယ်/ လူရွယ်များ နည်းစနစ်တကျ အန္တရာယ်ကင်းရှင်းစွာ တစ်နေရာတည်းကစားနိုင်ရေးနှင့် စကိတ်အားကစားနည်းဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတော်တွင် အားကစားနည်းတစ်ခုအဖြစ် နိုင်ငံတကာပြိုင်ပွဲများအထိ ထိုးဖောက်ယှဉ်ပြိုင်နိုင်ရေးရည်ရွယ်ပြီး ရန်ကုန်တိုင်းဒေသကြီး ထောက်ကြန့်မြို့နယ်ရှိ MILLION SKATE LAND အားကစားရုံသစ်ကို မြန်မာနိုင်ငံစကိတ်စီးအားကစား ဝါသနာရှင်အသင်းက တည်ဆောက်ပေးခဲ့ရာ အဆိုပါစကိတ်စီးအားကစားရုံသစ်ကို မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ မြန်မာနိုင်ငံအမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ယနေ့ နံနက် ၉ နာရီက ဖွင့်လှစ်ပေးသည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးက ယနေ့ဖွင့်လှစ်လိုက်သည့် စကိတ်စီးအားကစားကွင်းသစ်သည် စကိတ်စီးဝါသနာရှင် လူငယ်/လူရွယ်များကို တစ်နေရာတည်း၌ စနစ်တကျနှင့်အသက်အန္တရာယ်ကင်းရှင်းစွာ ကစားနိုင်ရေးအတွက် မြန်မာနိုင်ငံစကိတ်စီးအားကစားဝါသနာရှင်များအသင်းက တည်ဆောက်ပေးပြီး စနစ်တကျကစားစေလိုပါကြောင်း၊ ထိုမှတစ်ဆင့် စကိတ်စီး အားကစားသမားများ ပေါ်ထွက်လာပြီး အားကစားအဖွဲ့ချုပ်တစ်ခုအနေဖြင့် နိုင်ငံတကာ စကိတ်ပြိုင်ပွဲများသို့ ဝင်ရောက် ယှဉ်ပြိုင်စေလိုကြောင်း၊ စကိတ်စီးခြင်းဖြင့် လူငယ်များ ကျန်းမာကြံ့ခိုင်ပြီး ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်သည့်အတွက် ပညာရေးအပြင် အားကစားကိုလေ့ကျင့်လိုက်စားစေလိုပါကြောင်း၊ ဆေးသောက်ပြီး ကျန်းမာမည့်အစား အစဉ်အမြဲကျန်းမာစေဖို့ လူတိုင်းလူတိုင်း အရွယ်သုံးပါးမရွေး အားကစားနည်းတစ်ခုခုကို လေ့ကျင့်လိုက်စားစေလိုကြောင်း၊ မိဘများအနေဖြင့်လည်း မိမိတို့၏ ရင်သွေးများကို ပညာရေးအပြင် အားကစားကိုပါ တွဲဖက် သင်ကြားပေးစေခြင်းဖြင့် နိုင်ငံတော်အတွက်အားထားရသည့် ကျန်းမာကြံ့ခိုင်သော လူရည်ချွန်များဖြစ်လာမည် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် တစ်ကိုယ်တော်စတာလွန် စကိတ်စီးသရုပ်ပြသခြင်း၊ အဖွဲ့လိုက် စတာလွန်စကိတ်စီးသရုပ်ပြသခြင်း၊ စကိတ်ဘုတ်စီး၍ သရုပ်ပြသခြင်းနှင့် Aggresgive Inline သရုပ်ပြသခြင်းများကိုလည်းကောင်း၊ အသက် ၁၃ နှစ် အောက်စကိတ်စီးပြိုင်ပွဲများကိုလည်းကောင်း ကြည့်ရှုအားပေးခဲ့သည်။

အဆိုပါ စကိတ်စီးပြိုင်ပွဲသို့ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်အားကစားသမားပေါင်း ၃၀၀ ကျော်တို့က စကိတ်အားကစားပြိုင်ပွဲ ၁၁မျိုးကို အသက် ၁၃ နှစ်အောက် ပြိုင်ပွဲနှင့် အလွတ်တန်းပြိုင်ပွဲ နှစ်တန်း ယှဉ်ပြိုင်မည်ဖြစ်ရာ ပြိုင်ပွဲကို ဇွန် ၂၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**





# ထန်းတပင် အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲကျင်းပ

**ရန်ကုန် ဇွန် ၂၀**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြင့်ဆွေသည် ယနေ့နံနက် ၉နာရီတွင် ထန်းတပင်မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါဆိုင်ရာ ကျန်းမာရေးပညာပေးဟောပြောပွဲသို့ တက်ရောက်ပြီး ထန်းတပင်မြို့တွင်းရှိ ဗိုလ်ချုပ်လမ်း လမ်းဘေးဝဲယာ တစ်လျှောက် နေအိမ်များတွင် သွေးလွန်တုပ်ကွေးရောဂါကြိုတင် ကာကွယ်ရေးအတွက် ခြင်ဆေးမှုတ်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ထန်းတပင်အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို ကျင်းပရာ တိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးသန်းမြင့်၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာ မြင့်သိန်း၊ မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးနိုင်ငံသံအမတ်ကြီး H.E. Mr. Daniel Zohar Zonshine နှင့် တာဝန်ရှိသူတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဝန်ကြီးချုပ် ဦးမြင့်ဆွေက ကျောင်းဆောင်သစ် ကမ္ပည်းမော်ကွန်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးပြီး ကျောင်းဆောင်သစ်အား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး **(အောက်ပုံ)** လှိုင်ရတနာခန်းမ၌ အမှာစကား ပြောကြားသည်။

ထို့နောက် ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးအိုက်ထွန်းက ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးနိုင်ငံသံအမတ်ကြီးက အလှူရှင်များကိုယ်စား ဝမ်းမြောက်စကားပြောကြားသည်။

ယင်းနောက် ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှု ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌက ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများနှင့် ထန်းတပင် အထက မြတ်ဆရာပူဇော်ပွဲအတွက် ရန်ပုံငွေကျပ် သိန်း ၅၀ ကို တာဝန်ရှိသူထံပေးအပ်သည်။

ထို့နောက် ထန်းတပင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းမူက ကျေးဇူးတင်စကားပြောကြားခဲ့သည်။ **(သတင်းစဉ်)**



# ဖျူးမြို့နယ် စာရေးဆရာအသင်း လုပ်ငန်းဆိုင်ရာ အစည်းအဝေးကျင်းပ

**ဖျူး ဇွန် ၂၀**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖျူးမြို့နယ်စာရေးဆရာအသင်း၏ လုပ်ငန်းဆိုင်ရာ အစည်းအဝေးနှင့် သက်ကြီးစာရေးဆရာအသင်းဝင် နှစ်ဦးတို့အား ပူဇော်ကန်တော့ပွဲကို ဇွန် ၂၀ ရက် နံနက် ၁၀ နာရီက ဖျူးမြို့ ပဲခူးလမ်းရှိ ဆွမ်းလောင်းမဏ္ဍပ်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးကျော်ဆွေဝင်း (ကျော်ဆွေဝင်း-ရွှေအင်း)က အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဦးဖြူဝင်း (တမာသင်းခိုင်)က အဖွဲ့၏ ရှေ့လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသည့် စာရေးဆရာအသင်းဝင်များက အသင်း၏ ရှေ့လုပ်ငန်းစဉ်များ တိုးတက်ရာ တိုးတက်ကြောင်းများကို တင်ပြဆွေးနွေးကြပြီး အသက် ၇၀ နှစ် အထက် သက်ကြီးစာရေးဆရာ အသင်းဝင်အဖွဲ့နာယက ဦးမြင့်ဦး(ဖျူးမြင့်ဦး)နှင့် အဖွဲ့ဘဏ္ဍာရေးမှူး ဦးတင်လှိုင် (တင်မိုးလှိုင်)တို့ကို ထောက်ပံ့ငွေနှင့် အဝတ်အထည်များဖြင့် ပူဇော်ကန်တော့ကြကြောင်း သိရသည်။ **ဖျူးမြင့်ဦး**

## ပြင်ဆင်ဖတ်ရှုပါရန်

ဇွန် ၂၀ ရက်ထုတ် မြန်မာ့ အလင်းသတင်းစာ စာမျက်နှာ ၉ တွင် ဖော်ပြထားသည့် ရန်ကုန်မြို့ လှည်းတန်းမြို့နယ်၌ အထပ်မြင့်ကားပါကင်တစ်ခု တည်ဆောက်ရန် စီစဉ်လျက်ရှိ ခေါင်းစဉ်နှင့် သတင်းစာသားတွင် ပါရှိသော လှည်းတန်းမြို့နယ်၌ (အစား) ကမာရွတ်မြို့နယ် လှည်းတန်းလမ်းဆုံအနီး ဗောဓိရိပ်သာလမ်း၌ဟု ပြင်ဆင်ဖတ်ရှုပါရန် အနူးအညွတ်မေတ္တာရပ်ခံအပ်ပါသည်။ **(စာရေးသူ)**

# ပခုက္ကူ၌ ဝမ်းပျက်ဝမ်းလျှောဖြစ်ပွားခဲ့မှု တာဝန်ရှိသူများကွင်းဆင်းစစ်ဆေး

**ပခုက္ကူ ဇွန် ၂၀**

ဇွန် ၁၈ ရက်က ပခုက္ကူမြို့နယ်အတွင်းရှိ ကျေးရွာအချို့၌ မုန့်ဟင်းခါးရောင်းချသူများထံမှ ဝယ်ယူစားသုံးသူများ ဝမ်းပျက်ဝမ်းလျှောဖြစ်ပွားခဲ့ကြပြီး ဇွန် ၁၉ ရက် နံနက်ပိုင်းက နီးစပ်ရာ တိုက်နယ်ဆေးရုံများသို့ တက်ရောက်ကုသမှုများခံယူလျက်ရှိရာ သက်ဆိုင်ရာ တာဝန်ရှိအဖွဲ့အစည်းများအနေဖြင့် ဆေးကုသမှုခံယူနေသူများ၊ ကျန်းမာရေးစစ်ဆေးရန် လိုအပ်နေသူများအား ကြည့်ရှုစစ်ဆေးခြင်း၊ ဒေသတွင်း ကွင်းဆင်းစစ်ဆေးခြင်း လုပ်ငန်းများကို ယင်းနေ့ညနေ ၃ နာရီခွဲက ပြုလုပ်ခဲ့ကြောင်း သိရသည်။

ပခုက္ကူခရိုင် ပခုက္ကူမြို့နယ်ကမ္ဘပြည်သူ့ဆေးရုံသို့ သက်ဆိုင်ရာ တာဝန်ရှိသူများသည် မုန့်ဟင်းခါးစားပြီး အော့အန်သောလူနာများအား ကြည့်ရှုခြင်း၊ မုန့်ဟင်းခါး ရောင်းသူ ဒေါ်ထွေးရင် (၅၀နှစ်)ကို ကျန်းမာရေးစစ်ဆေးခြင်းများ ပြုလုပ်ခဲ့ကြောင်း၊ ထို့အပြင် ကမ္ဘအုပ်စု၊ ချောင်းဦးတိုရပ်ရှိ ဦးဖိုးဆန်း၏ အောင်ချမ်းသာ မုန့်ဟင်းခါးဖိုမှ မုန့်ဖတ်လုပ်သူ ဒေါ်စန်းစန်းဝင်းနှင့် ဒေါ်ခင်စန်းဝင်းတို့အား ကျန်းမာရေးစစ်ဆေးခြင်း၊ မုန့်ဟင်းခါးဖတ် ထုတ်လုပ်မှု နေရာများအား ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်ပြီး စစ်ဆေးရေးအဖွဲ့များသည် ကျပ်ပြည့်တိုက်နယ် ပြည်သူ့ဆေးရုံတွင် ဆေးကုသနေသော သံဃာတော်နှစ်ပါးနှင့် အမျိုးသမီးတစ်ဦးတို့အား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ချိုင်ကျေးရွာသို့ သွားရောက်ကာ မုန့်ဟင်းခါးရောင်းသူ ဒေါ်စိန်အေး (၅၃နှစ်) နှင့် မဝင်းမော် (၄၁နှစ်) တို့ကို ကျန်းမာရေးစစ်ဆေးခြင်းများ ပြုလုပ်ခဲ့ကြောင်း၊ မြစ်ခြေတိုက်နယ်ဆေးရုံ၌ဝမ်းပျက်ဝမ်းလျှောလူနာများအား ကြည့်ရှုစစ်ဆေးခဲ့ပြီး "အောင်ချမ်းသာ" မုန့်ဟင်းခါးဖိုမှ မုန့်ဖတ်တစ်ပိဿာအား စစ်ဆေးရန် ယူဆောင်လာခဲ့ကြောင်းသိရသည်။

မြစ်ခြေ၊ ကမ္ဘ၊ ကျပ်ပြည့်၊ ဗျင်းကျေးရွာများအတွင်း မုန့်ဟင်းခါး စားသုံးမှုများ၊ ရောင်းချမှုများအား သက်ဆိုင်ရာက ယာယီတားမြစ်ထားပြီး ဒေသတွင်း ကျန်းမာရေးစောင့်ရှောက်မှုများ အသိပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဇေယျာတု(မကွေး)**

ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မြေစိုက်ပိုစတာ စိုက်ထူပွဲကို ဇွန် ၂၀ ရက်က ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းနှင့် ဦးထောင်ဘိုလမ်းထောင့်၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်သက်ဌေး စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။ တင်စိုး(မြန်မာ့အလင်း)






# မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး ဟောပြော

**လွယ်ဂျယ် ဇွန် ၂၀**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် လွယ်ဂျယ်မြို့အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ဇွန် ၁၇ ရက် နံနက်က မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့်နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ အခမ်းအနား ကျင်းပခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# မီးရထားစက်ခေါင်း

ဆူးငှက်

ကျွန်တော်ငယ်ငယ်က မီးရထားစက်ခေါင်းတွေကို တော်တော်သဘောကျပါတယ်။ ပြောမယ့်သာပြောတာ. . တကယ်တမ်း ကျွန်တော်မွေးဖွားကြီးပြင်းတဲ့နေရာနဲ့ ဝန်းကျင်က မီးရထားနဲ့ ဘာမှပတ်သက်ဆက်စပ်ခြင်း မရှိပါဘူး။ ကျွန်တော်မွေးတာက မန္တလေးဈေးချိုတော် အနောက်ဘက် အိမ်တော်ရာ ဘုရားတောင်ဘက်မုခ်က ဆင်းရဲသားရပ်ကွက်လေးမှာပါ။ ကျွန်တော့်အသိုင်းအဝိုင်းထဲမှာလည်း မီးရထားဝန်ထမ်း၊ မီးရထားနဲ့ ပတ်သက်တာ တစ်ယောက်မှမရှိပါဘူး။ မီးရထားနဲ့ ခရီးသွားတာကလည်း တစ်နှစ်မှ တစ်ခေါက်တောင် အနိုင်နိုင်ပါ။ ဒါကလည်း မိဘတွေဇာတိဖြစ်တဲ့ ဘုတလင်ဘက်ကို နွေအခါမှာပြန်ဖြစ်တာပါ။

ဟုတ်ပါတယ်။ တစ်နှစ်မှ တစ်ခါဆိုသလို မီးရထားစီးဖြစ်တဲ့အချိန်မှာပဲ မီးရထားစက်ခေါင်းတွေကို စိတ်ဝင်စားသွားတာပါပဲ။ ကျွန်တော့်ဖခင်ဟာ ခရီးထွက်ရင် အလွန်ဝီရိယကောင်းလှပါတယ်။ မန္တလေး-ဘုတလင် လော်ကယ်က နံနက် ၅ နာရီခွဲလောက်မှ ထွက်တာပါ။ ဒါပေမယ့် အိမ်တော်ရာဘုရားတောင်ဘက်မုခ်အနီး နေအိမ်ကနေ မိုးမလင်းခင် နာရီပြန်နှစ်ချက်ခွဲ သုံးနာရီလောက်ကတည်းက ကိုသန်းလေး မြင်းလှည်းနဲ့ ဘူတာကို ထွက်ဖြစ်ပါတယ်။ ဒီတော့ ဘူတာထဲရောက်နေတာ နံနက်အရုဏ်တက် လေးနာရီဆိုတာ နောက်အကျဆုံးပါ။ မီးရထားလက်မှတ်ဝယ်အပြီး မန္တလေးဘူတာကြီး တောင်ဘက်အစွန် စက်ခေါင်းရုံနားမှာ တွဲထိုးထားတဲ့ ဘုတလင်လော်ကယ် ရထားတွဲဆိုင်းပေါ် ဘယ်ခရီးသည်မှ မရောက်သေးခင် အမှောင်ထဲမှာ ခြင်တဖျပ်ဖျပ်ရိုက်ရင်း ထိုင်နေရတာပေ့ါ။ ကျွန်တော်က ကလေးအရွယ်ဆိုတော့ အမှောင်ထဲက မီးရထားတွဲထဲတစ်နာရီလောက်ကြီး ဘယ်မှာထိုင်ချင်ပါ့မလဲ. . .။ တွဲအောက်ဆင်းပြီး ဟိုသည်ကြည့်ချင်တာပေ့ါ။ ဒီတော့ စက်ခေါင်းရုံနဲ့အနီးအနားဆိုတော့ အခြားစင်္ကြံတွေမှာ တွဲထိုးထားပြီး ထွက်တော့မယ့်ရထားတွဲတွေအတွက် မီးရထားစက်ခေါင်းကြီး တွေပြင်ဆင်နေတာ၊ ရှန်တိန်လုပ်နေတာတွေကိုကြည့်ရတာ ပျော်စရာကောင်းလှတယ်။ မည်းမည်းနက်နက် စက်ခေါင်းကြီးတွေက မီးရဲရဲ၊ ရေနွေးငွေ့တထောင်းထောင်း၊ မီးခိုးတလူလူနဲ့ ဥသြများဆွဲလိုက်ရင် လန့်သွားတာကိုက ပျော်စရာပါ။ အသားမည်းသလောက် ဖွေးဖွေးလက်နေတဲ့ ယူနီဖောင်းကို ကျကျနနဝတ်ပြီး မီးရထားစက်ခေါင်းကြီး တွေပေါ်ကနေ မောင်းတံကြီးတွေဆွဲ၊ သံလက်ကိုင်ဘီးတွေလှည့်၊ သံကြိုးကြီး တွေဆွဲပြီး စက်ခေါင်းကြီးကို မောင်းနှင်နေတဲ့ စက်ဗိုလ်ကြီးတွေကိုလည်း သဘောကျတယ်။ မောင်းတံကြီးများ ဆွဲလိုက်ရင် ရေနွေးငွေ့တွေ မှုတ်ထုတ်ပြီး ဧရာမ မီးရထား ဘီးလုံးကြီးတွေက မောင်းတံကြီးတွေ အလှုပ်အရှားနဲ့လည်ပတ်ပြီး စက်ခေါင်းကြီး ထွက်သွားတာ. . . နောက်ပြန်ဆုတ်သွားတာ။ ခေါင်းပေါ်က သံကြိုးလေးဆွဲလိုက်ရင် 'တူ'ခနဲ ဥသြသံကြီး မြည်ဟည်းသွားတာတွေလည်း စိတ်ဝင်စားစရာကောင်းတယ်။

ရေနွေးငွေ့အားနဲ့ မောင်းနှင်တဲ့ မီးရထားစက်ခေါင်းကြီးရဲ့ ပုံပန်းသဏ္ဌာန်၊ စက်ပစ္စည်းများ အလုပ်လုပ်ပုံတွေကို ကြည့်မဝ၊ ရှုမဝဖြစ်ရတယ်။ ဒီမီးရထားစက်ခေါင်းကြီးတွေရဲ့ ပုံသဏ္ဌာန်တွေကို သဘောကျလို့ မှတ်သားဖန်များလာတော့ ပန်းချီဝါသနာပါစ၊ ကျွန်တော့်ပန်းချီလေ့ကျင့်ခန်းဟာ အခြားသူတွေနဲ့မတူဘဲ မီးရထားစက်ခေါင်းကြီးရဲ့ ရှေ့တည့်အမြင်၊ ဘေးတိုက်အမြင်၊ ဘေးတစောင်းအမြင်ပုံတွေများတယ်။ ရေနွေးငွေ့စက်ခေါင်းကြီးက ဥသြသံပေးရင်း မီးခိုးတွေမှုတ်ထုတ်ကာ နောက်ပြန်ဆုတ်ခုတ်မောင်းလာရင်း ကျွန်တော်တို့စီးမယ့် ဘုတလင်လော်ကယ်ရထားတွဲဆိုင်းကို 'ဂျိမ်း'ခနဲ တွန်းလိုက်ပြီး မီးရထားအလုပ်သမားတွေက တွဲကိုချိတ်ဆက်လိုက်မှပဲ ကျွန်တော့်ကို ရထားတွဲပေါ် အဖေကပြန်တက်ခိုင်းတယ်။ ဒါပေမယ့် စက်ခေါင်းချိတ်ပြီး အနည်းဆုံး နာရီဝက်လောက်ကြာမှ ရထားထွက်မှာမို့ ကျွန်တော်က တွဲပေါ်မတက်ချင်သေးဘူး။ မီးရထားစက်ခေါင်းကြီးကို ကြည့်ချင်နေသေးတယ်။ နောက်ဆံတင်းငင်နဲ့ပေ့ါ။ တွဲပေါ်ကျန်ရစ်တဲ့အမေက စိတ်ပူလို့ တွဲပေါက်ကခေါင်းပြူပြီး တွဲပေါ်တက်ဖို့ တစာစာအော်ခေါ်နေပြီလေ. . .။

မီးရထားတွဲပေါ်ရောက် မီးရထားထွက်ပြီဆိုရင် မြို့ဟောင်းဘူတာက အထွက်ရောက်တော့ ကိုယ်စီးတဲ့ရထားတွဲရဲ့ ညာဘက်ခြမ်းကနေ ပြတင်းပေါက်မေးတင်ပြီး အနောက်ဘက်ကွေ့ဝိုက်သွားတဲ့လမ်းအတိုင်း ရှေ့က မီးခိုးတလူလူနဲ့ ခုတ်မောင်းသွားတဲ့ မီးရထားစက်ခေါင်းကြီးကို မမေ့မလျော့ကြည့်ရသေးတယ်။ မြို့ဟောင်းဘူတာကအထွက်မှာ တည့်တည့်သွားတာက ရန်ကုန်လမ်းမဟုတ်လား။ ဘုတလင်-မုံရွာသွားတဲ့လမ်းက အနောက်ဘက်ကွေ့ဝိုက်ချိုးသွားတာလေ။ အဲဒီလို လမ်းအကွေ့ကိုပဲ အမရပူရဆိပ်ကမ်းဘူတာကအထွက် စစ်ကိုင်းတံတားအဝင်မှာလည်းရှိတော့ အားမရသေးဘဲ ထပ်ကြည့်ရပြန်တယ်။ စစ်ကိုင်းတံတား သံမဏိ ခုံးကြီးအောက် မီးရထား စက်ခေါင်းကြီး ဝင်သွားတာက ပိုကြည့်ကောင်းတာကိုး . . .။ စစ်ကိုင်းက ကျော်တော့ ကျွန်တော် မကြည့်နိုင်တော့ဘူး။ ရထားတောက်လို့ အမေ့ ရင်ခွင်ကြား ခေါင်းတိုးဝင်ပြီး အိပ်ရပြီလေ. . .။ ဒါပေမယ့် ညောင်ပင်ဝန်းဘူတာရောက်ရင် ဈေးသည်တွေဆီက ထမင်းဝယ်စားရင်း ဘူတာထဲက ရေတိုင်ကြီးမှာ မီးရထားစက်ခေါင်းကြီးကတွဲကဖြုတ်ပြီး ရေထည့်တာမို့ တွဲပေါ်ကဆင်း ထမင်းစားရင်း ကြည့်ရသေးတယ်လေ. . .။




ငယ်ငယ်ကစိတ်ဝင်စားတဲ့ ရေနွေးငွေ့စက်ခေါင်းတွေကို ကြီးတော့လည်း စိတ်ဝင်စားတယ်။ အိမ်ထောင်ကျပြီး သားဦးရတာတောင်သားကို စက်ဘီးရှေ့ကခုံပေါ်တင်ပြီး ဘူတာကြီးထဲသွားထိုင်ရင်း စက်ခေါင်းတွေကို ကလေးကိုပဲ ပြသလိုလိုနဲ့ တမက်မောမောသွားကြည့်ဖြစ်ပါသေးတယ်။ စက်ခေါင်းကြီးတွေစိတ်ဝင်စားတော့ နည်းနည်းပါးပါး တီးခေါက်လေ့လာဖြစ်တဲ့အခါ . . . မြန်မာပြည်မှာ မီးရထားလမ်းစဖွင့်ကတည်းက ရေနွေးငွေ့စက်ခေါင်းတွေသုံးခဲ့တယ်။ နောက်ပိုင်း မြန်မာပြည်မီးရထားဌာနက တစ်လျှောက်လုံးသုံးခဲ့တဲ့ ရေနွေးငွေ့စက်ခေါင်းတွေမှာ အပေ့ါစားစက်ခေါင်းတွေက A တဲ့၊ E တဲ့၊ MS တဲ့၊ ST တဲ့၊ F တဲ့၊ FS တဲ့၊ L တဲ့၊ LS တဲ့။ အလတ်စားစက်ခေါင်းတွေကတော့ Jတဲ့၊ JS တဲ့၊ K တဲ့၊ KS တဲ့၊ C တဲ့. . .။ အကြီးစားစက်ခေါင်းကြီးတွေက YB တဲ့၊ YC တဲ့၊ YD တဲ့၊ D တဲ့၊ GB တဲ့၊ GC တဲ့. . .။ အဲဒီစက်ခေါင်းကြီးတွေဟာ အင်္ဂလန်နဲ့ အမေရိကန်လုပ်တွေဖြစ်တယ်။ ဂျပန်ခေတ်မှာတော့ ဂျပန်လုပ်စက်ခေါင်းတွေ ဝင်လာပေမယ့် မဖြစ်လောက်ဘူးတဲ့။ တစ်လျှောက်လုံး အင်္ဂလန်နဲ့ အမေရိကန်စက်ခေါင်းတွေပဲ သုံးခဲ့တာပါတဲ့။ နောက်ပိုင်း ရန်ကုန်-မန္တလေးလမ်းပိုင်းနဲ့ အချို့မြေပြန့်လိုင်းတွေအတွက် ဒီဇယ်စက်ခေါင်းတွေသုံးလာတော့ ပြင်သစ်လုပ် Alston တို့၊ အနောက်ဂျာမနီလုပ် Krupp တို့နဲ့ ဂျပန်လုပ် KSK တို့၊ Hitachi တို့၊ Kawasaki တို့ စက်ခေါင်းအမျိုးအစားတွေသုံးလာတယ်။ ၁၉၈၀ ကျော်ကာလအထိပေ့ါလေ။

ရေနွေးငွေ့စက်ခေါင်းကြီးတွေကို အဲဒီ ၁၉၈၀ ကျော် ကာလတွေမှာအထိ အသုံးပြုနေတာတွေ့ရဆဲပါ။ အထူးသဖြင့် မြေပြန့်က လော်ကယ်ရထားတွေမှာပေ့ါ။ မန္တလေးမှာဆို မန္တလေး-မတ္တရာရထားကို ရေနွေးငွေ့စက်ခေါင်းနဲ့ ပြေးဆွဲခဲ့တာပါပဲ။ နာမည်ကျော် ရွှေကျင်-မဒေါက်လမ်းပိုင်းတို့၊ ကြေးနီ-တောင်တွင်းကြီး လမ်းပိုင်းတွေမှာလည်း ရေနွေးငွေ့စက်ခေါင်းကြီးတွေနဲ့ ကမ္ဘာသိဖြစ်လာတယ်။ ရန်ကုန်အခြေပြုပြီး လမ်းပိုင်းလော်ကယ်တွေကလည်း ရေနွေးငွေ့စက်ခေါင်းတွေနဲ့ပါပဲ။

၂၀၀၆ ခုနှစ်လောက်ကထင်ရဲ့။ ကျွန်တော်ဂျာနယ်မှာ လုပ်စဉ်ကာလမှာပါ။ အသက် ၁၉ နှစ်လောက်ရှိတဲ့ တပည့်သတင်းထောက်လေးက တစ်ခုသော နံနက်မှာ ရုံးပေါ်အပြေးအလွှားတက်လာပြီး ရုံးရဲ့အရှေ့နားက အေလမ်းခုံးကျော်တံတားအောက်မှာ ဘာကြီးလဲမသိဘူး။ မီးတွေတရဲရဲနဲ့မို့ ကင်မရာလာယူတာတဲ့လေ။ မေးလိုက်တော့မှ. . . ရေနွေးငွေ့စက်ခေါင်းကြီးတစ်လုံးက ဘူတာထဲဝင်ဖို့ အလံမချိုးသေးလို့ စောင့်နေတာပါလား. . .။ သူက ၁၉၈၇၊ ၁၉၈၈ လောက်မှမွေးတာဆိုတော့ ရေနွေးငွေ့စက်ခေါင်းကို မမြင်ဖူးဘူးလေ. .။ အဲဒီစက်ခေါင်းကြီးက ကမ္ဘာလှည့်ခရီးသည်တွေပါတဲ့ အထူးရထားအနေနဲ့ မတ္တရာကိုပို့ဖို့တဲ့လေ။ တပည့်ကျော်သတင်းထောက်လေးခမျာ ဒီရထားကြီးနောက် တကောက်ကောက်လိုက်ပြီး မှတ်တမ်းတင်ရတာအမော. . .။

မနှစ်က ရန်ကုန်ကို မီးရထားနဲ့သွားတော့ ပြွန်တန်ဆာဘူတာရုံကအထွက်မှာ စက်ခေါင်းရုံကြီးထဲ ရပ်ထားတဲ့ ရေနွေးငွေ့စက်ခေါင်းကြီးတွေ အများကြီးတွေ့လိုက်ရတယ်။ တော်တော်ပျော်သွားတယ်။ ဒါနဲ့ မီးရထားနဲ့နီးစပ်သူမေးကြည့်တော့ စက်ခေါင်းကြီးတွေ တော်တော်များများ ပြွန်တန်ဆာမှာပဲထားတာတဲ့။ သုံးလို့ရတာ သိပ်မရှိတော့ဘူးဆိုလားပဲ။

ဘာပဲပြောပြော . . . ကျွန်တော့်လို အဲဒီစက်ခေါင်းကြီးတွေကို သဘောကျတဲ့သူတွေ အများကြီးရှိမှာ. . .။ နိုင်ငံခြားက မြန်မာပြည်လာလည်တဲ့ နိုင်ငံခြားသားတွေလည်း အများကြီးရှိမှာ. . .။ သေချာတာက အင်္ဂလိပ်ကိုလိုနီဖြစ်ခဲ့တဲ့ မြန်မာပြည်မှာလို ရေနွေးငွေ့စက်ခေါင်းကြီးတွေ အများအပြားကျန်သေးတဲ့ တိုင်းပြည်မျိုးလည်း ကမ္ဘာမှာ ရှားကုန်လောက်ပါပြီ။ ဒီတော့ ဒီစက်ခေါင်းကြီးတွေကို ပြေးဆွဲလို့ရအောင် ပြင်ဆင်ပြီး ပြည်တွင်းခရီးသည်တွေအတွက်၊ နိုင်ငံခြားခရီးသည်တွေအတွက် အပျော်စီး၊ လေ့လာရေး၊ ခရီးတိုအစီအစဉ်တွေ ပြုလုပ်ပေးရင် ကောင်းပါမယ်။ လယ်ကွင်း၊ ဆည်ရေ၊ ကျေးလက်သဘာဝတွေအတွက် မန္တလေး-မတ္တရာ ခရီးစဉ်မျိုး၊ ရိုးရာဓလေ့ ဘာသာရေးဘုရားပုထိုး မြင်ကွင်းတွေအတွက် မန္တလေး၊ စစ်ကိုင်း၊ ရွာထောင် ခရီးစဉ်မျိုး၊ မန္တလေး ထုံးဘိုခရီးစဉ်မျိုး စသည်ဖြင့်ပေ့ါလေ. . .။

ကျွန်တော်ကတော့ ဒီစက်ခေါင်းကြီးတွေ လှုပ်ရှားတာ ပြန်မြင်ရရင် အသက် ၁၀ လောက် ငယ်သွားမယ်ထင်ပါရဲ့။

## မော်ဘီပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ရန်ကုန် ဇွန် ၂၀

မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၅) လုံခြုံရေး ရဲတပ်ဖွဲ့ခွဲ ခေတ္တတပ်ဖွဲ့ခွဲမှူး ရဲမှူး လှိုင်မင်းထွန်း ဦးစီးတပ်ဖွဲ့ဝင် အရာရှိ ၂၀၊ အခြားအဆင့် ၁၈၀ စုစုပေါင်း တပ်ဖွဲ့ဝင် ၂၀၀ တို့သည် ယနေ့ နံနက် ၇ နာရီမှ ၁၀ နာရီခွဲအထိ ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် မော်ဘီပြည်သူ့ဆေးရုံကြီး ရှေ့နောက်ဝဲယာတို့၌ ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် ချုံနွယ်၊ အမှိုက်သရိုက်များကို စုပေါင်းသန့်ရှင်းဆောင်ရွက်ခဲ့ကြသည်။

(သတင်းစဉ်)

## နီပေါငလျင်ဒဏ်ခံရသည့်ဒေသများ၌ ပြန်လည်ထူထောင်ရေး၊ တည်ဆောက်ရေးလုပ်ငန်းများ၌ စေတနာ့ဝန်ထမ်းသွားရောက်လုပ်အားပေးခဲ့သည့် တက္ကသိုလ်ကင်းထောက်အဖွဲ့ဝင် ပြန်လည်ရောက်ရှိ




ရန်ကုန် ဇွန် ၂၀

မကြာမီက ဖြစ်ပွားခဲ့သည့် နီပေါနိုင်ငံ ငလျင်ဘေးဒဏ်ခံရသည့် ဒေသများ၌ ပြန်လည်ထူထောင်ရေး၊ တည်ဆောက်ရေးလုပ်ငန်းများ စေတနာ့ဝန်ထမ်းအဖြစ် သွားရောက်လုပ်အားပေးခဲ့သည့် တက္ကသိုလ်ကင်းထောက်အဖွဲ့ဝင် ဒဂုံတက္ကသိုလ် နိုင်ငံတကာ ဆက်ဆံရေးပညာဌာနမှ တတိယနှစ်ကျောင်းသား မောင်ကောင်းဆက်ဟိန်းသည် ဇွန် ၁၉ ရက်က နီပေါနိုင်ငံမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာရာ မြန်မာနိုင်ငံကင်းထောက်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာတင်ညိုနှင့် ကော်မတီဝင်များ၊ မိသားစုများက ကြိုဆိုနှုတ်ဆက်ကြသည်။

မကြာမီက ဖြစ်ပွားခဲ့သည့် ငလျင်ဘေးဒဏ်ခံ ဒေသများအတွင်းရှိ နီပေါနိုင်ငံ ဒီမန် (Damand) မြို့နယ်၊ ပလောင် (Palung) ကျေးရွာ၌ ဇွန် ၄ ရက်မှ ဇွန် ၁၇ ရက်အထိ ငလျင်ဒဏ်သင့် အိမ်ခြေ ၄၅၀ ရှိ ဒေသခံ ကျေးရွာလူထုနှင့်အတူ မောင်ကောင်းဆက်ဟိန်းသည် နိုင်ငံတကာ NGO အဖွဲ့များနှင့် ဆက်သွယ်ကာ နေထိုင်သွားလာစရိတ်များ မိမိအစီအစဉ်ဖြင့် အကုန်အကျခံပြီး စေတနာ့ဝန်ထမ်းအဖြစ် ပြန်လည်ထူထောင်ရေး၊ တည်ဆောက်ရေးလုပ်ငန်းများကို လုပ်အားပေး ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ကိုလတ်(သတင်းစဉ်)

# ယူ-၂၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ ဆားဘီးယားဗိုလ်စွဲ

နယူးဇီလန်နိုင်ငံ၌ ကျင်းပသည့် ယူ -၂၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ တတိယနေရာလုပွဲကို ယနေ့နံနက် ၈ နာရီနှင့် ဗိုလ်လုပွဲကို နံနက် ၁၁ နာရီခွဲတို့တွင် ယနေ့ယှဉ်ပြိုင်ကစားကြသည်။



ယူ-၂၀ ကမ္ဘာ့ဖလား တတိယနေရာလုပွဲတွင် မာလီနှင့် ဆီနီဂေါကစားသမားတို့ ဘောလုံးယှဉ်လုစဉ်။

တတိယနေရာလုပွဲတွင် အာဖရိကတိုက်မှ မာလီနှင့် ဆီနီဂေါတို့ ယှဉ်ပြိုင်ကစားကြရာ မာလီက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

ပထမပိုင်းတွင် နှစ်သင်းစလုံး အပြန်အလှန် ကစားနိုင်ကြပြီး ပထမပိုင်းပြီးခါနီးတွင် ဆီနီဂေါမှ မူဆာဘာ အနီကတ်ဖြင့် ထွက်ခဲ့ရသည်။

ဒုတိယပိုင်း ၆၄ မိနစ်တွင် ဆီနီဂေါမှ အီဘရာဟီမာက ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ မာလီအတွက် ချေပဂိုးကို အဒမ်ထရာအိုရေးက ၇၄ မိနစ်တွင် သွင်းယူပြီး တစ်ဂိုးစီသရေဖြစ်ခဲ့သည်။ မာလီအတွက် အနိုင်ဂိုးများကို ၈၃ မိနစ်တွင် ထရာအိုရေးနှင့် ၉၀ မိနစ်တွင် ဆမ်မာဆီကူတို့က သွင်းယူပေးပြီး မာလီတို့ တတိယနေရာ ရရှိခဲ့သည်။

ဗိုလ်လုပွဲအဖြစ် တောင်အမေရိကမှ နာမည်ကြီး ဘရာဇီးနှင့် ဥရောပမှ ကော်ကောင်အသင်းအဖြစ် တက်လာသော ဆားဘီးယားတို့ ယှဉ်ပြိုင်ကစားကြသည်။ ပထမပိုင်းတွင် ဘရာဇီးတို့၏ အပိုင်ဂိုးသွင်းမှုကို ဆားဘီးယားဂိုးသမား ကာကွယ်နိုင်ခဲ့သလို ဆားဘီးယားတို့၏ ဂိုးကန်သွင်းမှုကိုလည်း ဘရာဇီးဂိုးသမား ကာကွယ်ခဲ့ရသည်။ ဘရာဇီးတို့၏ ထိုးဖောက်မှုကို ဆားဘီးယားတို့က ခုခံရင်း တန်ပြန်တိုက်စစ်ဆင်သော်လည်း ပထမပိုင်း နှစ်သင်းစလုံး ဂိုးမသွင်းနိုင်ဘဲ ပြီးဆုံးခဲ့သည်။

ဒုတိယပိုင်း မိနစ် ၇၀ တွင် ဆားဘီးယားမှ မန်ဒစ်က ဦးဆောင်ဂိုးသွင်းပြီး မကြာမီ ဘရာဇီးမှ ပါရဲရားက ၇၃ မိနစ်တွင် ဆားဘီးယားနောက်တန်းကို ကျော်ဖြတ်၍ လှလှပပသွင်းယူခဲ့သည်။ ပါရဲရားသည် မန်ယူအသင်း၌ ကစားနေသူဖြစ်သည်။ နှစ်သင်းစလုံး ဂိုးရရှိရေး ကြိုးစားသော်လည်း ထပ်မံဂိုးမသွင်းနိုင်ဘဲ ပြီးဆုံးခဲ့သည်။

အချိန်ပို ၁၅ မိနစ်စီ ဆက်ကစားရာ ပထမပိုင်း၌ ဘရာဇီးတို့ ပိုမိုဖိကစားနိုင်သော်လည်း ဂိုးမရရှိခဲ့ပေ။ ဒုတိယပိုင်းပြီးခါနီး နှစ်မိနစ်အလိုတွင် ဆားဘီးယားတို့ တန်ပြန်တိုက်စစ်မှ ဘောလုံးရရှိပြီး မက်ဆိမိုဗစ်က သွင်းယူခဲ့သည်။ အဆိုပါဂိုးမှာဆားဘီးယားတို့အတွက် အနိုင်ဂိုး ဖြစ်သော်လည်း ဗိုလ်စွဲမည်ဟု ထင်ကြေးပေးခြင်းခံရသည့် ဘရာဇီးတို့အတွက် မျှော်လင့်ချက်ပျက်စေသည့် ဂိုးဖြစ်သည်။ ပွဲအပြီး ဆားဘီးယားတို့ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ပထမဆုံးအကြိမ် ဗိုလ်စွဲနိုင်ခဲ့သည်။

ယခုနှစ် ယူ -၂၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ၏ ဂိုးသွင်းအများဆုံး ကစားသမား (ရွှေဖိနပ်ဆု)ကို ယူကရိန်းမှ ကိုဗာလန်ကိုကရရှိပြီး အကောင်းဆုံးဂိုးသမားဆု (ရွှေလက်အိတ်)ကို ဆားဘီးယားမှ ဂိုးသမားရာကိုဗစ်က ရရှိခဲ့သည်။ ထို့အပြင် ကြေးဘောလုံးဆုကို ဆားဘီးယားမှ ဆာဂျီမီလင်ကိုဗစ်၊ ငွေဘောလုံးဆုကို ဘရာဇီးမှ အသင်းခေါင်းဆောင် ဒန်နီလိုနှင့် ရွှေဘောလုံးဆုကို မာလီမှ အဒမ် ထရာအိုရေးတို့က ရရှိခဲ့သည်။

၂၀၁၅ ခုနှစ် ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ခြေစစ်ပွဲအောင်ပြီး ပထမဆုံးအကြိမ် ပြိုင်ပွဲဝင်သည့် အသင်းများအဖြစ် မြန်မာ၊ ဖီဂျီ၊ ဥဇဘက်ကစ္စတန်နှင့် ဆားဘီးယားတို့ ပါဝင်ခဲ့သည်။ ယခုနှစ်ပြိုင်ပွဲ၏ ပထမဦးဆုံးဂိုးကို မြန်မာအသင်းမှ ရန်နိုင်ဦးက သွင်းယူနိုင်ခဲ့သည်။ အုပ်စုအဆင့်မှ မြန်မာနှင့် ဖီဂျီတို့ထွက်ရပြီး ဥဇဘက်ကစ္စတန်မှာ ကွာတားအထိ တက်နိုင်ခဲ့သည်။ ဆားဘီးယားအသင်းမှာမူ ပထမဆုံးအကြိမ်အဖြစ် ဆားဘီးယား နာမည်နှင့် ဝင်ပြိုင်ရာဗိုလ်စွဲနိုင်ခဲ့သည်။

ဆားဘီးယားအသင်းသည် အုပ်စုအဆင့်တွင် နှစ်ပွဲနိုင်၊ တစ်ပွဲရှုံးဖြင့် ၁၆ သင်းအဆင့် တက်နိုင်ခဲ့သည်။ ၁၆ သင်းအဆင့်တွင် ဟန်ဂေရီကို အချိန်ပို၌ အနိုင်ဂိုးသွင်းပြီး ကွာတားအဆင့်တွင် အမေရိကန်ကို ပယ်နယ်တီအဆုံးအဖြတ်ဖြင့် နိုင်ခဲ့သည်။ အကြိုဗိုလ်လုပွဲတွင် မာလီကို အချိန်ပို၌ သွင်းယူသောဂိုးကြောင့် နှစ်ဂိုး-တစ်ဂိုးဖြင့်အနိုင်ရကာ ဗိုလ်လုပွဲ တက်လှမ်းနိုင်ခဲ့သည်။ ဗိုလ်လုပွဲတွင်လည်း မိမိထက်ခြေသာသော ဘရာဇီးကို ဦးဆောင်ဂိုးသွင်းကာ အချိန်ပို၌ အနိုင်ဂိုးသွင်းပြီး ဗိုလ်စွဲခဲ့သည်။ ဆားဘီးယားအသင်းတွင် ဥရောပ၌ကစားနေသော ကစားသမား အနည်းငယ်သာပါရှိပြီး နာမည်ကြီးကစားသမားများ မပါရှိပေ၊ သို့သော်လည်း နည်းပြ၏ နည်းစနစ်နှင့် ကစားသမားများ၏ စုစည်းမှုစိတ်ဓာတ်ကောင်းတို့ဖြင့် ဗိုလ်စွဲနိုင်ခဲ့ပေသည်။




ယူ-၂၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲတွင် ရွှေဘောလုံး၊ ငွေဘောလုံး၊ ကြေးဘောလုံး ဆုရကစားသမားများ။

၂၀၁၃ ခုနှစ် ယူ -၂၀ ကမ္ဘာ့ဖလားကို ပြင်သစ်ကရရှိခဲ့သဖြင့် ဥရောပအသင်းများ အနေဖြင့် နှစ်ကြိမ်ဆက် ဗိုလ်စွဲခြင်းဖြစ်သည်။ ၂၀၁၇ ခုနှစ် ယူ-၂၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲကို တောင်ကိုရီးယားနိုင်ငံ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သီဟ-ရေးသည်**

*စာမျက်နှာ ၅ မှ*

ထို့ပြင် လက်တင်အမေရိကနိုင်ငံများတွင် လူသုံးကုန်ပစ္စည်းများ ရှားပါးပြတ်လပ်မှုကြောင့် လူထုဆန္ဒပြဆူပူမှုများ မကြာခဏဖြစ်ပွားခြင်းမှာ ယဉ်ကျေးမှုတစ်ရပ်လိုဖြစ်နေသည်။

ထို့ကြောင့် တရုတ်အစိုးရသည် လက်တင်အမေရိကဒေသတွင် လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်မှုကို အထူးပြုအလေးထား၍ မြှင့်တင်ဆောင်ရွက်ပေးနေသည်။ သို့သော် စီးပွားရေးပညာရှင်များက ထိုလုပ်ဆောင်ချက်သည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လမ်းကြောင်းမှန်မဟုတ်နိုင်ပါဟု ဝေဖန်ကြသည်။

သို့သော် မကြာမီကထွက်ပေါ်လာသည့် ကမ္ဘာ့ဘဏ်၏ သုတေသနပြုချက်အရ လက်တင်အမေရိကဒေသတွင် တရုတ်နိုင်ငံကဲ့သို့ စီးပွားရေးထွန်းသစ်စနိုင်ငံများ၏ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုများသည် ဒေသနိုင်ငံများတွင် သေးငယ်သောစီးပွားရေးဖွံ့ဖြိုးမှုကိုဖြစ်စေပြီး အမေရိကန်၊ ဥရောပစသည့် စီးပွားရေးအင်အားကြီးမားသောနိုင်ငံများ၏ ရင်းနှီးမြှုပ်နှံမှုနှင့်ကုန်သွယ်မှုများသည် ကြီးမားသောစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုဖြစ်စေသည်ဟု ဖော်ပြထားသည်။

လက်တင်အမေရိကနိုင်ငံများတွင် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် တရုတ်နိုင်ငံ၏စိတ်ဝင်စားမှုသည် ကိုယ်ကျိုးအတ္တမူဝါဒနှင့် လုံးဝကင်းလွတ်သည်ဟု မဆိုနိုင်ပေ။ ဥပမာအားဖြင့် မာတိုဂရော့ဆိုမြို့မှထွက်ရှိသည့် ပဲပုပ်စေ့များကို တရုတ်နိုင်ငံက အမြောက်အမြား ဝယ်ယူတင်သွင်းလျက်ရှိရာ သယ်ယူပို့ဆောင်ခစရိတ် ပိုမိုသက်သာစေရန်အတွက် အမေဇုန်သစ်တောဖြတ်ရထားလမ်းကို တရုတ်တို့က ဖောက်လုပ်ပေးလိုခြင်းဖြစ်သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် သုံးစွဲသူများ၏ အခန်းကဏ္ဍမှာလည်း အလွန်အရေးပါလျက်ရှိသည်။

ဘော်စတွန်တက္ကသိုလ်၏ သုတေသနပြုချက်အရ လူသုံးကုန်ပစ္စည်းများကို အထူးပြုထုတ်လုပ်မှုပေါ်လစီကို ချမှတ်ထားသည့် တရုတ်၏ လက်တင်အမေရိကဆိုင်ရာ စီးပွားရေးနှင့် ကုန်သွယ်မှုရည်မှန်းချက်များသည် သဘာဝပတ်ဝန်းကျင်ထိခိုက်စေမှု မောင်းနှင်အားများပင်ဖြစ်နိုင်သည်ဟု သုံးသပ်ထားသည်ကို တွေ့ရှိရသည်။

လက်တင်အမေရိကတိုက်တစ်ကြော အမေဇုန်သစ်တောကြီးကို ဖြတ်သန်းဖောက်လုပ်မည့် ရထားလမ်းသည် သဘာဝပတ်ဝန်းကျင်ကိုထိခိုက်စေမည့် စိုးရိမ်ဖွယ် နောက်တစ်ခုဖြစ်နေသည်။

ပီရူးအရာရှိများက သစ်ပင်နှင့်တိရစ္ဆာန်မျိုးစုံသည် မြောက်ပိုင်းဒေသ ဗာဂျင်းသစ်တောကိုဖြတ်၍ ရထားလမ်းကို ဖောက်စေလိုသည်။

သဘာဝပတ်ဝန်းကျင်ပညာရှင်များက အမေဇုန်သစ်တော၏တောင်ပိုင်းတွင် ၂၀၁၂ ခုနှစ်က ဖွင့်လှစ်ထားသည့် ဘရာဇီး-ပီရူးကားလမ်းဘေးနှင့် ယှဉ်လျက် ရထားလမ်းကို ဖောက်လုပ်စေလိုသည်။ သို့သော် Mad Maria ဟု ချစ်စနိုးအမည်ပေးထားသည့် ရထားလမ်းကို ဤသို့ ဘရာဇီး-ပီရူးအဝေးပြေးကားလမ်းမနှင့် ယှဉ်၍ဖောက်ခဲ့လျှင် ကားလမ်းဖြင့်ခရီးသွားသူ အလွန်လျော့ကျသွားနိုင်မှုသည်လည်း စိုးရိမ်စရာဖြစ်နေသည်။

သို့သော်ယခုအချိန်၌ ၎င်းဒေသများတွင် အလုပ်လုပ်နေကြသော တရုတ်ကုမ္ပဏီအများစုမှာ ပတ်ဝန်းကျင်ထိန်းသိမ်းစံနှုန်းများကို တိကျစွာလိုက်နာဆောင်ရွက်ကြသည်ကို တွေ့ရှိနေရသည်။ လက်တင်အမေရိကအစိုးရများသည် စီးပွားရေးပါတနာအသစ်တရုတ်နှင့် ပူးတွဲလုပ်ဆောင်ရာတွင် အရည်အသွေးကောင်းသည့် ထိရောက်မှုရှိသော အစိုးရများဖြစ်ဖို့လိုသည်။ နိုင်ငံရေးအမြတ်ထုတ်ရန် တစ်ဖက်သတ်ဆုံးဖြတ်၍ ရေတိုဆေးမြီးတိုဖြင့်ကုသည့် နည်းလမ်းကိုမသုံးသော အစိုးရမျိုးဖြစ်ရန်လိုပါသည်ဟု နိုင်ငံရေးပညာရှင်များက အကြံပေးပြောဆိုကြသည်။

## လေဘေးသင့် အိမ်ထောင်စုများအားထောက်ပံ့

**ပေါင်းတည် ဇွန် ၂၀**

ပြည်ခရိုင် ပေါင်းတည်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန နဝရတ်ခန်းမ၌ ဇွန် ၁၉ ရက် နံနက် ၉ နာရီက ပေါင်းတည်မြို့နယ် အတွင်းရှိ ကျေးရွာအုပ်စုသုံးအုပ်စု၌ လေပြင်းတိုက်ခတ်မှုကြောင့် လေဘေးသင့်အိမ်ထောင်စု ၁၂ စုနှင့် ကိုယ့်အားကိုယ်ကိုး စာသင်ကျောင်းတစ်ကျောင်းတို့ကို ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ထောက်ပံ့ငွေ ၂၁၀၆၇၅ကျပ်၊ လေဘေးကယ်ဆယ်ရေး ပစ္စည်းများနှင့် ဆန်တို့ကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းမျိုးနှင့် လူမှုရေးအသင်းအဖွဲ့တို့က ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။



**တင်ဝင်းဇော်(မင်းသားကြီး)**

## တရုတ်တိုင်ပေ စက်မှုနည်းပညာသုတေသနအဖွဲ့ (ITRI)က သောက်ရေရှားပါးသော ဒလမြို့နယ်၌ ရေသန့်စက်ရုံ တိုးချဲ့ဆောက်လုပ်မည်

**ရန်ကုန် ဇွန် ၂၀**

တရုတ်တိုင်ပေ စက်မှုနည်းပညာသုတေသနအဖွဲ့ (ITRI)သည် ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်မှ ပြည်သူများ ရေသန့်လုံလောက်စွာ ရရှိရေးအတွက် ရေသန့်စက်ရုံတစ်ရုံကို တိုးချဲ့ဆောက်လုပ်သွားမည်ဖြစ်ကြောင်း Focus Taiwan News Channel ထုတ် သတင်းများတွင် ဖော်ပြထားသည်။

ယင်းရေသန့်စက်ရုံကို ထပ်မံတိုးချဲ့လိုက်ခြင်းဖြင့် ရေပြတ်လပ်ရှားပါးမှုဖြစ်နေသော ဒလမြို့နယ်မှ ပြည်သူ ၇၅၀၀ အားနေ့စဉ် ရေပေးဝေနိုင်မည်ဖြစ်ကြောင်း ITRI အဖွဲ့က ပြောကြားသည်။

ဒလမြို့နယ်တွင်လက်ရှိ အသုံးပြုသော ရေသန့်စင်စက်ကို ITRI အဖွဲ့က ၂၀၁၄ ခုနှစ်တွင် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး နေ့စဉ်ဒေသခံ လူဦးရေ ၇၀၀ မှ ၁၀၀၀ အထိ ရေသန့်ထောက်ပံ့နိုင်ခဲ့သည်။ ဒလမြို့နယ်တွင် စိုက်ပျိုးရေ အတွက် ရေလုံလောက်သော်လည်း သန့်ရှင်းသော သောက်သုံးရေပြတ်လပ်မှုနှင့် ရင်ဆိုင်နေရသည်။

သောက်သုံးရေကို မိုးတွင်းကာလ၌ စုဆောင်းထားကြပြီး နေ့စဉ်သုံးရေကိုမူ အများသုံးရေကန်မှ ခပ်ယူအသုံးပြုကြသည်။ ထိုအခြေအနေကြောင့် ရေကို ကျိုချက်သောက်သုံးသော အလေ့အထနည်းသဖြင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ပို၍ဖြစ်ပွားသည်ကို တွေ့ရသည်။

ယခု တိုးချဲ့ဆောက်လုပ်သွားမည့် ရေသန့်စက်ရုံပြီးစီးသွားပါက ဒလမြို့နယ်ရှိ ပြည်သူများအတွက် အကျိုးကျေးဇူးများစွာ ဖြစ်ထွန်းမည့်အပြင် ထိုရေသန့်စက်ရုံ ဆက်လက်ထိန်းသိမ်းမှုကိုပါ စနစ်တကျ ချမှတ်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်သဲအိမ်**

# နိုင်ငံ၏ငွေရေးကြေးရေးဆိုင်ရာ ပါဝင်ဆောင်ရွက်နိုင်မှု တိုးတက်စေရန် ရည်မှန်းချက်ထား

**နေပြည်တော် ဇွန် ၂၀**

ပထမအကြိမ် Financial Inclusion Roadmap Implementation Inter-Ministerials Steering Committee အစည်းအဝေးကို ဇွန်၁၇ရက်က နေပြည်တော်ရှိ ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မောင်မောင်သိမ်းက မြန်မာ နိုင်ငံတော်အစိုးရနှင့် UNDP တို့ ပူးပေါင်းဆောင်ရွက်သော UNDP Normal Country Program အရ မြန်မာနိုင်ငံတွင် အားလုံးပါဝင်နိုင်သော ငွေကြေးကဏ္ဍတည်ဆောက်ရေး လမ်းပြမြေပုံအား ပြည်ထောင်စု အစိုးရအဖွဲ့မှ အတည်ပြုခဲ့ပြီး ၁-၄-၂၀၁၅ ရက်နေ့တွင် MICC (I) ၌ တရားဝင်စတင်ခြင်း အခမ်းအနား ကျင်းပခဲ့ပါကြောင်း၊ လမ်းပြမြေပုံ အကောင်အထည်ဖော်ရေးအတွက် ထိရောက်သော မူဝါဒချမှတ်နိုင်ရန်နှင့် လိုအပ်သော ကြီးကြပ်ကွပ်ကဲမှု၊ သုံးသပ်အကဲဖြတ်မှုများ ဆောင်ရွက်နိုင်ရန် ဝန်ကြီးဌာနပေါင်းစုံပါဝင်သော လမ်းပြမြေပုံ အကောင်အထည်ဖော်ရေး ဦးဆောင်ကော်မတီကို ဖွဲ့စည်းခဲ့ပြီးဖြစ်ကြောင်း၊ ဦးဆောင် ကော်မတီကို အထောက်အကူပြုနိုင်ရန် ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော လုပ်ငန်းကော်မတီကို ဖွဲ့စည်းခဲ့ပြီးဖြစ်ကြောင်း။

နိုင်ငံတော်စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေရေးကြေးရေးဆိုင်ရာ ပါဝင်ဆောင်ရွက် နိုင်ရေးသည် အလွန်အရေးကြီးကြောင်း၊ မြန်မာနိုင်ငံ၏ ငွေရေးကြေးရေးဆိုင်ရာ ပါဝင်ဆောင်ရွက်နိုင်မှုသည် ၂၀၁၄ ခုနှစ်တွင် အရွယ်ရောက်ပြီးသူ ဦးရေ၏ ၃၀ ရာခိုင်နှုန်းရှိရာမှ ၂၀၂၀ ပြည့်နှစ်တွင် ၄၀ ရာခိုင်နှုန်းထိ တိုးတက်စေရန်နှင့် ငွေကြေးဝန်ဆောင်မှု တစ်မျိုးထက် ပိုမိုသုံးစွဲနိုင်သူ ၆ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအထိ တိုးတက်ရေး ရည်မှန်းချက်ချမှတ်ထားပြီးဖြစ်ကြောင်း။

လမ်းပြမြေပုံ အကောင်အထည်ဖော်ရေးလုပ်ငန်းစဉ်တွင် ဝန်ကြီးဌာနများ၊ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ဖွံ့ဖြိုးရေး မိတ်ဖက်များ များစွာပါဝင်သဖြင့်ထိရောက်သော ပေါင်းစပ်ညှိနှိုင်းရေးသည် အရေးကြီးကြောင်း၊ ရေးဆွဲထားသော လမ်းပြမြေပုံသည် မြန်မာနိုင်ငံ၏ ပကတိအနေအထားနှင့် ကိုက်ညီပြီး အမှန်တကယ်လုပ်ငန်းဆောင်ရွက်နိုင်စွမ်းရှိရန်နှင့် လုပ်ငန်းစဉ်များ ထပ်နေခြင်း၊ ကျန်နေခြင်းမရှိစေရေး အလေးထားဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်းစသည်ဖြင့် ပြောကြားခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**



# ရန်ကုန်-မန္တလေးအမြန်လမ်း နံဘေးကျေးရွာများအတွက် ကုန်ထုတ်ဆက်သွယ်ရေးလမ်းဖောက်လုပ်

**ရန်ကုန် ဇွန် ၂၀**

ကျေးလက်ဒေသနေပြည်သူများလမ်းပန်းဆက်သွယ်မှုလွယ်ကူချောမွေ့၍ ကုန်ထုတ်လုပ်ငန်းများ ကောင်းမွန်စေရန် ရည်ရွယ်လျက် ရန်ကုန်-မန္တလေးအမြန်လမ်း နံဘေးတွင် ကျေးရွာချင်းဆက်ကုန်ထုတ်ကားလမ်း တစ်လမ်းကိုဆောက်လုပ်ရေးဝန်ကြီးဌာန ရန်ကုန်-မန္တလေးအမြန်လမ်းထိန်းသိမ်းရေးအဖွဲ့က ဖောက်လုပ်လျက်ရှိသည်။

ယင်းကျေးရွာချင်းဆက်လမ်းကို ဆောင်ရွက်ရာတွင် ပြည်ထောင်စု ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး လမ်းအကျယ် ၁၈ပေ ကို ကျောက်ရောမြေများခင်းပေးထားသည်ဟု သိရသည်။

အမြန်လမ်းပြင်ထိန်းအဖွဲ့သည် အဆိုပါကျေးရွာချင်းဆက်လမ်းကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် သုံးမိုင်၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် မိုင်တိုင်အမှတ် ၂၅၄ မှ ၂၅၉ အထိ စုစုပေါင်း ၅ မိုင်ကို ကျောက်ရောမြေလမ်းအဖြစ် ဆောင်ရွက်သွားမည်ဟုသိရသည်။ အဆိုပါကျေးရွာချင်းဆက်လမ်းကို ပဲခူးတိုင်းဒေသကြီး လမ်းဦးစီးဌာနနှင့် နေပြည်တော်လမ်းဦးစီးဌာနတို့က လမ်းအပိုင်းလိုက်ဖောက်လုပ်နေသည်ဟုသိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ခရမ်းစိုးမြင့်**



အမြန်လမ်းထိန်းသိမ်းရေးအဖွဲ့က ကျေးရွာချင်းဆက်ကုန်ထုတ်ကားလမ်း ရန်ကုန်-မန္တလေးအမြန်လမ်းမိုင်တိုင်အမှတ် ၅၄၉ တွင် ဆောင်ရွက်နေစဉ်။

# ကျေးရွာအုပ်စုချင်းဆက်တံတားတည်ဆောက်ပြီးစီး

**ကြံခင်း ဇွန် ၂၀**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ကြံခင်းမြို့နယ် ငှက်ပျောတောကျောက်တိုင်ရွာအနီး ဖားတရှည်းချောင်းကိုဖြတ်၍ အရှည်ပေ ၂၆၀၊ အကျယ် ၁၂ ပေ၊ ရေလမ်းအောက်ခြေမှ အမြင့် ၃၄ ပေ ရှိ သံပေါင်ရက်မ၊ သစ်သားကြမ်းခင်း တံတားတည်ဆောက်မှုများမှာ မတ် ၃၁ ရက်က ပြီးစီးခဲ့ကြောင်း သိရသည်။

ကြံခင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများ ဆက်သွယ်ရေးကောင်းမွန်စေရန်အတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လမ်းတံတားများအဆင့်မြှင့်တင် ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာငွေဖြင့် တံတားကိုတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ တံတားတည်ဆောက်ပြီးစီးသဖြင့် ကြံတောအုပ်စု၊ ကွေ့မအုပ်စုများရှိ ရွာပေါင်း ၁၃ ရွာ တိုက်ရိုက်အကျိုးရှိနိုင်ကြောင်း၊ မူလတန်းအဆင့်မှအထက်တန်းအဆင့်ကျောင်းသားကျောင်းသူများ တံတားမရှိစဉ်က လှေဖြင့်သာ ကူးသန်းသွားလာရကြောင်း သိရသည်။ ကျေးရွာအုပ်စုများမှ ကျေးလက် နေပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများ အဆင်ပြေချောမွေ့လာ၍ ကျန်းမာရေး၊ လူမှုရေးလုပ်ငန်းများကို အထောက်အကူ များစွာပြုကြောင်း သိရသည်။

**ဧရာဦးသာ**



# ကျွန်းသစ်လုံး ၁၂လုံးတင်ထားသည့် ခြောက်ဘီးထော်လာဂျီ ဖမ်းဆီးရမိ

**ကသာ ဇွန် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ရွှေရောင်ပြကျေးရွာအနီး ရပ်ထားသည့် ထော်လာဂျီ ခြောက်ဘီးယာဉ်ပေါ်တွင် ကျွန်းသစ် ၁၂လုံး တင်ဆောင်ထားလျက် ဇွန် ၁၈ ရက် ည ၁၀ နာရီမိနစ် ၂၀ က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။ ရွှေရောင်ပြကျေးရွာအနီး ပြောင်းကြဲထားသည့် ယာခင်းထဲ၌ ရပ်ထားသည့် ခြောက်ဘီးယာဉ်ပေါ်မှ ကျွန်းသစ် ၁၂ လုံး ၁ ဒသမ ၀၅၆ တန် တန်ဖိုးငွေကျပ် ၁၈၈၂၅၀ နှင့်အတူ ယာဉ်မောင်းစောနောင်ကို အင်းရွာနယ်မြေရဲစခန်းမှ ရဲအုပ် ရဲအောင်အဖွဲ့နှင့် ကသာမြို့နယ်သစ်တောဦးစီးဌာနမှ ဘိနယ်တာဝန်ခံတောအုပ်ကြီးမင်းဆွေတို့ ပူးပေါင်းအဖွဲ့က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**ဦးရဲ (ကသာ)**

# ဆိပ်ကမ်းရောက်ပျမ်းမျှအရင်းဈေးတက်သော်လည်း အောက်တိန်း ၉၂ ဈေးကွက်တွင်ယခင်ဈေးနှုန်းအတိုင်းရောင်းချ

**ရန်ကုန် ဇွန် ၂၀**

ဇွန် ၈ ရက်မှ ၁၂ ရက်အတွင်း ပြည်ပမှမှာယူ တင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက် ပျမ်းမျှ အရင်းဈေးမှာ အောက်တိန်း ၉၂ တစ်လီတာ ငွေကျပ် ၇၇၀နှင့်ဒီဇယ်တစ်လီတာ ၆၈၅ ကျပ်နှုန်းရှိကြောင်း သက်ဆိုင်ရာမှ သတင်းထုတ်ပြန်ချက်ကို ဇွန် ၁၆ ရက်ထုတ်နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။

ဇွန် ၁ ရက်မှ ၅ ရက်အတွင်း အောက်တိန်း ၉၂ တစ်လီတာ၏ ဆိပ်ကမ်းရောက်ပျမ်းမျှ အရင်းဈေးမှာ ၇၂၁ ကျပ်၊ ဒီဇယ်တစ်လီတာလျှင် ၆၆၅ ကျပ် နှုန်းရှိခဲ့ပြီး မေ ၂၅ မှ ၂၉ ရက်အတွင်း အောက်တိန်း ၉၂ တစ်လီတာ ဆိပ်ကမ်းရောက်ပျမ်းမျှအရင်းဈေး ၇၀၂ ကျပ်၊ ဒီဇယ်တစ်လီတာ ၆၅၈ ကျပ်နှုန်း အသီးသီးရှိသည်ဟု အလားတူဖော်ပြချက်များအရ သိရသည်။

စက်သုံးဆီနေ့စဉ်သတင်းဖော်ပြချက်နှင့်ရန်ကုန်မြို့တွင်း စက်သုံးဆီအရောင်းဆိုင်များတွင် စိုက်ထူထားသော ဈေးနှုန်းစာရင်းများအရ ဇွန်လပထမအပတ်အတွင်း အောက်တိန်း ၉၂ တစ်လီတာငွေကျပ် ၇၃၀၊ ဒီဇယ် တစ်လီတာငွေကျပ် ၆၉၀ နှုန်း၊ ဇွန်လ ဒုတိယပတ်တွင် အောက်တိန်း ၉၂ တစ်လီတာငွေကျပ် ၇၅၀၊ ဒီဇယ် တစ်လီတာ ငွေကျပ် ၇၁၀ နှုန်းရှိခဲ့သည်ဟု သိရသည်။

ပြည်ပမှတင်သွင်းသော စက်သုံးဆီများ၏ဆိပ်ကမ်းရောက်ပျမ်းမျှအရင်းဈေးမှာ ဇွန်လဒုတိယပတ်တွင် မြင့်တက်လာသော်လည်း ဇွန်လတတိယပတ်အတွင်း ရန်ကုန်မြို့တွင် စက်သုံးဆီအရောင်းဆိုင်များ၌ ဇွန်လဒုတိယပတ်ဈေးနှုန်းအတိုင်း အောက်တိန်း ၉၂ တစ်လီတာငွေကျပ် ၇၅၀၊ ဒီဇယ်တစ်လီတာငွေကျပ် ၇၁၀ ဖြင့် ဈေးမပြောင်းလဲဘဲရောင်းချနေသည်ကို တွေ့ကြုံခဲ့ရသည်ဟု အငှားယာဉ်ပိုင်ရှင် ဦးတင့်ဝေက ပြောသည်။

ဗဟိုဘဏ်၏ သတ်မှတ်ရည်ညွှန်းနှုန်းတစ်ဒေါ်လာ ၁၁၀၅ ကျပ် ဖြစ်သော်လည်း ပြင်ပငွေလဲလှယ်သည့် ဈေးကွက်၌ ကွာခြားမှုများရာ ဇွန် ၁၀ ရက်တွင် အများဆုံးဖြစ်ခဲ့သည်။ ယခုအခါ ဗဟိုဘဏ်က ဘဏ်နှုန်းထားအတိုင်း ဗဟိုဘဏ်က ဘဏ်များမှတစ်ဆင့် နိုင်ငံခြားငွေအများဆုံး အသုံးပြုသည့် အဓိကသွင်းကုန်များဖြစ်သော စက်သုံးဆီနှင့်စားသုံးဆီအတွက် လိုအပ်သည့် နိုင်ငံခြားငွေကို အကန့်အသတ်မရှိ ရောင်းချမည့် သတင်းဖော်ပြချက်ကြောင့် စက်သုံးဆီများ၏ ပြည်ပမှ တင်သွင်းရာတွင် ဆိပ်ကမ်းရောက်ပျမ်းမျှ အရင်းဈေးနှုန်းများလည်း ပြန်လည်ကျဆင်းလာနိုင်မည်။ ထို့အတူ ရန်ကုန်မြို့တွင်း ရောင်းချနေသော စက်သုံးဆီဈေးနှုန်းများ လည်း ပြန်လည်ကျဆင်းလာနိုင်မည်ဟု မျှော်လင့်ကြောင်း ဈေးနှုန်းကျဆင်းမှုနှင့်အတူ စက်သုံးဆီအရည်အသွေးနှင့် အခြင်အတွယ်တို့ကို တာဝန်ခံရောင်းချစေလိုကြောင်း လမ်းမတော်မြို့နယ် (၂) ရပ်ကွက်ကမ်းနားလမ်းနေ ကားဂိတ်လုပ်ငန်းလုပ်ကိုင်သူ ဦးလှဦးက ပြောသည်။

စက်သုံးဆီဈေးနှုန်းမြင့်တက်မှုအပေါ် ကားခဈေးနှုန်း မြှင့်တင်ပြောဆိုမှုရှိသော်လည်း စက်သုံးဆီ တစ်လီတာလျှင်ငွေကျပ် ၆၀၀ ဝန်းကျင်သာရှိပြီး ယခုနှစ် မတ်လအတွင်း ရန်ကုန်မြို့တွင် ကားစီးလုံးငှားစီးနင်းရာတွင် ၂၀၁၄ ခုနှစ်အတွင်း တစ်လီတာ ငွေကျပ် ၉၀၀ ဝန်းကျင် စက်သုံးဆီဈေးနှုန်းရှိချိန်ကာလအတိုင်း ကြုံတွေ့ခဲ့ရသည်ဟု တက္ကစီစီးနင်းသွားလာသူများက ပြောသည်။

**ခင်ဆိုင်**

# မော်တင်လှူကူးခုံးကျော်တံတားကို နှစ်လအတွင်း အပြီးတည်ဆောက်မည်



**ရန်ကုန် ဇွန် ၂၀**

ရန်ကုန်မြို့ရှိ လူကူးခုံးကျော်တံတားများအနက် အရှည်ဆုံးဖြစ်ပြီး စက်လှေကားများလည်း ပါဝင်သည့် လမ်းမတော်မြို့နယ်အတွင်းရှိ မော်တင်လူကူးခုံးကျော်တံတားကို နှစ်လအတွင်း ပြီးစီးအောင်တည်ဆောက်သွားရန် လျာထားကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီမှ သိရသည်။

“ဒီခုံးကျော်တံတားကို ဇူလိုင်နဲ့ ဩဂုတ်လအတွင်း အပြီးတည်ဆောက်ဖို့ ခန့်မှန်းထားပါတယ်။ လက်ရှိအချိန်မှာ ပိုင်တိုင်တွေ တည်ဆောက်မှု ပြီးစီးတော့မှာဖြစ်လို့ ၄၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီလို့ ပြောလို့ရပါတယ်” ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ(လမ်း၊ တံတားဌာန)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မော်တင်လူကူး ခုံးကျော်တံတားသည် ယာဉ်အသွားအလာများသော လမ်းမကြီးနှစ်ခုဖြစ်သည့် လမ်းသစ်လမ်းနှင့် ကမ်းနားလမ်းကို ဖြတ်၍ တည်ဆောက်နေခြင်း ဖြစ်သည်။ လမ်းမကြီးနှစ်ခုကိုဖြတ်လျက် စုစုပေါင်း အရှည် ၂၇၂ ပေရှိကာ ရန်ကုန်မြို့တွင် တည်ဆောက်ပြီးသော လူကူးခုံးကျော်တံတားများတွင် အရှည်ဆုံးဖြစ်ကြောင်း သိရသည်။ တံတား၏ အတက်လမ်းများတွင် စက်လှေကားများ ပါဝင်မည်ဖြစ်ပြီး အဆင်းလှေကားများကိုမူ ရိုးရိုးလှေကားများအဖြစ်သာ တည်ဆောက်သွားမည် ဖြစ်သည်။

မော်တင်လူကူးခုံးကျော်တံတားကို လမ်းဖြတ်ကူးသူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရန်ရည်ရွယ်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီက ကျပ်သိန်းပေါင်း ၆၇၀၀ အကုန်အကျခံ၍ တည်ဆောက်ခြင်း ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသည် ပြီးခဲ့သည့် ၂၀၁၄ ခုနှစ်အတွင်းမှစ၍ ရန်ကုန်မြို့အတွင်း လူသွားလူလာများပြားသော နေရာများ၌ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် စက်လှေကားပါသော လူကူးခုံးကျော်တံတားများနှင့် ရိုးရိုးခုံးကျော်တံတားများကို ဆက်တိုက် တည်ဆောက်လျက်ရှိသည်။

**သတင်း-မောင်နွေသစ်**
**ဓာတ်ပုံ-သဏ္ဍ**

## အနီရောင်ကြက်ခြေခတ်အမှတ်အသားနှင့် အနီရောင်လခြမ်း အမှတ်အသားအသုံးပြုခြင်းနှင့်ပတ်သက်၍ အသိပေးချက်

မြန်မာနိုင်ငံသည် ဂျီနီဗာ အများသဘောတူစာချုပ်များ လက်မှတ်ရေးထိုးထားသော အဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ ပထမဂျီနီဗာ သဘောတူညီစာချုပ် (1949) Article -53 အရ ကြက်ခြေနီအမှတ်အသား **(အနီရောင်ကြက်ခြေခတ်အမှတ်အသားနှင့် အနီရောင်လခြမ်းအမှတ်အသား)** ကို အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC)၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း (IFRC)၊ အမျိုးသား ကြက်ခြေနီအသင်းများနှင့် တပ်မတော်ဆေးတပ်ဖွဲ့များသာလျှင် အသုံးပြုခွင့်ရှိပြီး အောက်ပါတို့တွင် အသုံးပြုခွင့်မရှိကြောင်း ဖော်ပြအပ်ပါသည်-

(က) လူပုဂ္ဂိုလ် တစ်ဦးချင်းသော်လည်းကောင်း၊ အဖွဲ့အစည်းအနေဖြင့်သော်လည်းကောင်း၊
(ခ) ဆေးရုံအဆောက်အအုံ၊ သွားဘက်ဆိုင်ရာဆေးကုသခန်း၊ တိုင်းရင်းဆေးကုသခန်း၊ သမဝါယမဆေးခန်း၊ ကျေးလက်ကျန်းမာရေးဌာန၊ ကျေးရွာဆေးပေးခန်း၊
(ဂ) လူမှုရေးအသင်းအဖွဲ့များ၊ အခမဲ့လူမှုကူညီရေးဆေးခန်းများ၊
(ဃ) ပုဂ္ဂလိကဆေးရုံဆေးခန်းများ၊
(င) ကြက်ခြေနီနှင့်မသက်ဆိုင်သောယာဉ်များ၊ (လူနာတင်ယာဉ် အပါအဝင်)
(စ) ကူးသန်းရောင်းဝယ်ခြင်းလုပ်ငန်းများ၊
(ဆ) လုပ်ငန်းဌာနများ၊ ကုမ္ပဏီအစရှိသော ပုဂ္ဂလိက (သို့မဟုတ်) အများပြည်သူပိုင်တို့တွင်-

ကြက်ခြေနီအမှတ်အသားများကို အခွင့်မရှိသူများကသုံးစွဲခြင်းနှင့် လွဲမှားစွာအသုံးပြုခြင်းနှင့် ဆင်တူယိုးမှားအသုံးပြုမှုများသည် သဘာဝဘေးဒုက္ခများ၊ စစ်ပွဲများ၊ မငြိမ်မသက်မှု အခြေအနေများတွင် ကြက်ခြေနီအသင်း၏ လုပ်ငန်းဆောင်ရွက်မှုနှင့် အမှတ်အသား၏တန်ဖိုးတို့ကို ထိခိုက်လာနိုင်သကဲ့သို့ ကြက်ခြေနီဝန်ထမ်းများ၊ စေတနာလုပ်အားရှင်များ၏လုံခြုံရေးနှင့် အကာအကွယ်ပေးနိုင်စွမ်းကို ပြင်းထန်စွာထိခိုက်နိုင်ပါသည်။

**မြန်မာနိုင်ငံကြက်ခြေနီအသင်း**



**Miss Golden Land Myanmar ကမ္ဘာ့အလှမယ်ငါးဦး ရွေးချယ်ပွဲ၏ Top Model ပြိုင်ပွဲကို ဇွန် ၂၀ ရက်က ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ MCC ခန်းမ၌ ကျင်းပစဉ်။**
ဓာတ်ပုံ-မေဦးမိုး

## မြန်မာ-ဘင်္ဂလားဒေ့ရှ် ပန်းချီပညာရှင်များ၏ စိတ်များပေါင်းဆုံ ပျံ့နှံ့ဆေးရောင်စုံ ပန်းချီပြပွဲကျင်းပ

**ရန်ကုန် ဇွန် ၂၀**

ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသံရုံးတို့ ပူးပေါင်းကျင်းပသည့် “စိတ်များပေါင်းဆုံ၊ ပျံ့နှံ့ဆေးရောင်စုံ” ပန်းချီပြပွဲဖွင့်ပွဲကို ဇွန် ၁၉ ရက် ညနေက ရန်ကုန်မြို့ ပြည်သူ့ရင်ပြင် ရန်ကုန်ဂယ်လာရီပန်းချီပြခန်း၌ ကျင်းပသည်။

အဆိုပါ ပန်းချီပြပွဲကို ဇွန် ၁၉ ရက်မှ ၂၄ ရက်အထိ ၆ ရက်တိုင် နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ကျင်းပသွားမည်ဖြစ်ပြီး မည်သူမဆို လာရောက်လေ့လာကြည့်ရှုနိုင်ကြောင်း၊ မြန်မာနိုင်ငံမှ ပန်းချီပညာရှင်ခြောက်ဦးနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပန်းချီပညာရှင် ရှစ်ဦးတို့၏ ပန်းချီကား ၄၉ ကားကို ခင်းကျင်းပြသထားသည်။ **(သတင်းစဉ်)**


သစ်ပင်စိုက်လျှင် တို့ဝန်းကျင်
စိမ်းစိုလှပ ကြည်နူးရ



ဝန်ထမ်းအလိုရှိသည်

မကြာခင်ဖွင့်လှစ်မည့်နိုင်ငံတကာ အဆင့်မီအားကစားခန်းမ (Gym)တွင်ခန့်ထားရန်အတွက် အောက်ပါဝန်ထမ်းများ အလိုရှိပါသည်။

(၁) Trainers (နည်းပြများ) -ကျား (၅)ဦး
-မ (၅)ဦး
(၂) Receptionist+Marketing -မ (၅)ဦး
(၃) House Keeping (သန့်ရှင်းရေး) -ကျား (၃)ဦး
-မ (၃)ဦး

ဆက်သွယ်လျှောက်ထားရန်-U Kyu Family Co.,Ltd
အမှတ်(၁၇၊၁၉)လှည်းတန်းလမ်း၊လမ်းမတော်မြို့နယ်၊
ရန်ကုန်မြို့။ဖုန်းနံပါတ်-၀၁-၂၃၀၀၇၃၃၊ ၂၃၀၀၇၁၄



**CLAIMS DAY NOTICE**
**M.V VANY RICKMERS VOY: NO(035)**

Consignees of cargo carried by M.V VANY RICKMERS VOY: NO(035) are here by notified that the vessel will arrive of about 23-6-2015 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့်တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**



**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ကချင်ပြည်နယ်အတွင်းရှိ မြို့နယ်များ၌ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကုသရေးဦးစီးဌာနနှင့် တိုင်းရင်းဆေးပညာဦးစီးဌာနတို့၏ ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းခေါင်းစဉ်ဖြင့် ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများ၊ ဆောက်လုပ်မည့်အဆောက်အအုံများအတွက် စိတ်ပါဝင်စားသူ ကုမ္ပဏီ/လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများအား အောက်ပါဌာနများတွင် ၂၀-၆-၂၀၁၅ ရက်မှစ၍ ဝယ်ယူနိုင်ပြီး ၂၀-၇-၂၀၁၅ရက် ၁၆:၀၀ နာရီ နောက်ဆုံးထား၍ တင်ဒါတင်သွင်းရန်ဖြစ်ပါသည်-

(က) ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့
(ခ) ပြည်နယ်ကုသရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့
(ဂ) တိုင်းရင်းဆေးပညာဦးစီးဌာန၊ မြစ်ကြီးနားမြို့

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါလိပ်စာအတိုင်း ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

(က) ဝန်ကြီးရုံး၊ လူမှုရေးဝန်ကြီးဌာန၊ ကချင်ပြည်နယ်အစိုးရအဖွဲ့- ၀၇၄-၂၉၅၂၀
(ခ) ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့ ၀၇၄-၂၂၃၄၂ ၀၇၄-၂၂၃၀၇
(ဂ) ပြည်နယ်ကုသရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့ ၀၇၄-၂၂၃၀၃ ၀၇၄-၂၂၈၈၂
(ဃ) တိုင်းရင်းဆေးပညာဦးစီးဌာန၊ မြစ်ကြီးနားမြို့ ၀၇၄-၂၂၉၈၀ ၀၇၄-၂၀၉၀၉

**တင်ဒါခေါ်ယူရေးနှင့်စိစစ်ရေးလုပ်ငန်းကော်မတီ**
**ကချင်ပြည်နယ်အစိုးရအဖွဲ့**
**မြစ်ကြီးနားမြို့**



**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 2C/5713, Toyota X24 412, Van (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးစံအောင် ၉/မနမ(နိုင်)၁၁၇၄၃၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ (ရွာသာကြီး)၊ ရန်ကုန်မြို့**



**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 1H-5392 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**



**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် ၂ဃ/၅၃၆၇ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)**



**သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း**

ကျောက်ဖြူမြို့နယ်၊ တောင်ရင်းအုပ်စု၊ စေတီယျကျေးရွာ၊ အိမ်အမှတ် (၅၄)နေ ဦးခင်ဝင်း၊ ဒေါ်ခင်ပု၏သမီး ကျောက်ဖြူတရားရုံး အထက်တန်းရှေ့နေ မသန္တာဝင်း ၁၁/ကဖန(နိုင်)၀၇၀၂၇၉ သည် မိဘ၊ မောင်နှမများအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး မိဘများဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောဆန္ဒအလျောက် အိမ်ပေါ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)** **ဖခင်- ဦးခင်ဝင်း** **မိခင်-ဒေါ်ခင်ပု**



**တစ်ဦးတည်း ဖြစ်ပါကြောင်း**

ဦးတင်ထွန်း ၁၄/မမက(နိုင်)၀၃၅၈၄၆ ၏သမီး (၆)ရပ်ကွက် အရှေ့ဒဂုံ အမှတ် (၇၀၃) မေယုလမ်းနေ မမော်မော်စန်း(ခ)မမြသက်မွန်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

# ခြင်အန္တရာယ်ကင်းဝေးရေး ပြည်သူတစ်ရပ်လုံး ဝိုင်းဝန်းဆောင်ရွက်ပေး

**တင်မောင်ဦး (အလုံ)**



ခြင်ဆိုသောစကားကို ကြားလိုက်ရသည်နှင့် လူအများစု စိတ်ညစ်သွားကြပါသည်။ မှန်ပါသည်။ ခြင်ကိုက်ခြင်းကြောင့် သွေးလွန်တုပ်ကွေးရောဂါ၊ ငှက်ဖျားရောဂါ၊ ဆင်ခြေထောက်ရောဂါများ ဖြစ်ကြရပါသည်။ နေအိမ်ရုံးခန်းအတွင်း ခြင်တစ်ကောင်ရှိနေပြီဆိုလျှင် တဝီဝီနှင့် အလွန်ပင်စိတ်ညစ်စရာကောင်းလှပါသည်။ ခြင်ကိုက်ခံရပြီဆိုလျှင်တော့ ကြာလျှင်ရောဂါရပြီး အသက်အန္တရာယ်ပါ ဆုံးရှုံးသွားနိုင်သည်။

ခြင်အမျိုးအစား သုံးမျိုးရှိပါသည်။ အေဒီးစ်ခေါ် ခြင်ကျားကိုက်ခြင်းကြောင့် သွေးလွန်တုပ်ကွေးရောဂါဖြစ်နိုင်သလို အနောဖလီခြင်ကိုက်ခြင်းကြောင့် ငှက်ဖျားရောဂါဖြစ်နိုင်ပြီး ခြင်ပုန်းကိုက်ခြင်းကြောင့် ဆင်ခြေထောက်ရောဂါဖြစ်တတ်ပါသည်။ မည်သည့်ခြင်ကိုက်ကိုက် ခြင်ကိုက်ခံရပြီဆိုလျှင်တော့ ရောဂါဖြစ်ပွားမှာ သေချာပါသည်။

ခြင်ကိုက်ခြင်းကြောင့် ဖြစ်ပေါ်လာသော ရောဂါများအနက်မှ ယခုလို မိုးဦးကျရာသီတွင် ခြင်ကျားကိုက်ခြင်းကြောင့် သွေးလွန်တုပ်ကွေးရောဂါဖြစ်တတ်ပါသည်။ သွေးလွန်တုပ်ကွေးသည် ယခင်ငါးနှစ်အောက်ကလေးများမှာသာ ဖြစ်လေ့ရှိပြီး ယခုအခါ လူကြီးများတွင်လည်း ဖြစ်ပွားလာပါသည်။ အသက် ၁၅ နှစ်အောက် ကလေးများတွင် အများဆုံးဖြစ်ပွားလေ့ရှိပါသည်။ တစ်နှစ်ပတ်လုံးဖြစ်ပွားတတ်ပြီး တောရောမြို့ပါဖြစ်ပွားနိုင်သော ရောဂါဖြစ်ပါသည်။

သွေးလွန်တုပ်ကွေးရောဂါလက္ခဏာများမှာ-
(၁) နှစ်ရက်မှ ခုနစ်ရက်ခန့် အပြင်းဖျားမည်၊
(၂) ပျို့အန်ပြီး ကိုယ်ခန္ဓာတွင် အနီစက်များ ထွက်လာမည်၊
(၃) ဖျားနေစဉ် သုံးရက်မှ ငါးရက်အတွင်း သွေးလန့်သည့်လက္ခဏာများ ဖြစ်ပေါ်လာပြီး အသက်အန္တရာယ်ရှိနိုင်သည်။

သွေးလွန်တုပ်ကွေးရောဂါမဖြစ်ပွားစေရန်အတွက် မြို့နယ်တိုင်း၊ရပ်ကွက်တိုင်း၊ ရွာတိုင်း၊ အိမ်တိုင်းတွင် ပိုးလောက်လမ်းနှိမ်နင်းရေးလုပ်ငန်းများကို ပြည်သူများအားလုံး ပါဝင်ဆောင်ရွက်ခြင်းဖြင့် ကာကွယ်ပါ။ ခြင်ကိုက်မခံရအောင် ကာကွယ်ပါ။ ခြင်နှိမ်နင်းရေးသည် ခြင်ကောင်ဖြစ်မှ နှိမ်နင်းခြင်းထက် ပိုးလောက်လမ်းဘဝတွင် နှိမ်နင်းခြင်းဖြင့် သွေးလွန်တုပ်ကွေးရောဂါကို ပိုမိုလွယ်ကူထိရောက်စွာ ကာကွယ်နိုင်မည်။ ရေကြည်ရေသန့်များဖြစ်သည့် ရေအိုး၊ ရေခွက်၊ ရေစည်၊ ညောင်ရေအိုးများကို လဲလှယ်ပေးရမည်။ အသုံးပြုနေသော ရေစည်များအား အဘိတ်ဆေးခတ်ပေးရမည်။ ဆေးမှုတ်ခြင်းလုပ်ငန်းနှင့် နေ့ဘက်ပိုင်း ခြင်မကိုက်စေရန် သတိပြုနေထိုင်ရပါမည်။ ဖုံး၊ သွန်၊ လဲ၊ စစ် ခြင်နှိမ်နင်းရေးစနစ်ဆိုသလို ခြင်ကျားများမပေါက်ဖွားအောင် ဆောင်ရွက်ရပါမည်။ ရေမသွန်နိုင်သည့် အုတ်ကန်-ရေစည်-ရေကန်များတွင် ပိုးလောက်လမ်းစားငါး သို့မဟုတ် အဘိတ်ဆေးထည့်ရန် ဆောင်ရွက်ရပါမည်။

အနောဖလီခြင်ကိုက်ခြင်းကြောင့် ဖြစ်ပွားတတ်သော ငှက်ဖျားရောဂါအကြောင်း ဆက်လက်တင်ပြရမည်ဆိုလျှင် အနောဖလီခြင်က ငှက်ဖျားရောဂါပိုးရှိသော သူ၏ သွေးကို စုပ်ယူပြီး အခြားသူတစ်ယောက်ကို ကိုက်သည့်အခါ အကိုက်ခံရသူထံသို့ ရောဂါပိုးရောက်ရှိသွားပြီး လူ၏သွေးနီဥများကို ဖျက်ဆီးပါသည်။ ထိုအချိန်တွင် အဖျားဝင်လာပါသည်။

အနောဖလီခြင်သည်လည်း ရေသန့် ရေရှင်ရှိသောနေရာများတွင် ပေါက်ပွားလေ့ရှိပြီး ရေပုပ်ရေသိုးထဲတွင် မပေါက်ပွားပါ။ တောတောင်စိမ့်စမ်း ဒေသရှိ မြက်ပင်၊ ဗေဒါပင်တို့ရှိသော ရေကမ်းစပ်များ၌ ပေါက်ပွားသည်။ ထို့ကြောင့် ငှက်ဖျားရောဂါသည် တောတောင်ဒေသများတွင် အဖြစ်များလေ့ရှိပါသည်။

ငှက်ဖျားရောဂါကာကွယ်ရန်အတွက် လူထုသည်-
(၁) ခြင်ပေါက်ပွားရာနေရာများကို ရှင်းလင်းပစ်ပါ၊
(၂) ညဘက်တွင် ခြင်မကိုက်စေရန် ခြင်ထောင်ဖြင့်လုံခြုံစွာအိပ်ပါ၊
(၃) တောတက်သည့်အခါ ငှက်ဖျားရောဂါကာကွယ်ဆေး ကြိုတင်သောက်သွားပါ။

ဆက်လက်တင်ပြလိုသောခြင်မှာ **ခြင်ပုန်း**ဖြစ်ပါသည်။ ခြင်ပုန်းဟုခေါ်ဆိုခြင်းမှာ ထိုခြင်သည် အမှောင်ထဲတွင်သာနေလေ့ရှိပြီး ညဘက်တွင်ကိုက်သော ခြင်ဖြစ်ပါသည်။ ရေပုပ် ရေသိုး မသန့်ပြန့်သောရေများတွင် ခြင်ဥပြီး ပေါက်ပွားလေ့ရှိပါသည်။ ၎င်းခြင်အကိုက်ခံရပြီဆိုလျှင် ဆင်ခြေထောက်ရောဂါဖြစ်ပွားလာမည်ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုရသော် ခြင်ဆိုလျှင် မည်သည့်ခြင်ကိုက်ကိုက် လူကိုဒုက္ခပေးမည်ဖြစ်ပါသည်။ ယခုလို မိုးဦးကျရာသီတွင် ခြင်များပေါက်ပွားလေ့ရှိသောကြောင့် ခြင်နှိမ်နင်းရေးလုပ်ငန်းများကို လုပ်ဆောင်နိုင်ရန်အတွက် မြန်မာတစ်နိုင်ငံလုံးတွင် ခြင်နှိမ်နင်းရေးလုပ်ငန်းများဖြစ်သော အဘိတ်ဆေးခတ်ခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများဆောင်ရွက်ခြင်း၊ ခြင်ဆေးမှုတ်ခြင်းလုပ်ငန်းများကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေး ဦးစီးဌာနမှူးနှင့် ဆရာဝန်များကဦးဆောင်၍ မြို့နယ်တိုင်း၊ ရပ်ကွက်တိုင်း နေအိမ်များ၊ စာသင်ကျောင်းများတွင် လိုက်လံဆောင်ရွက်လျက်ရှိပြီး မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပြည်သူများက ပါဝင်ကူညီဆောင်ရွက်လျက်ရှိသောကြောင့် ရှောင်ရန်ဆောင်ရန် အချက်များကိုသိရှိကာ သွေးလွန်တုပ်ကွေးရောဂါနှင့် ခြင်ကြောင့်ဖြစ်ပွားတတ်သော ရောဂါများဖြစ်ပွားခြင်းမှ ကင်းဝေးမည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**ခြင်ဆိုလျှင် မည်သည့်ခြင်ကိုက်ကိုက် လူကိုဒုက္ခပေးမည်ဖြစ်ပါသည်။ ယခုလို မိုးဦးကျရာသီတွင် ခြင်များပေါက်ပွားလေ့ရှိသောကြောင့် မြန်မာတစ်နိုင်ငံလုံးတွင် ခြင်နှိမ်နင်းရေးလုပ်ငန်းများဖြစ်သော အဘိတ်ဆေးခတ်ခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ခြင်ဆေးမှုတ်ခြင်းလုပ်ငန်းများကို မြို့နယ်တိုင်း၊ ရပ်ကွက်တိုင်း နေအိမ်များ၊ စာသင်ကျောင်းများတွင် လိုက်လံဆောင်ရွက်လျက်ရှိ**



## မြို့နယ်တရားရုံးအဆောက်အအုံသစ်ဖွင့်ပွဲ ကျင်းပ

**နမ္မတူ ဇွန် ၂၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ္မတူမြို့နယ် တရားရုံးအဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဇွန် ၁၈ရက်က အဆိုပါရုံးရှေ့၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ မြို့မိမြို့ဖများ၊ မြို့နယ်အထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ ရှမ်း၊ တအာင်း၊ ကချင်၊ မုန်းဝန်း၊ လီဆူ စသည့်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်က အမှာစကားပြောကြားပြီး မြို့နယ်တရားသူကြီး ဦးဇော်မင်းထွန်းက တရားရုံးအဆောက်အအုံသစ်ဆောက်လုပ်ခြင်း ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးဇော်ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်နှင့် မြို့နယ်တရားသူကြီး ဦးဇော်မင်းထွန်းတို့က မြို့နယ်တရားရုံးအဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကြောင်း သိရသည်။ **စိုင်း(သီပေါ)**

## အကြိုမဲဆန္ဒရှင်စာရင်း ကြေညာနိုင်ရေး အသိပညာပေး

**မိုးညို ဇွန် ၂၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏အကြိုမဲဆန္ဒရှင်စာရင်းကြေညာနိုင်ရေးနှင့်ပတ်သက်၍ အသိပညာပေး ညှိနှိုင်းဆွေးနွေးပွဲကို ဇွန် ၁၉ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးစောထွန်းဦးက ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၏လုပ်ငန်းတာဝန်များနှင့်အကြိုမဲဆန္ဒရှင်စာရင်းကြေညာခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။ မိုးညိုမြို့နယ်တွင် မဲဆန္ဒရှင်အမျိုးသား ၄၃၉၀၆ ဦး၊ အမျိုးသမီး ၄၀၇၀၁ ဦး ရှိကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## ပြည်သူ့ဝန်ဆောင်မှုဆောင်ရွက်ပေးနိုင်ရေးဆွေးနွေး

**မိုင်းဆတ် ဇွန် ၂၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းဆတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သီရိရတနာခန်းမ၌မြို့နယ်စုပေါင်းရုံးဖွဲ့စည်းထူထောင်ခြင်းနှင့် One Stop Shop (OSS)ဖြင့်ပြည်သူ့ဝန်ဆောင်မှုပေးနိုင်ရေး ဆွေးနွေးပွဲအခမ်းအနားကို ဇွန် ၁၈ ရက်က ကျင်းပသည်။

ရှေးဦးစွာ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူးဦးနိုးဝေက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာ့ဆက်သွယ်ရေး၊ အခြေခံပညာဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ ပြည်တွင်းအခွန်များ ဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြေစာရင်းဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနနှင့် စည်ပင်သာယာရေးကော်မတီတို့ကို မြို့နယ်စုပေါင်းရုံးဖွဲ့စည်းထူထောင်၍ (OSS)ဖြင့် ပြည်သူတို့၏ အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းရာတွင် အဆင်ပြေစွာ ဝန်ဆောင်မှုပေးနိုင်ရေး ရှင်းလင်းပြောကြားသည်။ **သန်းဇော်(iprd)**

## ပျူခေတ်နှင့်ပုဂံခေတ်အစောပိုင်းကာလတို့၏ ကွင်းဆက်အထောက်အထားများဖော်ထုတ်နိုင်ရေးအတွက် အသစ်တွေ့ရှိသော စောလူးမင်းကျောက်စာ၊ ဆင်ရွာပျူကျောက်စာ၊ မြနဒီကျောက်စာများနှင့် ပတ်သက်၍ သုတေသနပြုတွေ့ရှိချက်များ ဆွေးနွေးပွဲ စိတ်ဝင်စားသူများတက်ရောက်နိုင်

**နေပြည်တော် ဇွန် ၂၀**

ပျူခေတ်အက္ခရာ အရေးအသားများပါဝင်သည့် ပျူကျောက်စာသည် (ဘီစီ ၂ ရာစုမှ ၉ ရာစုအတွင်း) မြန်မာနိုင်ငံရှိ ပျူမြို့ဟောင်းများဖြစ်သော ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာအပါအဝင် ပျူမြို့ဟောင်းများတွင် တွေ့ရှိခဲ့သည်။ အက္ခရာအရေးအသား အထောက်အထားများ တွေ့ရှိလာရသည့် ပုဂံခေတ်ရှေ့ပိုင်း ကာလ၏ ခိုင်မာသော သမိုင်းအထောက်အထားများ ပိုမိုတွေ့ရှိနိုင်ရေးအတွက် ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် အစဉ်ကြိုးပမ်းဖော်ထုတ်ဆောင်ရွက်လျက်ရှိသည်။

ပုဂံခေတ် ရှေ့ပိုင်းကာလ၌ ဖြစ်ပေါ်ပြောင်းလဲမှု အထောက်အထားများ မှေးမှိန်နေမှုကို ယခုတွေ့ရှိထားသည့် ပျူအက္ခရာပါ ကျောက်စာအထောက်အထားတို့သည် မှေးမှိန်နေသော သမိုင်းကွင်းဆက်များကို ဖော်ထုတ်ရန် တန်ဖိုးမြင့်မားသည့် အထောက်အထားများဖြစ်သည့်အလျောက် သမိုင်းအတွက် အလွန်အရေးပါလျက်ရှိကြောင်း တွေ့ရှိရသည်။ အဆိုပါ သမိုင်းအတွက် အလွန်အရေးကြီးသော ကျောက်စာအထောက်အထားများကို သဘာဝ ဘေးနှင့်လူတို့ဖျက်ဆီးမှုတို့မှ ကင်းဝေးစေရန်အတွက် စနစ်တကျနှင့်လုံခြုံစိတ်ချရမည့်နေရာတွင် ထိန်းသိမ်းစောင့်ရှောက်ရန်လိုအပ်ကြောင်းကို ၂၀၁၅ ခုနှစ် ဇွန် ၈ ရက်တွင် အမျိုးသားပြတိုက် (ရန်ကုန်)၌ လည်းကောင်း၊ ဇွန် ၁၅ ရက်တွင် မန္တလေးမြို့ အမျိုးသားဇာတ်ရုံ၌ လည်းကောင်း ကျင်းပသည့် အသစ်တွေ့ရှိသည့် ပျူကျောက်စာနှင့် ကမ်းပါးနီ ကျောက်ခေတ် နံရံပန်းချီတို့နှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပွဲတွင် ပညာရှင်များက ဝိုင်းဝန်းဆွေးနွေးအကြံပြုခဲ့ကြသည်။

ကျောက်ခေတ် အထောက်အထားအသစ်တစ်ရပ်ဖြစ်သည့် ကမ်းပါးနီ ကျောက်နံရံပန်းချီရှိရာဒေသသို့လည်း ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဆောင်၍ ပညာရှင်များ၊ မီဒီယာများ၊ စိတ်ပါဝင်စားသူတို့က ကွင်းဆင်းလေ့လာစစ်ဆေးခဲ့ပြီး ယဉ်ကျေးမှုဝန်ကြီးဌာနက ထိန်းသိမ်းစောင့်ရှောက်ရန် စတင်ဆောင်ရွက်နေသကဲ့သို့ ပျူယဉ်ကျေးမှု အထောက်အထားများဖြစ်သည့် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့ ပေတောပရဟိတကျောင်းတိုက်အတွင်းတွေ့ရှိသည့် "စောလူးမင်း ကျောက်စာ"၊ မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ဆင်ရွာမှ တွေ့ရှိသည့် "ပျူရှေးဟောင်းကျောက်စာ"၊ မြစ်သားမြို့ ရွှေမုဋ္ဌောဘုရားတွင် ထိန်းသိမ်းထားသော "မြနဒီကျောက်စာ" တို့နှင့်ပတ်သက်၍ ပျူခေတ်နှင့် ပုဂံခေတ်သမိုင်းကွင်းဆက် အထောက်အထားများ ဖော်ထုတ်နိုင်ရေး အထောက်အကူဖြစ်စေရန်အတွက် ပညာရေးဝန်ကြီးဌာနကလည်းကောင်း၊ ပုဂ္ဂလိက ပျူစာပေပညာရှင်များကို လည်းကောင်း ဖိတ်ခေါ်၍ ဆွေးနွေးပွဲကို ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်း အမှတ် (၁၃၁) ကမ္ဘောဇနန်းတော်(ချင်းချောင်းနန်းတော်)၌ ဇွန် ၂၆ ရက် နံနက် ၉ နာရီခွဲတွင် ကျင်းပမည်ဖြစ်ကြောင်း စာတမ်းဖတ်ကြားလိုသူများအနေဖြင့် စာတမ်းအား တစ်ပါတည်း ပြင်ဆင်လာရန်နှင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ ကြိုတင်စာရင်းပေးရန်ဖြစ်ကြောင်း၊ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# မိုးပွင့်(အထူး)စီမံချက် ဇူလိုင်လတစ်လ ထပ်မံတိုးမြှင့်ဆောင်ရွက်ပေးမည်

**မန္တလေး ဇွန် ၂၀**

လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ၂၀၁၅ ခုနှစ်ဇန်နဝါရီ ၁ ရက်မှ ၃၀ ရက်အထိ မိုးပွင့်(အထူး)စီမံချက်ဖြင့် ဆောင်ရွက်ပေးနေသည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးရေးလုပ်ငန်းကို ဇူလိုင်လတစ်လ ထပ်မံတိုး၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မိုးပွင့်(အထူး)စီမံချက်ဖြင့် အသက် ၁၈ နှစ်ပြည့်နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးရုံသာမက အသက် ၁၀ နှစ်ပြည့်သူများကိုပါ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ဇွန် ၁၅ ရက်ထိ အသက် ၁၈ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ် ၁၃၄၆၁၀ နှင့် အသက် ၁၀ နှစ်ပြည့်အမျိုးသားမှတ်ပုံတင် ၃၈၁၄၅ ဦးထုတ်ပေးနိုင်ခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသောင်းဇော်က ပြောသည်။

"မိုးပွင့်စီမံချက်နဲ့ နိုင်ငံသား စိစစ်ရေးကတ်ပြား ၄၂ ဒသမ ၅၅ ရာခိုင်နှုန်းပြုလုပ်ပေးနိုင်ခဲ့ပါတယ်။ လက်ရှိအခြေအနေမှာ မပြုလုပ်နိုင်သေးတဲ့ လူဦးရေတစ်သောင်းကျော်လောက်ကျန်ရှိနေပါသေးတယ်။ ဒါတွေက ခရီးလွန်နေတဲ့သူတွေဖြစ်ပြီး တချို့ကတော့လုပ်စရာမလိုဘူးလို့ထင်တဲ့သူတွေဖြစ်ပါတယ်။ နိုင်ငံသားစိစစ်ရေးကတ်မလုပ်တဲ့ အကျိုးဆက်က နောင်လာမယ့် မျိုးဆက်တွေမှာ အခက်အခဲတွေဖြစ်သွားနိုင်တယ်ဆိုတာကို နားလည်အောင်ရှင်းပြပေးနိုင်ရင်တော့ လုပ်လာနိုင်ပါတယ်" ဟု ၎င်းကပြောသည်။

ယခုအချိန်၌ ရွေးကောက်ပွဲမကျင်းပမီကြားကာလတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ရန်လိုအပ်နေသည့်ဒေသများရှိနေသေးသည့်အတွက် စီမံချက်ကာလကို တစ်လထပ်မံတိုးမြှင့်၍ ဇူလိုင်လကုန်အထိ ဆောင်ရွက်ပေးရန် စီစဉ်နေကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

နိုင်ငံသားစိစစ်ရေးကတ် ဆောင်ရွက်ရန်အတွက် ပြည်သူများ၏တာဝန်နှစ်ရပ်ဖြစ်သည့် ဆယ်အိမ်မှူး၊ ရာအိမ်မှူးထံထပ်မံစာရင်းပေးရန်နှင့် ကွင်းဆင်းအဖွဲ့လာရောက်ပါက မပျက်မကွက် သွားရောက်ဆောင်ရွက်ရန်၊ မိမိ၏ နေအိမ်နားရှိ နိုင်ငံသားကတ်မလုပ်ရသေးသည့်သူများအား နိုင်ငံသားစိစစ်ရေးကတ်လုပ်ရန်လိုကြောင်း ထပ်ဆင့်ပြောကြားပေးရန်ဖြစ်သည်။

ထို့ပြင်ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတာဝန်သုံးရပ်မှာ မိမိရပ်ကွက်/ကျေးရွာအုပ်စုရှိ နိုင်ငံသားစိစစ်ရေးကတ် မလုပ်ရသေးသူများစာရင်းကို တစ်ဦးမကျန်စာရင်းကောက်ယူ၍ လဝကထံပေးပို့ရန်၊ လဝကအဖွဲ့ကွင်းဆင်းရောက်ရှိပါက နိုင်ငံသားစိစစ်ရေးကတ်လုပ်မည့်သူများအား စုစည်းပေးရန်နှင့်ကွင်းဆင်းနေရာသို့ရောက်နိုင်ခြင်းမရှိသူများအား (Home Service) ဖြင့် ဆောင်ရွက်နိုင်ရန်ကူညီပေးရန်၊ မိမိရပ်ကွက်၊ ကျေးရွာအုပ်စုတွင် အသက် ၁၈ နှစ်အထက် နိုင်ငံသားစိစစ်ရေးကတ်လုပ်ရန် ကျန်ရှိသူမရှိကြောင်း ထောက်ခံချက်ပေးရန်တို့ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်**



# နမ့်ခမ်းမြို့၌ အများပိုင်အခမဲ့ဆေးကုခန်းဖွင့်

**နမ့်ခမ်း ဇွန် ၂၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့ ဦးဆုတောင်းပြည့်စေတီ မုခ်ဦးအနီး၌ အများပိုင်အခမဲ့ဆေးခန်း အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဇွန် ၁၇ ရက်က ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းက အမှာစကားပြောကြားပြီး နယ်မြေခံတပ်မမှူး ဗိုလ်မှူးချုပ် သက်ထွန်းဦးက အလှူရှင်များအား အထိမ်းအမှတ်တံဆိပ်များ ပေးအပ်ခဲ့သည်။

ယင်းနောက်ဆရာတော်သံဃာတော်များနှင့်တက်ရောက်လာကြသော ဧည့်သည်တော်များက ဆေးခန်းသစ်အတွင်းလှည့်လည်ကြည့်ရှုခဲ့ကြသည်။ ဆေးခန်းတွင် အသေးစားခွဲစိတ်ခန်း၊ စမ်းသပ်ခန်း၊ ညအိပ်ကုသနိုင်ရန် လူနာ သုံးဦးအတွက် ကုသခံယူမှုအခန်း၊ လူနာများနားနေခန်း၊ ဆေးဝါးထားရှိသောစတိုခန်း၊ သန့်စင်ခန်းများထားရှိပြီးအထွေထွေရောဂါကုသပေးနိုင်ရန် ကျွမ်းကျင်ဆရာဝန်တစ်ဦး၊ အထက်တန်းသူနာပြု ငါးဦးနှင့် တစ်ရက်လျှင် ပျမ်းမျှဝေဒနာရှင် ၇၀ ခန့်အခမဲ့ကုသပေးနိုင်ခဲ့သည်။ ဆေးခန်းစတင်ဖွင့်လှစ်သည့်နေ့မှ ဆေးခန်းသစ်တည်ဆောက်သည့်နေ့အထိ ဝေဒနာရှင် ၁၀၀၀၀ ခန့် ကုသပေးနိုင်ခဲ့သည်။ ယခင်က ဝါးထရံကာတဲငယ်အတွင်း၌ ကုသပေးရသော်လည်း တပ်မမှူး၏ ဦးဆောင်မှုနှင့်အတူ ရပာန်းရှင်လူ ပြည်သူများပါဝင်လှူဒါန်းမှုကြောင့် သွပ်မိုး၊ အုတ်ကာ၊ ကြွေပြားခင်းသည့် (၄၀× ၁၈) ပေရှိ ဆေးခန်းသစ်ကို ဆောက်လုပ်ဖွင့်လှစ်နိုင်ခဲ့ကြောင်း သိရသည်။

**ဉာဏ်မင်း(နမ့်ခမ်း)**



# ထန်တလန်မြို့၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**ထန်တလန် ဇွန် ၂၀**

ထန်တလန်မြို့ အခြေခံပညာအထက်တန်းကျောင်းအနီးတွင် ဇွန်လဒုတိယပတ်က သစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပသည်။ **(အပေါ်ပုံ)**

အဆိုပါသစ်ပင်စိုက်ပျိုးပင်များကို မြို့နယ်သစ်တောဦးစီးဌာနမှ စီစဉ်ပေးခြင်းဖြစ်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မင်းနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်အထောက်အကူပြုကော်မတီနှင့် စည်ပင်သာယာရေးကော်မတီတို့မှ ကော်မတီဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ တာဝန်ရှိသူများ၊ ရပ်ကွက်သုံးရပ်ကွက်မှ ရပ်ကွက်နေပြည်သူများ တက်ရောက်ကြပြီး ချယ်ရီပင် ၂၀၀ နှင့် ယူကလစ်ပင် ၂၀၀ စိုက်ပျိုးကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ဥယျာဉ်စိုက်တောင်သူများအား ပျိုးပင်များပေးအပ်

**သံတောင်ကြီး ဇွန် ၂၀**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်အတွင်းရှိ ဥယျာဉ်ခြံသီးနှံစိုက်ပျိုးသည့် တောင်သူများအား ပြည်နယ်အစိုးရအဖွဲ့မှ ပံ့ပိုးသော ကြက်မောက်ပင် မျိုးကောင်း မျိုးသန့်ပျိုးပင် ၁၀၀၀ နှင့် မက်မန်း အပင် ၁၀၀၀ စုစုပေါင်း ပျိုးပင် ၂၀၀၀ ပေးအပ်ပွဲကို သံတောင်မြို့ စိုက်ပျိုးရေးဝင်းအတွင်း၌ ဇွန် ၁၅ ရက်က ကျင်းပခဲ့သည်။

အဆိုပါပျိုးပင်များပေးအပ်ပွဲသို့ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစောဂျေဝင်းမြင့်၊ သံတောင်ကြီးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်သန်းနှင့်အဖွဲ့ဝင်များ၊ စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**(၁၁၅)**

# တက္ကသိုလ်ဝင်စာမေးပွဲထူးချွန်သူ ဆုချီးမြှင့်

**ပျဉ်းမနား ဇွန် ၂၀**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ် မင်္ဂလာဗျူဟာ သာသနာ့ဗိမာန်တော်၌ ဇွန် ၁၇ ရက် နံနက်က ၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်ဝင် အောင်မြင်သူများမှ ဂုဏ်ထူးရရှိသူများကို ဆုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ပညာရေးတာဝန်ခံ ဦးဖုန်းဇော်ဟန်က ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ပျဉ်းမနားမြို့နယ် စာစစ်ဌာနငါးခုမှ ဖြေဆိုသူပေါင်း ၃၃၀၂ ဦးဖြစ်ပြီး အတွင်းဖြေ ၁၆၁၈ ဦး၊ အလွတ်ဖြေ ၁၆၈၄ ဦးတို့ ဝင်ရောက်ဖြေဆိုပြီး အောင်ချက်ရာခိုင်နှုန်းအနေဖြင့် ၃၀ ဒသမ ၁၃ ရာခိုင်နှုန်း ရရှိခဲ့၍ မိမိတို့ ရပ်ရွာဒေသမှတစ်ဆင့် အနာဂတ်တွင် နိုင်ငံတော်က အားကိုးအားထားပြုရသည့် နိုင်ငံ့သားကောင်းရတနာလေးများဖြစ်အောင် ကြိုးစားကြရန် ပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားသို့ နေပြည်တော်ကောင်စီဝင် ပျဉ်းမနားမြို့တာဝန်ခံ ဗိုလ်မှူးကြီး မြင့်အောင်သန်းနှင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ပညာရေးဝန်ထမ်းများ တက်ရောက်ကြကြောင်း သိရသည်။

**မျိုးဇေယျာ(ပျဉ်းမနား)**



# အထွက်ကောင်းမျိုးများတိုးချဲ့စိုက်ပျိုးရေးပညာပေး

**နေပြည်တော် ဇွန် ၂၀**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်အတွင်းရှိ တောင်သူများနှင့် တွေ့ဆုံ၍ မကြာမီစိုက်ပျိုးတော့မည့် မိုးနှောင်းချည်မျှင်ရှည်ဝါအတွက် အထွက်ကောင်းမျိုးများ တိုးချဲ့စိုက်ပျိုးရေး ပညာပေးဟောပြောပွဲကို ဇွန် ဒုတိယပတ်က အင်ပင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

ဟောပြောပွဲတွင် တပ်ကုန်းမြို့နယ် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငွေငွေရီက ဝါစိုက်ဧကများ ပြည့်မီကျော်လွန်ရေး၊ တစ်ဧကအထွက်နှုန်းတိုးမြှင့်ရေးတို့အတွက် ဆောင်ရွက်ရမည့် သိပ္ပံနည်းကျ ဝါစိုက်ပျိုးရေးနည်းစနစ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့နယ်ဒုတိယဦးစီးမှူး ဦးထွန်းညွှန့်က ဝါသီးနှံအထွက်တိုးရေးအတွက် အဓိကကျသော မျိုးကောင်းမျိုးသန့်များသုံးစွဲရေးကို ဒေသဝါမျိုးများနှင့် အထွက်ကောင်းဝါမျိုးများဖြစ်ကြသော ငွေချည်(၆)၊ ငွေချည်(၉)၊ ရွှေတောင် (၈) ဝါမျိုးများ၏ အထွက်ကောင်းအရည်အချင်းများ နှိုင်းယှဉ်ဖော်ပြပြီး ဒေသမျိုးများအစား အထွက်ကောင်းဝါမျိုးများ ရွေးချယ်စိုက်ရန် ပညာပေးဟောပြောခဲ့သည်။

**(၁၆၂)**

# တောင်ငူခရိုင်တွင် ဇွန် ၂၂ ရက်မှစ၍အခြေခံမဲစာရင်းကြေညာမည်

**တောင်ငူ ဇွန် ၂၀**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်အတွင်းရှိ မြို့နယ်ခြောက်မြို့နယ်၌ အခြေခံမဲဆန္ဒရှင်စာရင်းကြေညာခြင်းကို ဇွန် ၂၂ ရက်မှဇူလိုင် ၅ ရက်အထိ သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများ၌ ကြေညာသွားမည်ဖြစ်သည်။

အဆိုပါမဲစာရင်းတွင် ရေတာရှည်မြို့နယ် အခြေခံမဲဆန္ဒရှင် ၁၃၅၄၁၇ ဦး၊ တောင်ငူမြို့နယ်အခြေခံမဲဆန္ဒရှင် ၁၆၀၃၅၄ ဦး၊ ထန်းတပင်မြို့နယ် အခြေခံမဲဆန္ဒရှင် ၈၇၂၇၈ ဦး၊အုတ်တွင်းမြို့နယ် အခြေခံမဲဆန္ဒရှင် ၁၀၁၀၇၃ ဦး၊ ဖြူးမြို့နယ် အခြေခံ မဲဆန္ဒရှင် ၁၄၉၉၂၄ ဦး၊ ကျောက်ကြီးမြို့နယ် အခြေခံမဲဆန္ဒရှင် ၇၂၀၆၇ ဦးဖြစ်ကြောင်း သိရသည်။

**မောင်ရွှေဝင်း(ပြည်)**

# စားသုံးသူ အကာအကွယ်ပေးရေး သိကောင်းစရာများ ဆွေးနွေး

**သရက် ဇွန် ၂၀**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် စည်ပင်သာယာဈေးကြီးအတွင်းရှိ ဈေးခေါင်းရုံး၌ ဇွန် ၁၇ ရက် နံနက် ၁၀ နာရီက ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ စားသုံးသူ အကာအကွယ်ပေးရေး ဆွေးနွေးပွဲကို ကျင်းပခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင်ကုန်သွယ်မှု မြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာန သရက်မြို့နယ် တာဝန်ခံ ဦးသန်းစိန်၊ အောင်လံမြို့နယ်တာဝန်ခံ ဦးကျော်မျိုးမင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးမှူး ဒေါက်တာသန်းငွေတို့က စားသုံးသူအကြောင်း သိကောင်းစရာများနှင့်ပတ်သက်၍ စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေ အခန်း(၅) ပုဒ်မ(၆) စားသုံးသူ၏အခွင့်အရေး တာဝန်များ၊ အခန်း(၆) ပုဒ်မ (၇) စီးပွားရေးလုပ်ငန်းရှင်၏ အခွင့်အရေးတာဝန်များ၊ အခန်း(၇) ပုဒ်မ (၈) စီးပွားရေးလုပ်ငန်းရှင်အတွက် တားမြစ်ချက်များ၊ အခန်း (၁၁) ပုဒ်မ (၂၃) ပြစ်မှုပြစ်ဒဏ်များကို အသေးစိတ်ရှင်း လင်းပြောကြားခဲ့ကြောင်း သိရသည်။

**ပေါက်ကလေး(သရက်)**

**နိုင်ငံဘက်စုံ တည်ဆောက်ရေး မှန်မှန်ကန်ကန်အခွန်ပေး**

# ဖလမ်း၌ ချင်းခရစ်ယာန် ဓမ္မတက္ကသိုလ်သို့ Public Digital Library Service စက် လွှဲပြောင်းပေးအပ်



**ဖလမ်း ဇွန် ၂၀**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်)က လှူဒါန်းသော Public Digital Library Service စက် လွှဲအပ်ခြင်းကို ဇွန် ၁၉ ရက် နံနက် ၁၀ နာရီက ဖလမ်းမြို့ ချင်းခရစ်ယာန် ဓမ္မတက္ကသိုလ်စာကြည့် တိုက်ခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဒေါက်တာ လောဟာလိန်း၊ ဆရာ ဆရာမများနှင့် စာကြည့်တိုက် ဝန်ထမ်းများ တက်ရောက်ကြပြီး ဖလမ်းခရိုင်ဦးစီးအရာရှိ ဦးမန်းစိန်က စက်လှူဒါန်းရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြကာ အဆိုပါစက်ကို ကျောင်းအုပ်ဆရာကြီး ထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် အဆိုပါစက်ကိုတပ်ဆင်ပြီး တက်ရောက်လာကြသူများက ဖုန်းများဖြင့် စာအုပ်များလေ့လာဖတ်ရှုကြကာ ကျောင်းအုပ်ဆရာကြီးက စာကြည့်တိုက်တွင် မြန်မာစာပေဖြင့်ရေးသားသော စာအုပ်မရှိသလောက် နည်းပါးကြောင်း၊ ယခုကဲ့သို့ စက်လှူဒါန်းတပ်ဆင်ပေးပါသဖြင့် ရှားပါးစာအုပ်များဖြစ်ကြသော အင်္ဂလိပ်စာပေ၊ မြန်မာစာပေတို့ဖြင့် ရေးသားသော စာအုပ်များစွာကို အလွယ်တကူ လေ့လာဖတ်ရှုနိုင်မည်ဖြစ်၍ ချင်းခရစ်ယာန် ဓမ္မတက္ကသိုလ် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများသာမက စာကြည့်တိုက်သို့ လာရောက် စာပေလေ့လာဖတ်ရှုသူ ပြည်သူများအား အကျိုးရှိမည်ဖြစ်ကြောင်း ပြောကြားသည်။

**(ခရိုင် ပြန်/ဆက်)**




ဇူလိုင် ၃ ရက်တွင်ကျရောက်သော မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် မြေစိုက်ပိုစတာဆိုင်းဘုတ်စိုက်ထူဖွင့်လှစ်ပွဲကို ဇွန် ၁၆ ရက်က သဲကုန်းမြို့ ဈေးချိုလမ်း၌ကျင်းပရာ ပြည်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စိုးစိုးသိန်း၊ ပြည်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ဥမ္မာနှင့် သဲကုန်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ညွန့်ညွန့်ဝေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (ခရိုင်ပြန်/ဆက်)

## အမှတ်(၂၄)မစိုးရိမ်ရေထွက်ကျောင်းသို့ ငွေကျပ် ငါးသိန်းနှင့် ပစ္စည်းများလှူဒါန်း

**မန္တလေး ဇွန် ၂၀**

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ကုသိုလ်ဖြစ်စောင့်ရှောက်ရေး ကျောက်စိမ်းကုန်သည်ပွဲစားများ မုဒိတာအဖွဲ့မှ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ရေထွက်အုပ်စု အမှတ်(၂၄)ရေထွက်မစိုးရိမ်ဘုန်းတော်ကြီးသင်ပညာရေး ကျောင်းသို့ နဝမအကြိမ်မြောက် လှူဒါန်းပွဲအခမ်းအနားကို ဇွန် ၁၈ ရက်နံနက် ၉ နာရီက အဆိုပါကျောင်း၌ ကျင်းပခဲ့သည်။

ကုသိုလ်ဖြစ်စောင့်ရှောက်ရေးကျောက်စိမ်းကုန်သည်ပွဲစားများ မုဒိတာအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်အေး၊ အတွင်းရေးမှူး ဦးအောင်ဝင်း၊ ဦးသန်းထွန်းနှင့်အဖွဲ့ဝင်များသည် လှူဒါန်းရခြင်းအကြောင်းများ လျှောက်ထားပြီး ကုလားပဲဆန် ငါးပိုင်း၊ ဆန်၁၀ ပိုင်း၊ ဗလာစာအုပ်ဒါဇင် ၁၁၀ နှင့် နဝကမ္မဝတ္ထုငွေကျပ် ငါးသိန်းတို့ကို လှူဒါန်းခဲ့သည်။

**ခင်ခင်ဝင်း(ပညာရေး)**

**ရွှေ့ပြောင်းသွားလာအလုပ်လုပ်ကိုင်ရာ ကြိုတင်လေ့လာဘေးကင်းကွာ**

# မက်မန်းသီးအထွက်နည်းခဲ့သဖြင့် ပြင်ဦးလွင်၌ မက်မန်းပေါ်ချိန်တွင် ဈေးနှုန်းအမြင့်ဖြင့် ဈေးကွက်စတင်

**ပြင်ဦးလွင် ဇွန် ၂၀**

ပြင်ဦးလွင်မြို့နယ်၌ ယခင်နှစ်များတွင် တစ်တင်းလျှင် ကျပ် ၃၀၀၀၊ ၃၅၀၀ ဝန်းကျင်ဖြင့် ဈေးကွက်စတင်သော မက်မန်းသီးများသည် ယခုနှစ် မက်မန်း သီးပေါ်ချိန်၌ တစ်တင်းလျှင် ကျပ် ၅၀၀၀ နှုန်းဖြင့် ဈေးကွက်ဖွင့်ကာ စတင် ဝင်ရောက်လာကြောင်း သိရသည်။

ဧပြီလလယ်ပိုင်းက လေပြင်းနှင့်အတူ မိုးရွာခဲ့ပြီး မိုးသီးများပါကြွေခဲ့သဖြင့် ပြင်ဦးလွင်ဒေသရှိ မက်မန်းပင်များသည် အသီးအပွင့်များစွာ ဆုံးရှုံးခဲ့သဖြင့် မက်မန်းသီး အထွက်နည်းသောကြောင့် ဈေးနှုန်းအမြင့်ဖြင့် စတင် ဈေးဖွင့်လာခြင်းဖြစ်သည်။

ယခုနှစ်တွင် မက်မန်းသီး ဈေးနှုန်းမြင့်နေသော်လည်း ပြင်ဦးလွင်မြို့နယ် အတွင်းမှ မက်မန်းသီးအဓိကထွက်သည့် ချောင်းကွေ့၊ အုတ်ဖို၊ ပန်းဦးတောင်၊ ကုန်းကော်၊ နောင်ခမ်းကြီးစသည့် ကျေးရွာများမှ တောင်သူများအနေဖြင့် ထွက်ရှိသော မက်မန်းသီးများကို ပွဲရုံများသို့ ရောင်းချမှု နည်းပါးနေပြီး အိမ်တွင်း မိသားစုစီးပွားရေးလုပ်ငန်းအဖြစ် ကိုယ်ပိုင်ဆားရည်စိမ်ခြင်းကိုသာ ပြုလုပ်နေကြကြောင်း သိရသည်။

မက်မန်းသီးဆားရည်စိမ်လုပ်ငန်းလုပ်ရာတွင် ကုန်ကြမ်းဖြစ်သည့် ဆားကြမ်းဈေးမှာလည်း မြင့်တက်နေသဖြင့် ယခုနှစ် ဆားရည်စိမ်သီးများကို ဈေးကွက်တင်ရောင်းချချိန်၌ တစ်တင်းလျှင် ကျပ်တစ်သောင်းအထက်ရရှိမှသာ တွက်ချေကိုက်မည်ဖြစ်ကြောင်း ဆားစိမ်လုပ်ငန်းလုပ်သည့် တောင်သူတစ်ဦးက ပြောသည်။

ယခင်နှစ်များတွင် မက်မန်းသီးထွက်နှုန်းမှာ ကောင်းမွန်ပြီး အသီးများစွာ ထွက်သလို ဆားကြမ်းဈေးနှုန်းမှာလည်း မြင့်တက်ခြင်းမရှိသဖြင့် ဆားစိမ်သီး တစ်တင်းလျှင် ကျပ် ၇၀၀၀ ခန့်ဖြင့် ရောင်းချခဲ့ရကြောင်း၊ ယခုနှစ်တွင်မူ အသီးနည်းသလို ဆားကြမ်းဈေးလည်း တက်နေသဖြင့် ဆားစိမ်မက်မန်းသီးများ ဈေးကွက်တင်ချိန်တွင် ဈေးနှုန်း မြင့်ဖွယ်ရှိနေကြောင်း သိရသည်။

ပြင်ဦးလွင်မြို့နယ်မှထွက်သော မက်မန်းသီးကို ဆားရည်စိမ်ခြင်းနှင့် ယိုထိုခြင်းများပြုလုပ်ကာ မြန်မာနိုင်ငံ အနှံ့အပြားသို့ တစ်နှစ်ပတ်လုံး ဖြန့်ချိရောင်းချကြရာ ယခုနှစ်တွင် မက်မန်းသီးအထွက်နည်းမှုကြောင့် တစ်နိုင်ငံလုံးတွင် မက်မန်းသီးဈေးနှုန်းမြင့်တက်ဖွယ်ရှိကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**





**မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့၏ စီစဉ်ဆောင်ရွက်မှုဖြင့် ဂျပန်နှလုံးသားအဖွဲ့က အခမဲ့ကွင်းဆင်းဆေးဝါးကုသခြင်းကို ကရင်ပြည်နယ် ဘားအံမြို့ရှိ ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ရုံး၌ ဇွန် ၁၈ ရက်တွင် ဆောင်ရွက်ပေးနေစဉ်။** (ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ညွန့်ညွန့်ဝေနှင့် အဖွဲ့ဝင်များ၊ ဂျပန်နှလုံးသားအဖွဲ့မှ စီမံကိန်း ညှိနှိုင်းရေးမှူး ဒေါ်ကေခိုင် ဦးဆောင်သော ဆရာဝန်နှင့် သူနာပြုများ၊ ဘားအံပြည်သူ့ဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများပူးပေါင်း၍ အထွေထွေရောဂါ လူနာများအား ဇွန် ၁၈ ရက်နှင့် ၁၉ ရက် နှစ်ရက်ကြာ အခမဲ့ ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့သည်။)

**နေမျိုးလွင်(ပြန်/ဆက်)**

## မူးယစ်ဆေးဝါးနှင့် နှီးနွယ်သောအန္တရာယ်လျှော့ချရေးဟောပြော

**မူဆယ် ဇွန် ၂၀**

မူးယစ်ဆေးစွဲနေသူများအနေဖြင့် မူးယစ်ဆေးမှတစ်ဆင့် ထပ်မံဖြစ်ပွားနိုင်သည့် ရောဂါများအပါအဝင် မူးယစ်ဆေးဝါးနှင့်နှီးနွယ်သော အန္တရာယ်များ လျှော့ချခြင်းစီမံချက်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ရှိ Phoenix(muse) ရုံး၌ ဇွန် ၁၆ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် Phoenix(muse)ရုံးတာဝန်ခံ ပရောဂျက်မန်နေဂျာက ဒေသတွင်းမူးယစ်ဆေးဝါးစွဲနေသူများအား မူးယစ်ဆေးဝါးနှင့် နှီးနွယ်သော HIV အစရှိသည့် ရောဂါများအကြောင်း အသိပညာပေးဆွေးနွေးရန် Drug User Gathering Meeting ကို ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။ ဟောပြောပွဲသို့ မူးယစ်ဆေးစွဲသဖြင့် ဖြတ်ရန်ကြိုးပမ်းနေသူ ၅၀ ကျော် တက်ရောက်ခဲ့ပြီး ဟောပြောပွဲတက်ရောက်သူများအား ခေါက်ဆွဲထုပ်၊ ဆေးထိုးပိုက်နှင့် ဆေးထိုးအပ်များကို အခမဲ့ပေးဝေခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့နိုင်ငံမှာ မူးယစ်ဆေးဝါးနဲ့ နှီးနွယ်ပြီးဖြစ်ပွားနိုင်တဲ့ ရောဂါတွေအကြောင်းကို သေသေချာချာသိရတယ်။ ပြီးတော့ဆေးဝါးအကြောင်းတွေကိုလည်းသိရလို့ ကျွန်တော်တို့အနေနဲ့ အထူးကျေးဇူးတင်ပါတယ်။ကျွန်တော်တို့လို မူးယစ်ဆေးစွဲနေသူပဲဖြစ်ဖြစ် မသုံးစွဲသူပဲဖြစ်ဖြစ် ဒီလိုအခမ်းအနားမျိုးကို ကြုံတဲ့နေရာတိုင်းမှာ တက်စေချင်တယ်"ဟု ဟောပြောပွဲတက်ရောက်လာသူတစ်ဦးက ပြောသည်။

**သန့်ဇင်**

# သာစည်မြို့နယ်၌ မိုးစပါးဧကလေးသောင်းကျော် စိုက်ပျိုးမည်

**သာစည် ဇွန် ၂၀**

မိတ္ထီလာခရိုင် သာစည်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၈၁ အုပ်စု၌ ၂၀၁၅-၂၀၁၆ ခုနှစ် မိုးစပါး စိုက်ရာသီ အတွင်း မိုးစပါး ၄၃၃၇၂ ဧကကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြို့နယ်မြေစာရင်းဦးစီးဌာနမှ သိရသည်။

စိုက်ပျိုးမည့်မိုးစပါးများတွင် ကန်ရေနှင့် ဆည်ရေသောက်အဖြစ် ၂၅၉၆၂ ဧက၊ မိုးကောင်းသောက်အဖြစ် ၁၇၃၂၀ ဧကနှင့် မြေအောက်စက်ရေတွင်းဖြင့် ဧက ၈၀ကို စိုက်ပျိုးကြမည်ဖြစ်ကြောင်း မြို့နယ်မြေစာရင်းဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဦးတင်ကို၏ ပြောကြားချက်အရ သိရသည်။

သာစည်မြို့နယ်အတွင်း ကျေးရွာအုပ်စုအချို့တွင် မိုးစပါးစိုက်ရန်အတွက် ယခင်ရက်ပိုင်းအတွင်းက ရွာထားသောမိုးရေဖြင့် စပါးပျိုးထောင် နိုင်ရန် စတင်ဆောင်ရွက်နေကြသည်ကို တွေ့ရသည်။ ကျေးရွာအချို့တွင်မူ ယခုအချိန်အထိ မိုးရွာသွန်းမှု နည်းနေခြင်းကြောင့် စိုက်ပျိုးရေအခက်အခဲကြုံတွေ့နေရပြီး မိုးစပါးစိုက်ပျိုးရန် ပြင်ဆင်နေသည့် တောင်သူများ စိုးရိမ်ပူပန်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ တောင်သူတွေအနေနဲ့ ယခုဝါဆိုလဆိုရင် စပါးကပျိုးထောင်ထားရတော့မှာပါ။ မိုးက ဒီနေ့အထိ ထင်သလောက်မရွာဘူး။ တော်သလင်းသမန်းအမီ စပါးစိုက်ဖို့ အခက်အခဲတော့ရှိနေပြီ။ ညောင်ရမ်းမင်းလှကန်ကြီးထဲမှာလည်း ရေကလုံးဝမရှိဘူး။ ကျွန်တော်တို့ ညောင်ရမ်းတိုက်နယ်က ညောင်ရမ်းမင်းလှကန်ကြီးကိုအားထားပြီး စပါးနဲ့ သီးနှံမျိုးစုံကိုစိုက်ပြီး အသက်မွေးဝမ်းကျောင်း ပြုနေရတာပါ။ ကန်ထဲမှာ ရေမရှိတော့ ဒီနှစ်မှာလည်း စပါး စိုက်ရပါ့မလားလို့ စိုးရိမ်ကြောင့်ကြနေကြရပါတယ်။ စပါးဟာ ကျွန်တော်တို့ တောင်သူတွေအတွက် အဓိကအားထားရတဲ့ သီးနှံတစ်ခုဖြစ်ပါတယ်"ဟု နွားထိုးကျေးရွာမှ တောင်သူကြီး ဦးခင်မောင်သန်းက ပြောပြသည်။

**မိုးက ဒီနေ့အထိ ထင်သလောက်မရွာဘူး။ ညောင်ရမ်းမင်းလှကန်ကြီးထဲမှာလည်း ရေကလုံးဝမရှိဘူး။ ကန်ထဲမှာရေမရှိတော့ ဒီနှစ်မှာလည်း စပါးစိုက်ရပါ့မလားလို့ . . .**

**မောင်ကို(သာစည်)**

# မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**ပန်းတောင်း ဇွန် ၂၀**

၂၀၁၅ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ဥသျှစ်ပင်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ ဇွန် ၁၇ ရက်က ကျင်းပခဲ့သည်။

သစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းဇော်ထွေးနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအုန်းလွင်နှင့် ဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့များ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာဆရာမများ ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူများက မြို့နယ်သစ်တောဦးစီးဌာနမှ ဖြန့်ဝေပေးထားသည့် ကျွန်းပျိုးပင် ၅၀၀၊ ပျဉ်းကတိုးပျိုးပင် ၆၀၊ ပိတောက်ပျိုးပင် ၅၀၊ မဟော်ဂနီ ၈၀၊ ယင်းမာ ၈၀နှင့် ခရေပင် ၅၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

**အောင်မြင့်**



# ကျေးလက်ဖွံ့ဖြိုးရေးအထောက်အကူပြု ငါးမွေးမြူရေးသင်တန်းပို့ချ

**မြင်းခြံ ဇွန် ၂၀**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေး အထောက်အကူပြု လုပ်ငန်းတစ်ရပ်အဖြစ် တစ်ပိုင်တစ်နိုင် ငါးမွေးမြူရေးသင်တန်းကို ငါးလုပ်ငန်းဦးစီးဌာနက ဂျပ်ပင်ကျေးရွာ၌ ဇွန် ၁၇ ရက်တွင် ဖွင့်လှစ်ခဲ့သည်။

ဂျပ်ပင်ကျေးရွာမှ အင်းသားကြီး ဦးသံချောင်းနေအိမ်တွင် သင်တန်းဖွင့်လှစ်ခဲ့ပြီး သင်တန်းဖွင့်ပွဲသို့ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသော်ထွန်းဦး၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်ယဉ်ယဉ်မြင့်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်ဦးစီးမှူး ဒေါ်ဆွေဇင်ဦး၊ ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ခဲ့ကာ ခရိုင်ငါးလုပ်ငန်းဦးစီး ဌာနမှူးက အမှာစကားပြောကြားပြီး သင်တန်းကို ဆက်လက်ပို့ချသည်။

သင်တန်းသို့ ကျေးရွာများမှ ဒေသခံပြည်သူ ၂၀ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလ သုံးရက်ကြာမြင့်ခဲ့ကြောင်းနှင့် သင်တန်းတွင် ငါးမွေးကန်ကြိုတင်ပြင်ဆင်ခြင်း၊ အခြေခံငါးမွေးမြူခြင်း၊ အခြေခံစာရင်းထိန်းသိမ်းခြင်း၊ ငါးသယ်ဇာတ ထိန်းသိမ်းရေးနှင့် ရွှေဝါငါးကြင်းသားဖောက်နည်းလမ်းညွှန်၊ ငါးရှဉ့်တစ်ပိုင်တစ်နိုင်မွေးမြူနည်း၊ ရေချိုငါးလုပ်ငန်းဥပဒေ၊ အင်းအိုင်အကြောင်း၊ (၁၀×၁၀×၆) ပေ ကန်ငယ်မိုးကာရေလုံစဖြင့် တီလားဗီးယား၊ ငါးကျည်း၊ ငါးခူများ တစ်ပိုင်တစ်နိုင်မွေးမြူခြင်း၊ ဆည်များနှင့် ကျေးရွာပိုင်ကန်များတွင် ငါးမျိုးစိုက်ထည့်မွေးမြူခြင်း၊ တိရစ္ဆာန်မွေးမြူရေးနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းဆိုင်ရာများကို ပညာပေးဟောပြော သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**



# အာဟာရဖြည့်အစားအသောက်များကျွေးမွေးပြီး ကျောင်းဝတ်စုံများ ပေးအပ်လှူဒါန်း

**ထားဝယ် ဇွန် ၂၀**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ သဗျာကျေးရွာ မူလတန်းကျောင်းမှ ကျောင်းသားကျောင်းသူများအား အာဟာရဖြည့်စားသောက်ဖွယ်ရာ ကျွေးမွေးခြင်းနှင့် ကျောင်းဝတ်စုံပေးအပ်လှူဒါန်းပွဲကို ဇွန် ၁၇ ရက်က ကျင်းပခဲ့သည်။

ကျေးရွာရာအိမ်မှူး ဦးထွန်းရှိန်က အမှာစကားပြောကြားပြီး အလှူရှင် ဦးတင်စိုးနှင့် အခြားအလှူရှင်များက သဗျာ၊ တောင်ပို့နှင့် မဲချောင်းကျေးရွာများရှိ ကျောင်းသားကျောင်းသူ ၁၇၀ ဦးနှင့် မူကြိုကျောင်းသားကျောင်းသူ ၄၀ တို့အား အာဟာရဖြည့်စားသောက်ဖွယ်ရာများကျွေးမွေးပြီး ကျောင်းသားကျောင်းသူများအား တစ်ဦးလျှင် ကျောင်းဝတ်စုံ တစ်စုံစီပေးအပ်လှူဒါန်းကာ သဗျာကျေးရွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးခိုင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

**(ခရိုင် ပြန်/ဆက်)**

# မူဆယ်ခရိုင်အတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရေး ဆွေးနွေး

**မူဆယ် ဇွန် ၂၀**

ရှမ်းပြည်နယ် မူဆယ်ခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများနှင့် ပတ်သက်၍ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်နှင့် ပြည်နယ်ဝန်ကြီးများဖြစ်ကြသော ဗိုလ်မှူးကြီးအောင်သူ၊ ဒေါက်တာမျိုးထွန်း၊ ဦးစိုင်းထွန်းရင်၊ ဦးစိုင်းဆာလူ၊ ဦးစိုင်းနော်ခမ်းတို့က မူဆယ်ခရိုင်အတွင်းရှိ မူဆယ်၊ နမ့်ခမ်း၊ ကွတ်ခိုင်မြို့နယ်များမှ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌများ အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် မူဆယ်မြို့ ရွှေလီရတနာရိပ်သာခန်းမ၌ ဇွန် ၁၈ ရက်တွင် တွေ့ဆုံဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က မူဆယ်ဒေသတွင်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နိုင်မှုများ၊ ထပ်မံဆောင်ရွက်ပေးရမည့်လုပ်ငန်းများ၊ ဖြည့်ဆည်းဆောင်ရွက် ပံ့ပိုးပေးရမည့် ရန်ပုံငွေများကို သိရှိလိုသဖြင့် လာရောက်ခြင်းဖြစ်ကြောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်မှုနှင့် ရန်ပုံငွေ ပံ့ပိုးပေးမှုများကြောင့် ကျေးလက်နေပြည်သူများအတွက် မည်မျှအကျိုးပြုဆောင်ရွက်ခဲ့သည်ကို ပွင့်လင်းမြင်သာစွာတင်ပြစေလိုကြောင်း၊ ကျေးလက်ဒေသပညာရေး၊ ကျန်းမာရေးအတွက် ပြည်နယ်အစိုးရ၏ ပံ့ပိုးမှုရန်ပုံငွေနှင့် ပြည်ထောင်စုအစိုးရခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မှုများ မည်မျှအောင်မြင် ထိရောက်မှုရှိကြောင်းကို တက်ရောက်လာသော မြို့နယ်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုကော်မတီများက ရှင်းလင်းတင်ပြကြစေလိုကြောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွက် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ လျာထားမှုများနှင့် ယခုအချိန်အထိ လျာထားဆောင်ရွက်ပြီးစီးသော လုပ်ငန်းများကို စာရင်းအစစ်ခံနိုင်ရေးကိုလည်း ဆောင်ရွက်ထားကြစေလိုကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် မူဆယ်မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုဇော်က မူဆယ်မြို့နယ်အတွင်း ဆောင်ရွက်ရမည့် စယ်လန့်ကျေးရွာ ဆေးပေးခန်းကို ကျေးလက်ကျန်းမာရေးဆေးခန်းအဆင့်နှင့် နမ့်အွမ်ကျေးလက်ကျန်းမာရေးဆေးပေးခန်းကို တိုက်နယ်ဆေးရုံအဆင့်သို့ တိုးမြှင့်နိုင်ရေး၊ နမ့်အွမ်ကျေးရွာနှင့် တိမကျေးရွာကြားရှိ ကျေးရွာချင်းဆက်ကျောက်ချောလမ်းကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်ပေးနိုင်ရေး၊ ကျေးလက်လမ်းမှ ပြည်ထောင်စုလမ်းမဆက်လမ်းကို အဆင့်မြှင့်တိုးမြှင့်ရေး ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

နမ့်ခမ်းမြို့နယ်နှင့် ကွတ်ခိုင်မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီဥက္ကဋ္ဌများဖြစ်သော မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းမြင့်တို့ကလည်း နမ့်ခမ်းနှင့် ကွတ်ခိုင်မြို့နယ်များအတွင်း ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သောက်သုံးရေနှင့် လျှပ်စစ်မီးရရှိရေးဆောင်ရွက်မှုများ၊ ကျေးလက်ပြည်သူ့ကျန်းမာရေး၊ ပညာရေးဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် မူဆယ်၊ နမ့်ခမ်းနှင့် ကွတ်ခိုင်မြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌများကလည်း မြို့နယ်အလိုက် လမ်း၊ တံတား၊ မြို့မြေအသုံးချမှုနှင့် သောက်သုံးရေရရှိရေး ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြခဲ့ကာ တက်ရောက်လာသူများ၏ ပြန်လည်တင်ပြချက်၊ မေးမြန်းချက်များကို ပြည်နယ်ဝန်ကြီးချုပ်၊ ဝန်ကြီးများနှင့် ပြည်နယ်အဆင့် သက်ဆိုင်ရာဌာနတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ကွတ်ခိုင်မြို့လယ်ဈေးရုံအတွက် အလှူငွေကျပ်သိန်း ၁၀၀ ကို ကွတ်ခိုင်မြို့နယ် အထောက်အကူပြုကော်မတီ အတွင်းရေးမှူး ဦးထွန်းအောင်ထံသို့ လည်းကောင်း၊ မူဆယ်မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးပံ့ပိုးငွေကျပ်သိန်း ၂၀၀ ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုဇော်ထံသို့လည်းကောင်း၊ နမ့်ခမ်းမြို့နယ်နှင့် ကွတ်ခိုင်မြို့နယ်များ ဖွံ့ဖြိုးတိုးတက်ရေး ပံ့ပိုးငွေကျပ်သိန်း ၁၀၀ စီကိုလည်းကောင်း၊ မြို့နယ်သုံးခုမှ ကျောင်းသူ၊ ကျောင်းသားများအတွက် တစ်မြို့နယ်လျှင် ဗလာစာအုပ် ဒါဇင် ၆၀၀ စီကိုလည်းကောင်း ရှမ်းပြည်နယ်အစိုးရက ပေးအပ်ခဲ့သည်။

**အယ်လ်စိုး(မူဆယ်)**



# ယူအီးအက်ဖ်အေ ယူ-၁၉ ပြိုင်ပွဲမှာ ပြင်သစ်တို့ ဗိုလ်စွဲနိုင်ပါ့မလား



**မိုးမြင့်လင်းလက်**

ယူအီးအက်ဖ်အေ ယူရို-၁၉ ချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲကို လာမယ့် ဇူလိုင် ၆ ရက်မှ ၁၉ ရက်အထိ ဂရိနိုင်ငံ မြို့ကြီးသုံးမြို့မှာ ကျင်းပတော့မှာဖြစ်ပါတယ်။ ခြေစစ်ပွဲအောင်လာတဲ့ ပြိုင်ပွဲဝင်ရှစ်သင်းကို အုပ်စုနှစ်ခုခွဲပြီး ယှဉ်ပြိုင်စေမှာဖြစ်တာမို့ ပြိုင်ပွဲဝင်အသင်းတွေဖြစ်တဲ့ အိမ်ရှင်ဂရိ အပါအဝင်၊ စပိန်၊ ဂျာမနီ၊ ရုရှား၊ နယ်သာလန်၊ ယူကရိန်း၊ ဩစတြီးယား၊ ပြင်သစ်တို့ အကြိတ်အနယ် ဆင်နွှဲတော့မှာဖြစ်ပါတယ်။

ဒီပြိုင်ပွဲမှာ ဗိုလ်စွဲမယ်လို့ ရေပန်းစားနေတဲ့ အသင်းတွေအနက် ရေပန်းအစားဆုံးအသင်းက ပြင်သစ်လူငယ်အသင်းဖြစ်နေပါတယ်။ ဒီပြိုင်ပွဲသမိုင်းမှာ အများဆုံးဗိုလ်စွဲနိုင်ခဲ့တဲ့အသင်းတွေကတော့ စပိန်အသင်းက ခြောက်ကြိမ်၊ ပြင်သစ် အသင်းက နှစ်ကြိမ်၊ ဂျာမနီအသင်းက နှစ်ကြိမ်နဲ့ ယူကရိန်းအသင်းက တစ်ကြိမ် အသီးသီးဆွတ်ခူးရရှိထားပါတယ်။

ဒါကြောင့် ဒီနှစ်မှာ ပြင်သစ်ယူ-၁၉ အသင်း ဗိုလ်စွဲနိုင်ချေများတယ်လို့ ခန့်မှန်းသုံးသပ်ချက်တွေ ထွက်ရှိလာတာမို့ ပြင်သစ်အသင်းရဲ့ အနေအထားကို လေ့လာကြည့်တဲ့အခါ ပြင်သစ်အသင်းဟာ နောက်ဆုံးဗိုလ်စွဲခဲ့တဲ့နှစ်က ၂၀၁၀ ခုနှစ်ဖြစ်တာမို့ ဒီနှစ်မှာ လက်ရှိချန်ပီယံ ဂျာမနီအသင်းကို ကျော်ဖြတ်ပြီး အနိုင်ယူဗိုလ်စွဲနိုင်မလားဆိုတာ စောင့်ကြည့်ရမှာဖြစ်ပါတယ်။

ပြင်သစ်အသင်းဟာ အုပ်စု(A)မှာ ပါဝင်ပြီး ဂရိ၊ ယူကရိန်း၊ ဩစတြီးယားတို့နဲ့ တစ်အုပ်စုတည်းကျရောက်နေပါတယ်။ အုပ်စုပွဲစဉ်တွေအဖြစ် ဇူလိုင် ၆ ရက်မှာ ဩစတြီးယားနဲ့ ကစားရမှာဖြစ်ပြီး ဇူလိုင် ၉ ရက်မှာ ယူကရိန်း၊ ဇူလိုင် ၁၂ ရက်မှာ ဂရိအသင်းတို့နဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။ အုပ်စုအနေအထားအရ ပြင်သစ်အသင်းဟာ အုပ်စုအဆင့်ကို ကျော်လွှားဖို့ အခြေအနေကောင်းနေတာတော့ အမှန်ပါပဲ။

ပြင်သစ်ယူ-၁၉ အသင်းရဲ့ အနေအထားကိုကြည့်ရင် နည်းပြ ပက်ထရစ်ဂွန်ဖာလုန်းရဲ့ ဘောလုံးသမားစုဖွဲ့မှုမှာ အသင်းခေါင်းဆောင်အဖြစ် ကီးမင်းကို တာဝန်ပေးထားပြီး အကောင်းဆုံးလေ့ကျင့် ပြင်ဆင်မှုတွေပြုလုပ်ထားပါတယ်။ အသင်းခေါင်းဆောင် ကီးမင်းဟာ နယူးကာဆယ်အသင်းမှာ ကွင်းလယ်ကစားသမားအဖြစ် ပါဝင်ကစားနေသူဖြစ်တာမို့ အတွေ့အကြုံနဲ့ အရည်အသွေးရှိတဲ့သူဖြစ်ပါတယ်။

ဂိုးသမားဖြစ်တဲ့ ဖလောရင့်အက်စ်ကယ်လက်စ်ဟာ မာဆေးကလပ်မှာ ကစားနေသူဖြစ်ပြီး အသက် ၁၉ နှစ်သာ ရှိသေးပေမယ့် လက်စွမ်းပြကာကွယ်နိုင်သူဖြစ်ပါတယ်။ နောက်တန်းမှာ ဖူလ်ဂီနီ၊ ဆင်ဇမ်ဘာ၊ ဒိုင်ရာလို၊ ဒီရာလို၊ ပါဗက်၊ ဟာနန်ဒက်ဇ် စတဲ့ကစားသမားတွေရှိနေသလို ကွင်းလယ်မှာ ကော်နက်၊ အော်ဇေမှာ ကစားနေတဲ့ ကီလစ်၊ ဂျူဗင်တပ်မှာကစားနေတဲ့ ကိုမင်း စတဲ့သူတွေပါဝင်နေပါတယ်။ တိုက်စစ်မှာတော့ နီးစ်အသင်းမှာ ကစားနေတဲ့ မူပေးအပြင် အသင်းမှာ ခြေစွမ်းပြနေတဲ့ ဂိုင်ယာဆေး၊ နိုမိုတို့ ပါဝင်နေတာမို့ တိုက်စစ်အားလည်း ကောင်းမွန်နေပါတယ်။

ပြင်သစ် ယူ-၁၉ အသင်းဟာ ၂၀၁၅ ယူရို ယူ-၁၉ ခြေစစ်ပွဲကစားတဲ့အခါ မက်ဆီဒိုးနီးယားကို နှစ်ဂိုး-တစ်ဂိုးနဲ့နိုင်ပြီး လက်ချင်စတိန်းကို ခြောက်ဂိုးပြတ်နိုင်ပွဲဆက်ကာ ဘော့စနီးယားနဲ့ ဟာဇီဂိုဗီးနားအသင်းကို ဂိုးမရှိသရေပွဲ ဖြစ်ခဲ့ပါတယ်။ ဒါ့အပြင် အဇာဘိုင်ဂျန်ကို နှစ်ဂိုးပြတ်နိုင်ပြီး ဒိန်းမတ်ကိုလည်း နှစ်ဂိုးပြတ်နိုင်ကာ အင်္ဂလန်ကို နှစ်ဂိုး- တစ်ဂိုးနဲ့ ဆက်တိုက်နိုင်ခဲ့ပါတယ်။

ပြင်သစ်အသင်းဟာ လက်ရှိခြေစွမ်းအရ တိုက်စစ်အားကောင်းမွန်ပြီး ခံစစ်ပိုင်းလည်း ကျစ်လျစ်ကာ နိုင်ပွဲတွေချည်း ဆက်တိုက်ရယူထားတာမို့ အခု ၂၀၁၅ ယူအီးအက်ဖ်အေ ယူ-၁၉ ပြိုင်ပွဲမှာ ဗိုလ်စွဲနိုင်မှုရှိ မရှိဆိုတာ စောင့်ကြည့်ရတော့မှာပဲ ဖြစ်ပါတယ်။ ။

**ဒီပြိုင်ပွဲသမိုင်းမှာ အများဆုံးဗိုလ်စွဲနိုင်ခဲ့တဲ့အသင်းတွေကတော့ စပိန်အသင်းက ခြောက်ကြိမ်၊ ပြင်သစ်အသင်းက နှစ်ကြိမ်၊ ဂျာမနီအသင်းက နှစ်ကြိမ်နဲ့ ယူကရိန်းအသင်းက တစ်ကြိမ် အသီးသီးဆွတ်ခူးရရှိထားပါတယ်။**

# စပါးနဲ့အတူ ဆက်ရှိနိုင်တဲ့ ဟယ်ရီကိန်း



ဟယ်ရီကိန်းကို မန်ယူက ခေါ်ယူဖို့ စိတ်ဝင်စားနေပေမယ့် ရာသီသစ်စတင်ဖို့ စပါးနဲ့အတူ ဆက်ရှိနိုင်တယ်လို့ သတင်းများက ဆိုပါတယ်။ စပါးအသင်းဟာ အင်္ဂလန်မှာ အကြီးဆုံးအသင်းတွေထဲက တစ်သင်းပါ။ စပါးမှာပဲ ဆက်ပြီး ကစားချင်တယ်လို့ အသက် ၂၁ နှစ်အရွယ် ဟယ်ရီကိန်းက ဆိုပါတယ်။ ကျွန်တော် စပါးမှာပဲပျော်တယ်။ အနာဂတ်မှာ စပါးနဲ့ပဲရှိနေချင်တယ်လို့ သူက ထပ်လောင်းပြောဆိုလိုက်ပါတယ်။ ဟယ်ရီကိန်းဟာ ဥရောပ ယူ-၂၁ အုပ်စုအဖွင့်မှာ အင်္ဂလန်အသင်းက ပေါ်တူဂီအသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးနိမ့်သွားခဲ့တဲ့ ပွဲမှာပါဝင်ကစားခဲ့ပါတယ်။ သူဟာ ပြီးခဲ့တဲ့ရာသီက စပါးအသင်းပြိုင်ပွဲအားလုံးမှာ ၃၁ ဂိုးအထိ သွင်းယူပေးခဲ့တဲ့အတွက်ကြောင့်လည်း ရာသီအကုန်မှာ PFA လူငယ်အကောင်းဆုံး ဘောလုံးသမားဆုချီးမြှင့်ခြင်းခံခဲ့ရပါတယ်။ ဂိုးများများ သွင်းယူနိုင်ခဲ့တဲ့ ဟယ်ရီကိန်းကို မန်ယူနည်းပြ ဗန်ဟားလ်က ခေါ်ယူဖို့ ကြိုးစားနေတာအမှန်ပါ။ သူ့ကို မန်ယူက အနည်းဆုံး အကြိမ် ၂၀ ကမ်းလှမ်းမှုပြုလုပ်ခဲ့ပြီး ပေါင်သန်း ၄၀ အထိ ပေးခေါ်ဖို့ အသင့်ရှိနေတယ်လို့ ဆိုပါတယ်။

# စတာလင်းကိုရဖို့ ဒုတိယအကြိမ် မန်စီးတီးကြိုးစား

တိုက်စစ်မှူး စတာလင်းကိုရဖို့ မန်စီးတီးက ဒုတိယအကြိမ် ကြိုးစားခဲ့ခြင်းအပေါ် လီဗာပူးက ပယ်ချလိုက်ပါတယ်။ မန်စီးတီးက စတာလင်းကို ခေါ်ယူဖို့ ပေါင်သန်း ၄၀ အထိ ပေးပြီး ကမ်းလှမ်းခဲ့ပေမယ့် လီဗာပူးက ပယ်ချလိုက်ပါတယ်။ အသက် ၂၀ အရွယ် ဂိုးသွင်းအားကောင်းနေတဲ့ စတာလင်းကို မန်စီးတီးက အရခေါ်ယူဖို့ကြိုးစားနေတယ်လို့ ဆိုပါတယ်။ စတာလင်းကို ရီးရဲမက်ဒရစ်နဲ့ အာဆင်နယ်တို့ကတော့ ပေါင်သန်း ၅၀ အထိပေးပြီး ခေါ်ယူဖို့ အဆက်အသွယ်ပြုလုပ်ခဲ့တယ်လို့ ဆိုပါတယ်။ လွန်ခဲ့တဲ့ သီတင်းပတ်က မန်စီးတီးက ပေါင် ၂၅ သန်းနဲ့ ခေါ်ယူရာမှာ လီဗာပူးက ပယ်ချခဲ့ပါတယ်။ စတာလင်းဟာ လီဗာပူးသို့ ကျူပီအာအသင်းမှ ၂၀၁၀ ခုနှစ်က ပြောင်းရွှေ့လာပြီး လက်ရှိ ၂၀၁၇ ခုနှစ်အထိ စာချုပ်ထားပါတယ်။ သူ့ကို လီဗာပူးက တစ်ပတ်ပေါင် ၁၀၀၀၀၀ နဲ့ စာချုပ်ဖို့ ကမ်းလှမ်းခဲ့ရာမှာ သူက ပယ်ချခဲ့ပါတယ်။ လီဗာပူးနည်းပြ ရော်ဂျာကတော့ စတာလင်းဟာ လက်ရှိစာချုပ်အရ အန်ဖီးလ်မှာပဲ ဆက်ကစားရဖွယ်ရှိတယ်လို့ ဆိုပါတယ်။



**ကောင်းမြတ်သူ - စုစည်းသည်။**

# ကိုပါ အမေရိကဗလား ပီရူးက ဗင်နီဇွဲလားကို အနိုင်ရရှိ

ချီလီနိုင်ငံ၌ ကျင်းပလျက်ရှိသည့် ကိုပါအမေရိကဖလား ဘောလုံးပြိုင်ပွဲ အုပ်စု (ဂ)မှ ပွဲစဉ်တစ်ပွဲဖြစ်သည့် ပီရူးနှင့် ဗင်နီဇွဲလားတို့ ဇွန် ၁၉ ရက်က ယှဉ်ပြိုင်ကစားရာ ပီရူးက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ **(အောက်ပုံ)**

အဆိုပါအုပ်စု (ဂ)၌ နှစ်ပွဲစီကစားပြီးချိန်တွင် ဘရာဇီး၊ ပီရူး၊ ဗင်နီဇွဲလားနှင့် ကိုလံဘီယာတို့ သုံးမှတ်စီရရှိထားကြသည်။





# သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**ချောင်းဦး ဇွန် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့၌ သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအဖြစ် မြို့ပေါ်ရှိ ရေတွင်း၊ ရေကန်များ၊ အခြေခံပညာကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် ပြင်ပစာသင်ဝိုင်းများ၏ အဆောင်များသို့ သွားရောက်၍ ခြင်ဆေးဖျန်းခြင်းနှင့် အဘိတ်ဆေးခတ်ခြင်း လုပ်ငန်းများကို ဇွန် ၁၈ ရက်တွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့က အဘိတ်ဆေးမှုန့်နှင့် ခြင်ဆေးရည်များ ပံ့ပိုးကူညီပေးခဲ့ပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဦးဆောင်၍ ချောင်းဦးမြို့ပေါ်ရှိ ရေတွင်း၊ ရေကန် ၆၀၆ ကန်သို့ အဘိတ်ဆေးမှုန့်ထုပ်ပေါင်း ၈၀၀ ကို ခတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။ အခြေခံပညာကျောင်း ၁၃ ကျောင်း၊ ဘုန်းတော်ကြီးကျောင်း နှစ်ကျောင်းနှင့် ပြင်ပစာသင်ဝိုင်းများ၏ အဆောင် ၁၀ ဆောင်၌လည်း ခြင်ဆေးဖျန်းခြင်းနှင့် ဖုံး၊ သွန်၊ လဲ၊ စစ်၊ လုပ်ငန်းများ ကွင်းဆင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်မှုကို ချောင်းဦးမြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးစိုးမြင့်လှိုင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မြင့်သိန်းနှင့် စည်ပင်သာယာရေးဝန်ထမ်းများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာတင့်ဆွေနှင့် ဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များက ပူးပေါင်းပါဝင်၍ ကူညီဆောင်ရွက်ခဲ့သည်။

မိုးရာသီကာလသည် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုများသော ရာသီဖြစ်ရာ ကလေးများ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ယခုလိုသက်ဆိုင်ရာက အဘိတ်ဆေးများခတ်ပေးခြင်း၊ ကျောင်းဆောင်များတွင် ခြင်ဆေးများဖျန်းပေးခြင်းနှင့် ကျန်းမာရေး အသိပညာပေးဆွေးနွေးပွဲများ ပြုလုပ်ပေးခြင်းကြောင့် ကျောင်းသားလူငယ်များအတွက် အလွန်အကျိုးရှိစေသဖြင့် ကျေးဇူးတင်ကြောင်း ချောင်းဦးမြို့ အမှတ်(၇) အခြေခံပညာ မူလတန်းကျောင်းမှ ဆရာမတစ်ဦးက ပြောသည်။

**ယုယုဝင်း**(iprd)

# ပညာသင်နှစ်သစ်အတွင်း မိတ္ထီလာခရိုင်၌ ကျောင်း ၂၁ ကျောင်း အဆင့်တိုးမြှင့်ဖွင့်ခွင့်ရ

**မိတ္ထီလာ ဇွန် ၂၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်၌ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွင်း အခြေခံပညာကျောင်း ၂၁ ကျောင်းကို အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့် ရရှိခဲ့ကြောင်း ခရိုင်ပညာရေးမှူးရုံးမှ သိရသည်။

"ပညာရေးဝန်ကြီးဌာနအနေနဲ့ ပညာသင်နှစ်အလိုက် ကျောင်းအဆင့်တွေ တိုးမြှင့်သတ်မှတ်ပေးတာရှိပါတယ်။ မိတ္ထီလာခရိုင်အတွင်းမှာ ဒီနှစ် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွင်း အခြေခံပညာကျောင်း ၂၁ ကျောင်းကို အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့် ရရှိခဲ့ပါတယ်။ မိတ္ထီလာမြို့နယ်မှာ လေးကျောင်း၊ မလှိုင်မြို့နယ်မှာ လေးကျောင်း၊ ဝမ်းတွင်းမြို့နယ်မှာ ငါးကျောင်းနဲ့ သာစည်မြို့နယ်မှာ ရှစ်ကျောင်း၊ စုစုပေါင်း ၂၁ ကျောင်းဖြစ်ပါတယ်"ဟု ခရိုင်ပညာရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြို့နယ်အလိုက် အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့် ရရှိသည့်ကျောင်းများမှာ မိတ္ထီလာမြို့နယ်တွင် မုန်တိုင်ကျေးရွာ အလက(ခွဲ)ကို အလက၊ ငွေးကုန်းကျေးရွာ အမက(ခွဲ)ကို အမက၊ ကန်သာ(၂)ကျေးရွာနှင့် ဥသျှစ်ကုန်းကျေးရွာများမှ ကိုယ့်အားကိုယ်ကိုးကျောင်းနှစ်ကျောင်းကို အမက နှစ်ကျောင်းအဖြစ်လည်းကောင်း၊ မလှိုင်မြို့နယ်တွင် သက္ကယ်ကျင်းကျေးရွာ အလက(ခွဲ)ကို အလက၊ ရေငံ(ရွှေပေါ်ကျွန်း)အလက(ခွဲ)ကို အလက၊ ကျပ်ဖြူကျေးရွာ အလက(ခွဲ)ကို အလကနှင့် ကံသစ်ကြီးကျေးရွာ အမက(ခွဲ)ကို အမကအဖြစ် လည်းကောင်း၊ ဝမ်းတွင်းမြို့နယ်တွင် ဆပ်ခင်းကျေးရွာ အထက(ခွဲ)ကို အထက၊ ပျားစွဲ(အရှေ့)ကျေးရွာ အမက(ခွဲ)ကို အမက၊ အောင်သာ(တောင်)ကျေးရွာ၊ ကမ်းပါးနီးကျေးရွာနှင့် ညောင်ပင်ကုန်းကျေးရွာများရှိ ကိုယ့်အားကိုယ်ကိုးကျောင်းသုံးကျောင်းကို အမကသုံးကျောင်းအဖြစ်လည်းကောင်း၊ သာစည်မြို့နယ်တွင် ယင်းမာပင်ကျေးရွာ အထက(ခွဲ)ကို အထက၊ ပြည်ညောင်ကားကျေးရွာအလက(ခွဲ)ကို အလက၊ စစ်စီးရေကျေးရွာ အမက(ခွဲ)ကို အမက၊ ကျောက်အိုးကျေးရွာ အမက(ခွဲ)ကို အမက၊ သစ်ပုလွေကျေးရွာ အမက(ခွဲ)ကို အမက၊ လေသာကျေးရွာ၊ နတ်မြောင်းကျေးရွာနှင့် ကျောက်ပြားတောကျေးရွာများရှိ ကိုယ့်အားကိုယ်ကိုးကျောင်းသုံးကျောင်းကို အမကကျောင်း သုံးကျောင်းအဖြစ်လည်းကောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ရခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

# မြန်အောင်မြို့နယ်၌ လျှပ်စစ်ဓာတ်အား လိုင်းသစ် ဖွင့်ပွဲကျင်းပ

**မြန်အောင် ဇွန် ၂၀**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ဇလုပ်ကြီးကျေးရွာအုပ်စုမှ ဇလုပ်ကြီး-ကန့်ဘလူ လျှပ်စစ်ဓာတ်အားလိုင်းသစ်ဖွင့်ပွဲကို ဇွန် ၁၈ ရက်တွင် ကျင်းပခဲ့သည်။ ဓာတ်အားလိုင်းသစ်ဖွင့်ပွဲတွင် လျှပ်စစ်ဓာတ်အားလိုင်းသစ်ကို တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးကျော်ဝင်းနိုင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဝင်းဆွေနှင့် ဦးအောင်မျိုးညွန့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်က ဆိုင်းဘုတ်ကို စက်ခလုပ်နှိပ်ဖွင့်လှစ်ပေးသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဒေသခံပြည်သူများနှင့်တွေ့ဆုံကာ ကျေးရွာရပ်မိရပ်ဖများက တင်ပြသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသွေးလှူ

**ဟားခါး ဇွန် ၂၀**

ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် ချင်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ စုပေါင်း၍ ဟားခါးမြို့ ပြည်သူ့ဆေးရုံကြီး၌ ဇွန် ၁၈ ရက်က သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

စုပေါင်းသွေးလှူဒါန်းပွဲတွင် ဆေးရုံအုပ်ကြီးဒေါက်တာတင်လှက သွေးလှူဒါန်းရခြင်းနှင့်ပတ်သက်၍ သွေးလှူရှင်များ သိသင့်သိထိုက်သည့် အချက်များနှင့် ဆောင်ရန်၊ ရှောင်ရန်တို့ကို ရှင်းလင်းဟောပြောပြီး ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယကဒေါ်ဝါဝါ၊ ပြည်နယ်အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်ဥမ္မာဆွေနှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးဝင်းတို့က သွေးလှူရှင်များအား လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဝင် သွေးလှူဒါန်းသူများတွင် (၆၃)ကြိမ်မြောက် သွေးလှူရှင် ဒေါ်ခိုင်ခိုင်လှအပါအဝင် အမျိုးသား၊ အမျိုးသမီး ၁၃ ဦးရှိကြောင်း သိရသည်။ သွေးလှူဒါန်းသော ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဝင် သွေးလှူရှင်များအား မျှော်လင့်ခြင်းသွေးလှူရှင်အသင်း(ဟားခါး)က ကြက်ဥနှင့် အာဟာရများကို ကျွေးမွေးလှူဒါန်းခဲ့သည်။ **(ခရိုင် ပြန်/ဆက်)**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဆွေးနွေးပွဲကျင်းပ

**ဟားခါး ဇွန် ၂၀**

ကောင်းမွန်သောအုပ်ချုပ်မှုစနစ်နှင့် သန့်ရှင်းသောအစိုးရဖြစ်ပေါ်ရေး မူဝါဒလမ်းစဉ်များနှင့်အညီ ပြည်သူ့ဝန်ထမ်းများ အဂတိလိုက်စားမှု ကင်းရှင်းစေရေးကိုရည်ရွယ်၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့် တားဆီးကာကွယ်ရေး အသိပညာပေး ဟောပြောဆွေးနွေးပွဲကို ဟားခါးမြို့ မြို့တော်ခန်းမ၌ ဇွန် ၁၇ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲသို့ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဟောက်ခင်ခမ်း၊ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးအဖွဲ့မှ ဦးဆွန်ဒုတ်ကျင့်က အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် တားဆီးကာကွယ်ရေးတို့အတွက် ဥပဒေရေးရာကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသူများက အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် တားဆီးကာကွယ်ရေးဥပဒေများနှင့်ပတ်သက်၍ ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲကျင်းပ

**ရွှေဘို ဇွန် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့၌ အလားအလာရှိသော မျိုးဆက်သစ်ဘောလုံးအားကစားသမားများ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဖလား အသက်၂၃နှစ်အောက် ဘောလုံးပြိုင်ပွဲကို ဇွန် ၁၈ ရက်မှစ၍ ရန်ကြီးအောင်အားကစားကွင်း၌ ကျင်းပလျက်ရှိသည်။

ပြိုင်ပွဲဖွင့်ပွဲတွင် ရွှေဘိုခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးထူးလွင်က အမှာစကားပြောကြားပြီး မြို့နယ်ရှစ်ခုမှ ပြိုင်ပွဲဝင်အားကစားသမားများအား နှုတ်ဆက်ခဲ့သည်။ ထို့နောက် ပြိုင်ပွဲစတင်ကျင်းပရာ ဝက်လက်မြို့နယ်အသင်းက ရေဦးမြို့နယ်အသင်းကို လေးဂိုး သုံးဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ဘောလုံးပြိုင်ပွဲသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးနီပွန်၊ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးခဲ့သည်။

**မျိုးဝင်းညို(ကျွန်းလှ)**






# သွေးလွန်တုပ်ကွေးနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေး ကျောင်းသားကျောင်းသူများအား ပညာပေးဟောပြော

**ညောင်တုန်း ဇွန် ၂၀**

ညောင်တုန်းမြို့ ကျန်းမာရေးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍သွေးလွန်တုပ်ကွေးနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေး ကျောင်းသား ကျောင်းသူများအား အသိပညာပေးဟောပြောပွဲကို ညောင်တုန်းမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ရာပြည့်ခန်းမ၌ ဇွန် ၁၈ ရက်တွင် ကျင်းပခဲ့သည်။

ဟောပြောပွဲသို့ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာအေးစုမွန်ဝင်းနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ပြီး ဟောပြောပွဲတွင် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာသက်ဦးက ကျောင်းသားကျောင်းသူများ ခြင်ကိုက်မခံရရေးနှင့် သွေးလွန်တုပ်ကွေးဖြစ်ပွားတတ်သော နည်းလမ်းများ၊ ရှောင်ရန်ဆောင်ရန်နည်းလမ်းများ၊ တစ်ကိုယ်ရည် ကျန်းမာသန့်ရှင်းရေးကို အလေးထားဆောင်ရွက်ရေးတို့ကို အမှာစကား ပြောကြားသည်။

ထို့နောက် ကျန်းမာရေးဌာနမှ တာဝန်ရှိသူများက ကျောင်းသားကျောင်းသူများ ကျန်းမာရေးဆိုင်ရာ အသိပညာများတိုးပွားစေရန်၊ သွေးလွန်တုပ်ကွေးနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားစေနိုင်သော အကြောင်းအရာများ၊ ခြင်အန္တရာယ်မှ ကာကွယ်နေထိုင်ကြရေးနှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးကို ဂရုပြုရေးတို့ကို ဟောပြောခဲ့သည်။

**ထွန်းကျော်(ညောင်တုန်း)**

# မော်ကျွန်းမှ ရန်ကုန်သို့ ဆန်တင်ပို့မှုများ၏ တန်ဆာခအပြင် အပိုငွေကြေးပါပေးဆောင်နေရ



**ရန်ကုန် ဇွန် ၂၀**

ရန်ကုန် ဆန်စျေးကွက်တွင် ဆန်ကြမ်းစျေးနှုန်းများ စျေးမြင့်ရရှိနေသဖြင့် မြစ်ဝကျွန်းပေါ်ဒေသမှ တင်ပို့မှုများလာသည်။ ရန်ကုန်ဆိပ်ကမ်းသို့ ဇွန် ၁၇ ရက်က ဝင်ရောက်လာသော ရေယာဉ်အချို့တွင် ဝန်တင်မျဉ်းမြုပ်သည်အထိ တင်ဆောင်လာသည်ကို မြင်တွေ့ရကြောင်း လူစီးကုန်တင်နှစ်ထပ်ရေယာဉ်မှ ဝန်ထမ်းတစ်ဦးက ပြောသည်။

တရားဝင် ဝန်တင်မျဉ်းသည် ရေယာဉ်အလယ်ပိုင်းသစ်သားတန်းအနီအောက်မှ နှစ်ပေဝန်းကျင်အကွာတွင်ရှိသည်ဟု သက်ဆိုင်ရာက ထုတ်ပေးထားသော ပြည်တွင်း ခုတ်မောင်းသောစက်ရေယာဉ်အား စစ်ဆေးပြီးကြောင်း သက်သေခံလက်မှတ်နှင့် ရေယာဉ်အချို့တွင် ချိတ်ဆွဲထားသော ဝန်တင်မျဉ်း(ရေလွတ်မျဉ်း) အကွာအဝေး ဖော်ပြချက်အရ သိရသည်။

ရေလွတ်မျဉ်းထက် ပိုမိုတင်ဆောင်ပါက ရေယာဉ်ကြီးဆိုလျှင် ဆန်အိတ်ရေ ၂၀၀၀၊ ရေယာဉ်ငယ်ဆိုလျှင် အိတ် ရေ ၈၀၀ ဝန်းကျင် ပိုမို တင်ဆောင်နိုင်သည်။ ယခုရက်ပိုင်း ဆန်တန်ဆာခနှုန်းအရ ရေယာဉ်ကြီးဆိုလျှင် ဖောင်း(သစ်သားတန်းအနီ) ရေတိုက်လုနီးပါး တင်ဆောင်ပါက ဝင်ငွေကျပ် ခုနစ်သိန်းဝန်းကျင်၊ ရေယာဉ်ငယ်ဆိုလျှင် ငွေကျပ်နှစ်သိန်းဝန်းကျင် ပိုမိုရရှိလာသည်ဟု ရေယာဉ်ပိုင်ရှင်တစ်ဦးက ပြောသည်။

မော်ကျွန်းမှ ရန်ကုန်သို့ ဆန်တစ်အိတ်တန်ဆာခ ပုံမှန် ငွေကျပ် ၂၅၀ နှုန်းသာ ရှိခဲ့သော်လည်း ဆန်တင်ပို့မှုများလာ၍ ယခုလပိုင်းတွင် ငွေကျပ် ၃၅၀ နှုန်းသို့မြင့်တက်လာသည်။ မိမိဆန်တင်ဆောင်ခွင့်ရရှိရေးအတွက် မြီးဆောင်းငွေအဖြစ် ဆန်တစ်အိတ် ငွေကျပ် ၁၅၀ နှုန်း ထပ်မံပေးဆောင်ရသည်။ ရန်ကုန်ဆိပ်ကမ်းတွင် ဆန်တစ်အိတ်အတွက် မြီးဆောင်းခငွေအပါအဝင် ငွေကျပ် ၅၀၀ ရေယာဉ်သို့ ပေးဆောင်ရပြီး နွေကာလထက် တစ်ဆပိုမိုကုန်ကျလာသည်ဟု ရန်ကုန်ဆိပ်ကမ်းမှ ဆန်အိတ်များထုတ်ယူ၍ ပွဲရုံများသို့ သယ်ဆောင်ပေးနေသည့် ကိုအောင်က ပြောသည်။

မြီးဆောင်းငွေကို ရေယာဉ်ပိုင်ရှင်မှရရှိခြင်းမဟုတ်ဘဲ ရေယာဉ်ကုန်လက်ခံသည့် ဝန်ထမ်းသာ ရရှိခြင်းဖြစ်ပြီး ရေယာဉ်ကုန်ရရှိရေးအတွက် ရေယာဉ်ပိုင်ရှင်မှ ခွင့်ပြုလာခြင်းဖြစ်သည်ဟု သိရသည်။

မော်ကျွန်းမှ ရန်ကုန်အလာခရီးစဉ်တွင်ကုန်တင်ပို့သူက မြီးဆောင်းအပိုငွေပေးနေရသော်လည်း ရန်ကုန်မှ မော်ကျွန်းအပြန်ခရီးတွင် ရေယာဉ်နှစ်စင်း ဗောတံတားတစ်ခုတည်းမှ အပြိုင်ထွက်လျှင် ကုန်လာချသူ(ကားစီးလုံး) များအား တစ်အိတ်လျှင် ငွေကျပ် ၅၀ နှုန်း ပြန်လည်ပေးမှုရှိသည်။ သို့သော် ရန်ကုန်မှ ပစ္စည်းတင်ပို့သူပိုင်ရှင်မှာမူ ကုန်ပစ္စည်းတင်ပို့တန်ဆာခ အပြည့်အဝပေးဆောင်ရပြီး ဆိပ်ကမ်းသို့ ကုန်ချသူသာ ယင်းငွေကို ခံစားရသည်ဟု ရေယာဉ်ကုန်တာဝန်ခံ ဦးညီက ပြောသည်။

ရန်ကုန် ဆန်စျေးကွက်တွင် ဆန်ကြမ်း နွေဆန်တစ်အိတ်လျှင် ငွေကျပ် ၂၀၀၀၀-၂၀၅၀၀ နှုန်း ရှိနေ၍ နယ်မှတင်ပို့မှု များလာသဖြင့် ရေလမ်းခရီးတွင် တန်ဆာခနှုန်း မြင့်တက်မှုအပြင် မြီးဆောင်း အပိုငွေ ထပ်မံပေးနေရခြင်း ဖြစ်သည်ဟု လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။ တန်ချိန် အများအပြားတင် ဆောင်နိုင်သော ရန်ကုန်-မော်ကျွန်း လူစီးခရီးသည်တင် ရေယာဉ်တင် ရေယာဉ်များ ကုန်သင်္ဘောခရီးစဉ်အဖြစ် ပြောင်းလဲပြေးဆွဲနေရာ သင်္ဘောတစ်ခေါက်လျှင် ဆန်အိတ်ရေ ၅၀၀၀ ဝန်းကျင် တင်ဆောင်သော ရေယာဉ်တစ်စင်းလျှင် ဆန်တစ်မျိုးတည်းမှ တန်ဆာခ ငွေကျပ် ၁၅ သိန်းကျော် ရရှိပြီး ရေယာဉ်ဝန်ထမ်းမှာ မြီးဆောင်းခ အပိုဝင်ငွေကျပ် ငါးသိန်းကျော်ရရှိနေသည်ဟု သိရသည်။ **ခင်ဆိုင်**

# ချင်းတွင်းမြစ်ရေဝင်ဒေသများတွင် ရေမြုပ်ခံစပါးငါးမျိုးကို စမ်းသပ်စိုက်ပျိုး

**မုံရွာ ဇွန် ၂၀**

မိုးစပါးစိုက်ပျိုးရာသီတွင် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း ချင်းတွင်းမြစ်ရေဝင် ဒေသများ၌ မိုးစပါးကို မြစ်ရေဝင်ပြီးနောက်ပိုင်းမှစိုက်ပျိုးကြလျက်ရှိရာ မိုးစပါးစိုက်ပျိုးရာသီတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာန(ရေဆင်း)က စမ်းသပ်ထုတ်လုပ်ထားသော ရေမြုပ်ခံစပါးငါးမျိုးအား မော်လိုက်၊ ဖောင်းပြင်၊ မင်းကင်းမြို့နယ်များတွင် စမ်းသပ်စိုက်ပျိုးလျက်ရှိကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေမြုပ်ခံစပါးမျိုးများ စမ်းသပ်စိုက်ပျိုးမှုနှင့်ပတ်သက်ပြီး "တိုင်းဒေသကြီးအတွင်း ဖြတ်သန်းစီးဆင်းတဲ့ ချင်းတွင်းမြစ် တစ်လျှောက်မှာရှိတဲ့ မြစ်ရေဝင်ဒေသတွေမှာ မိုးစပါးကို မြစ်ရေအခြေအနေပေါ် မူတည်ပြီး စိုက်ပျိုးကြတယ်။ ၂၀၁၅ မိုးစပါး စိုက်ပျိုးရာသီမှာ အဲဒီမြစ်ရေဝင် ဒေသတွေမှာ ရေမြုပ်ခံစပါး စမ်းသပ်စိုက်ပျိုးတာပါ။ စမ်းသပ်မယ့် စပါးမျိုးတွေက IR 49830-7-1-2-3၊ IR 84649-129-5-1-B၊ IR 67440-M5-B-1-1-1၊ IR 79207-52-2-3-3 မြီးကောက်(စံထားမျိုး) ငါးမျိုးကို စမ်းသပ်မှာပါ။ အဲဒီစပါးမျိုးတွေကို ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့မှာ စမ်းသပ်စိုက်ပျိုးနေပါပြီ။ စစ်ကိုင်းတိုင်းဒေသကြီးမှာတော့ အခုမှ စမ်းသပ်စိုက်ပျိုးတာပါ။ အခုစမ်းသပ်စိုက်ပျိုးတဲ့မျိုးတွေက ပျိုးထောင်ပြီး ၂၁ ရက်ကနေ ၂၅ ရက်ကြား စိုက်ခင်းတွေကို ပြောင်းစိုက်နိုင်ပါတယ်။ မျိုးစပါးတွေကိုတော့ စိုက်ပျိုးရေးသုတေသန ဦးစီးဌာန(ရေဆင်း)က ထောက်ပံ့ပေးပြီး တိုင်းဒေသကြီးစိုက်ပျိုးရေး ဦးစီးဌာနအနေနဲ့ စိုက်ပျိုးနည်းစနစ်တွေ၊ ဓာတ်မြေဩဇာ စနစ်တကျအသုံးပြုရေး၊ ပိုးမွှားအန္တရာယ်ကာကွယ်ရေး လုပ်ငန်းတွေကို အနီးကပ်ကူညီပေးပါတယ်"ဟု တိုင်းဒေသကြီး စိုက်ပျိုးရေး ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

စစ်ကိုင်းတိုင်း ဒေသကြီး မင်းကင်းမြို့နယ်တွင် ၂၀၁၄ မိုးစပါးစိုက်ရာသီတွင် ဧရာဝတီတိုင်းဒေသကြီးအတွင်း စိုက်ပျိုးလျက်ရှိသော ရေမြုပ်ခံစပါးမျိုး (SWANA-sub-1) ၃၈ ဧက စမ်းသပ်စိုက်ပျိုးခဲ့ရာ တစ်ဧက ပျမ်းမျှ ၈၄ ဒသမ ၅ တင်းထွက်ရှိခဲ့သဖြင့် ယခုနှစ်မိုးစပါးစိုက်ပျိုးရာသီတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာန(ရေဆင်း)က စမ်းသပ်ထုတ်လုပ်ထားသော စပါးငါးမျိုးကို ချင်းတွင်းမြစ်ရေဝင် ဒေသများဖြစ်သော မင်းကင်း၊ မော်လိုက်နှင့် ဖောင်းပြင်မြို့နယ်များတွင် စမ်းသပ်စိုက်ပျိုးခြင်းဖြစ်ကြောင်းသိရသည်။

**ဖိုးချမ်း(မုံရွာ)**

# မြစ်ကြီးနားအကျဉ်းထောင် ကြည့်ရှုစစ်ဆေး

**မြစ်ကြီးနား ဇွန် ၂၀**

ကချင်ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ် ဦးတူးဂျာနှင့် တာဝန်ရှိသူများသည် ဇွန် ၁၇ ရက်က မြစ်ကြီးနားအကျဉ်းထောင်ရှိ အချုပ်သူ အချုပ်သား၊ အကျဉ်းသူ အကျဉ်းသားများကို တွေ့ဆုံခဲ့သည်။

ထို့နောက် နေရာထိုင်ခင်း၊ သက်သာချောင်ချိမှု၊ အစားအသောက် အာဟာရပြည့်စုံမှု၊ မကျန်းမာပါက ဆေးကုသပေးမှု၊ အမျိုးသမီးများကို အကာအရံ အမျိုးသမီး အဖော်အစောင့်အရှောက်တို့ဖြင့် လုံခြုံစွာထားရှိမှု၊ အချုပ်အကျဉ်းကျခံနေရသူများ ရသင့်ရထိုက်သော အခွင့်အရေးများခံစားနိုင်ခြင်း ရှိ မရှိ၊ နှိပ်စက်ညှဉ်းပန်းခြင်း ရှိ မရှိနှင့် အမှုများစစ်ဆေးရာတွင်ကြန့်ကြာမှု မရှိစေရေးတို့နှင့် စပ်လျဉ်း၍ ကြည့်ရှုခဲ့ကြောင်း သိရသည်။ **ဝင်းအောင်**

# ဒေသန္တရ စီမံကိန်း ရည်မှန်းချက်များတာဝန်ပေးအပ်

**သရက် ဇွန် ၂၀**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဒေသန္တရ စီမံကိန်း ရည်မှန်းချက်များတာဝန်ပေးအပ်ပွဲကို ဇွန် ၁၈ ရက် နံနက် ၁၀ နာရီက သရက်ခရိုင် ထွေ/အုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ သရက်ခရိုင် စီမံကိန်းများ ရေးဆွဲ အကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင် က အမှာစကားပြောကြားသည်။

ဆက်လက်၍ သရက်ခရိုင် စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ရေး ဥက္ကဋ္ဌက ခရိုင်အဆင့် ဌာနဆိုင်ရာများနှင့် မြို့နယ်စီမံကိန်းများရေးဆွဲ အကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌများသို့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ဒေသန္တရ စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်သည်။

**ပေါက်ကလေး(သရက်)**

# နမ့်ခမ်းမြို့နယ်၌ မူးယစ်ဆေးဝါးအသိပညာပေးဟောပြော

**နမ့်ခမ်း ဇွန် ၂၀**

မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ်အတွင်းရှိ ပြည်သူများ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန်အတွက် အသိပညာပေးဟောပြောပွဲကို ဇွန် ၁၅ ရက်က ဟိုနောင်ရပ်ကွက် အထက(ခွဲ)၌ ကျင်းပသည်။ ဟောပြောပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်အေးက အမှာစကားပြောကြားခဲ့ပြီး စခန်းမှူး ဒုရဲမှူးခင်အောင်ညီနှင့် တာဝန်ရှိသူများက မူးယစ်ဆေးဝါးအကြောင်းအသိပညာပေး ဆွေးနွေးဟောပြောကာ မူးယစ်ဆေးဝါးအန္တရာယ် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ စာအုပ်၊ စာစောင်များကို တက်ရောက်လာသူများက ကြည့်ရှုခဲ့ကြောင်း သိရသည်။ **မိုင်းစိုး(iprd)**

# ကျေးရွာချင်းဆက် မြေသားလမ်းဖောက်လုပ်

**ပင်လည်ဘူး ဇွန် ၂၀**

နိုင်ငံတော်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး အစီအစဉ်ဖြင့် လမ်းတံတားများ ဆောက်လုပ်ခြင်း၊ ပြုပြင်ခြင်းတို့ ဆောင်ရွက်လျက်ရှိသည်။ စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပင်လည်ဘူးမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ခွင့်ပြုရန်ပုံငွေဖြင့် ရှစ်မိုင်ရှည်သော ပင်လည်ဘူး-ပင်စောက်-ဗဟောက်- ကပ္ပန္နုတ်- ကျွန်းပင်သာ-စင်လောင်-မူလဲကျေးရွာချင်းဆက်လမ်း မြေသားလမ်း ဖောက်လုပ်လျက်ရှိကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# မိုးရာသီကာလ မှိုများပွင့်ချိန် သတိပြုစားသုံးရန်လိုအပ်

**ရေတာရှည် ဇွန် ၂၀**

မိုးရာသီရောက်တိုင်း စွတ်စိုသည့် ရာသီဥတုတွင်သာ ပွင့်လေ့ရှိသော မှိုများသည် ကျေးလက်ဒေသအနှံ့အပြား၌ တွေ့ရှိရပြီး အဆိပ်အတောက်ရှိသော မှိုများပါဝင်ပါက အန္တရာယ်ရှိနိုင်သည့်အတွက် သတိပြု စားသုံးကြရန် လိုအပ်သည်။ တောင်ပို့မှို၊ မြက်ကြားမှို၊ ကောက်ရိုးမှို၊ သရက်တုံးမှို၊ ဖက်ဆွတ်မှို၊ ဝါးရင်းမှိုများကိုသာ အဓိက စားသုံးကြသည်ကို တွေ့ရသည်။ "မှိုတွေက စားသုံးသူများတယ်။ အချို့မှိုတွေက လက်ရှိစားသုံးနေတဲ့မှိုတွေနဲ့ ဆင်တူယိုးမှား ဖြစ်တာတွေရှိတော့ သတိတော့ထားရတယ်။ သင်္ကာမကင်းရင် ရိုးတံကိုခွဲပြီး ဆားနဲ့တို့ကြည့်၊ အရောင်ပြောင်းသွားရင် အဆိပ်အတောက်ဖြစ်နိုင်ပါတယ်" ဟု မှိုနှင့်ပတ်သက်ပြီး အတွေ့အကြုံရှိသူတစ်ဦးက ပြောသည်။



ကျေးလက်ဒေသရှိ ကောက်ရိုးပုံဟောင်းများသည် မိုးဖြိုင်ဖြိုင်ရွာသွန်းသည့်အချိန်၌ မှိုများပွင့်လေ့ရှိကာ မပွင့်ရသေးသော မှိုအငုံများအား စျေးတွင် သွားရောက်ရောင်းချသည့်အခါ လူကြိုက်များသည့်အတွက် တစ်ဆယ်သားလျှင် ငွေကျပ် ၄၀၀ ရရှိကြောင်း ရေတာရှည်မြို့နယ် ဆွာမင်းလမ်းကျေးရွာအုပ်စု အေးသာယာကျေးရွာနေ ဒေသခံတစ်ဦးက ပြောသည်။

**ကိုလွင်(ဆွာ)**

ဆရာကြီးဦးဇေယျ၏ (၁၁၅) နှစ်ပြည့် မွေးနေ့ဂုဏ်ပြုအကြိုဆောင်းပါး

# အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို စာပေစွမ်းအားဖြင့် မြှင့်တင်ပေးခဲ့သော မြန်မာ့ဂန္ထဝင်စာပေပညာရှင် ဆရာကြီးဦးဇေယျ

**စာပေမြင့်မှ လူမျိုးတင့်မည်ဟူသော ဆောင်ပုဒ်သည် နိုင်ငံနှင့်လူမျိုးအတွက် အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်သည်နှင့်အညီ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို စာပေစွမ်းအားမြှင့်တင်ပေးခဲ့သော ဇီးကုန်းမြို့နယ်ဇာတိဖွား ဆရာကြီးဇေယျသည် ၂၀၁၅ ခုနှစ် ဇူလိုင် ၁ ရက်နေ့တွင် (၁၁၅) နှစ်ပြည့်မွေးနေ့သို့ ကျရောက်တော့မည်ဖြစ်ပါသည်။ ဆရာကြီးမရှိတော့သော်လည်း ဆရာကြီး၏ စာပေဂုဏ်ရောင်ထွန်းပြောင်ခဲ့မှု နိုင်ငံနှင့်လူမျိုးအတွက် စာပေဖြင့် တာဝန်ကျေပွန်မှုစသည့် ကျေးဇူးတရားများကို သတိရအောက်မေ့သောအားဖြင့် ကျန်ရစ်သောဆွေမျိုးမိသားစုများ၊ တပည့်များ၊ စာပေမိတ်ဆွေများနှင့် ဇီးကုန်းမြို့နယ် စာရေးဆရာအသင်းကဦးဆောင်၍ ဇူလိုင် ၁ ရက်နေ့တွင် ဆရာကြီးဇေယျ၏(၁၁၅)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အခမ်းအနားကို ဇီးကုန်းမြို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပါသည်။**



**ကိုသက်(ဇီးကုန်း)**

ဆရာကြီးဦးဇေယျကို ၁၉၀၀ ပြည့်နှစ် ဇူလိုင် ၁ ရက်နေ့က ဇီးကုန်းမြို့တွင် ရွှေစလွယ်ရသစ်တော ဝန်ထောက်ကြီး ဦးခလယ်၊ ဒေါ်ရွှေကြိုတို့မှ ဖွားမြင်ခဲ့သည်။ ငယ်နာမည်မှာ ယောရှုဖြစ်ပြီး နောက်ပိုင်း မောင်ယော ဟုအမည်တွင်သည်။ ငယ်ရွယ်စဉ်က ဇီးကုန်းမြို့ ABM (အမေရိကန်နှစ်ခြင်းခရစ်ယာန်အသင်းတော်) အလယ်တန်းကျောင်းတွင် ကျောင်းစတက်ခဲ့သည်။ ၁၄ နှစ်သားအရွယ်တွင် ဇီးကုန်းမြို့ ဘုရားကြီးတိုက် ရွှေတောင်ကျောင်းဆရာတော်ထံ၌ သာမဏေပြုခဲ့သည်။ ၁၀ တန်းအောင်၍ သာယာဝတီမြို့ ABM အထက်တန်းကျောင်းသို့ ပြောင်းရွှေ့ပညာသင်ကြားခဲ့သည်။ ၁၉၁၈ ခုနှစ်တွင် ရှစ်တန်းအောင်ပြီးနောက် ပြည်မြို့အစိုးရအထက်တန်းကျောင်းတွင် ကျောင်းအိပ်ကျောင်းစားနေခဲ့သည်။ ငယ်စဉ်က ကျောင်းကပွဲ ပြဇာတ်များကပြရာတွင် ဝါသနာပါ၍ ဝင်ရောက်ကပြရာ ပရိသတ်များ သဘောကျနှစ်ခြိုက်၍ အားပေးခြင်းခံခဲ့ရသည်။ ၁၉၂၀ ပြည့်နှစ် မေလတွင် အင်္ဂလိပ်စာ၊ ပထဝီ၊ ကျန်းမာခြင်း ဂုဏ်ထူးသုံးခုဖြင့် ၁၀ တန်းစာမေးပွဲကို အောင်မြင်ခဲ့လေသည်။

ထို့နောက် ရန်ကုန်မြို့သို့ တက်လာပြီးနောက် မိတ်ဆွေတစ်ဦး၏အကူအညီဖြင့် မြန်မာအဆွေကုမ္ပဏီတွင် တစ်လလျှင် ငွေကျပ် ၅၀ နှုန်းဖြင့် အလုပ်ရခဲ့သည်။ ထိုမဂ္ဂဇင်းတိုက်တွင် စက္ကူဖြတ်ခြင်း၊ စာမူစုခြင်း၊ ရုပ်ပုံဆွဲခြင်းများကို စတင်လုပ်ကိုင်ရသည်။ ဆရာဇေယျ ရန်ကုန်သို့ရောက်၍နှစ်လအကြာ ဒဂုန်မဂ္ဂဇင်း ထွက်ပေါ်လာသည်။ ထိုမဂ္ဂဇင်းတွင် ဆရာဇေယျ၏ "ဗိုလ်ရန်အောင်"အမည်ဖြင့် ဝတ္ထုစတင်ပါလာခဲ့ပါသည်။ စာရေးဆရာ၏ ဘဝအစနိဒါန်း ကလောင်အမည်ဇေယျဖြင့် ဗိုလ်ရန်အောင်ဝတ္ထုမှာ ပထမဆုံးအကြိမ်ဖြစ်သည်။ ကလောင်အမည်ရွေးချယ်ရာတွင် အစပထမ၌ "ခေတ္တရာမောင်" ကိုရွေးချယ်ထားရာ လုပ်ဖော်ကိုင်ဖက်များက မကြိုက်ကြသဖြင့် ဂျဒ်ဆင်မြန်မာအင်္ဂလိပ်အဘိဓာန်မှ စာမျက်နှာတစ်ခုကို ကံအားလျော်စွာ လှန်ကြည့်၍ ကလောင်အမည်ကို လက်ထောက်ရွေးလိုက်ရာ ယင်း စာမျက်နှာပေါ်တွင် ဇေယျ Victory စာလုံးကို တွေ့လိုက်ရသဖြင့် ဇေယျဟူသည် အောင်မြင်ခြင်း အဓိပ္ပာယ်ရသောကြောင့် ထိုအမည်ကိုပင် နှစ်သက်သဘောကျစွာရွေးချယ်လိုက်လေသည်။ ဤသို့ဖြင့် ဗိုလ်ရန်အောင်ဝတ္ထုတို၏အဆုံးတွင် ဒဂုန်ဇေယျအမည်ဖြင့် ပါရှိခဲ့လေတော့သည်။

ဆရာဇေယျ၏ပွဲဦးထွက် ဗိုလ်ရန်အောင်ဝတ္ထုထွက်လာပြီး နှစ်လအကြာ အသက် (၄၅ နှစ်)ခန့် နှုတ်ခမ်းမွေးကောင်းကောင်း ရုပ်ရည်သန့်သန့်နှင့် လူကြီးတစ်ယောက် မဂ္ဂဇင်းတိုက်သို့ရောက်ရှိလာ၏။

"ဟေ့ ဗိုလ်ရန်အောင်ဝတ္ထုကို ရေးတာမင်းလား။"

"ဟုတ်ကဲ့ပါခင်ဗျာ။"

"အေးကောင်းတယ်ကွ၊ နောက်ထပ် တစ်ပုဒ်ရေးဦးကွာ မြန်မြန် လူတွေကစောင့်နေကြတယ်။"

"ဟုတ်ကဲ့ ကျွန်တော် ကြိုးစားပါ့မယ် ဆရာကြီးခင်ဗျာ" ဟု ပြောခဲ့သည်။

ဆရာဇေယျအား ချီးမွမ်းပြောဆိုခဲ့သော ပုဂ္ဂိုလ်ကြီးမှာ ရွှေတောင်ဆရာလွန်း (ခ) ဆရာကြီး သခင်ကိုယ်တော်မှိုင်းဖြစ်ကြောင်းနောက်မှ သိလာရသည်။ (နောင်သောအခါ ဆရာဇေယျမှာ ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ တပည့်သားသမက်တစ်ဦး ဖြစ်လာခဲ့သည်။)

ဆက်လက်၍ မဲဇာရွှေလီ၊ ရွှေလုံ့ဗိုလ်၊ သိန်းလေးဆယ်၊ နီလာရောင် ရာဇဝင်ဝတ္ထုများ၊ တောကြီးမာယာ၊ ဆောင်းဟေမာန်လုံးချင်းဝတ္ထုများ၊ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော ဘားမားအော့ဘ်ဇားဗားသတင်းစာနှင့် ရန်ကုန်မေသတင်းစာများသို့ ကဗျာ၊ ဆောင်းပါးများ ဆက်တိုက် ရေးသားပေးပို့ခဲ့သည်။ ဆရာကြီးဇေယျ၏ နာမည်ကြီး ဝတ္ထုတစ်ပုဒ်မှာ မြတ်လေးရွှေခားဗိုလ်ဖြစ်သည်။ ယင်းဝတ္ထု သည် ခေတ်အလိုက်နှင့်ကိုက်ညီသည်သာမက မြန်မာအမျိုးသားများဇာတိသွေး၊ ဇာတိမာန်စိတ်များ ထကြွနိုးကြားလာစေရန် ထိရောက်သောကဏ္ဍမှ ပါဝင်ခဲ့သည်။ မြန်မာစာဖတ်ပရိသတ်၏နှုတ်ဖျား၌လည်း အလွန်ရေပန်းစားသော ဝတ္ထုကောင်းတစ်ပုဒ် ဖြစ်ခဲ့သည်။

